Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.73(1228-1242)
ရှေးနတ်ဆိုးဝံပုလွေတောင်တန်းနှင့်

စစ်ပွဲကြီး(အပိုင်း-7)

…………………

၁၂၂၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၈ - နတ်မိစ္ဆာဝက်ဝံကလန်

တံခါးဝမှ လှမ်းထွက်လိုက်သည်နှင့်
ယန်ယဲ့၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။အဘယ်ကြောင့်ဆို
သော် သူ့အမြင်အာရုံသည် ကွဲလွဲနေပြီး
သူ့မျက်စိရှေ့မှ မြင်ကွင်းတစ်ခုလုံးဟာ
ချက်ချင်း ပြောင်းလဲသွားသောကြောင့်ပင်။

သိပ်မကြာလိုက်ပါဘဲ၊ သူသည်
မီးခိုးရောင်ကမ္ဘာတစ်ခုထဲ၌ ပေါ်လာပြီး
သူ့ရှေ့တွင် ရှန်းယွန်ရှီ ရပ်နေကြောင်းပါ
သတိထားမိလိုက်လေသည်။

ရှန်းယွန်ရှီ၏ ဘေးနားတွင်မူ အခြားအဘိုးအို
၄ ယောက် ရှိနေပါသည်။
ဒီအခိုက်အတန့်တွင် ယန်ယွဲ့သည်
နည်းပြဆရာကျူး နှင့်အတူရှိနေတတ်သော
အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်ဦး
ပျောက်နေသည်ကို သတိပြုမိလိုက်သည်။

ထို့အပြင် လက်ရှိမှာ ဌာနမှူးနှင့်
အာဏာပိုင်များ၏ မျက်နှာများသည်
အလွန်ဖြူဖျော့နေကာ သူတို့၏
အော်ရာများက မတည်မငြိမ် ဖြစ်နေသည်။

ရှန်းယွန်ရှီက "ကောင်လေး၊
ကျေးဇူးတင်ပါတယ်"

ယန်ယဲ့က အံ့သြသွားသည်။

ရှန်းယွန်ရှီက "မင်းမြို့ထဲမှာရှိနေပေးလို့ ကျေးဇူးတင်ပါတယ်။ မင်းအတွက်သာမဟုတ်ရင် ငါတို့ရဲ့မြို့ကို ဆုံးရှုံးခဲ့တာကြာပြီ။ ပြောစရာမလိုပါဘူး.... ကလေး၊ ငါတို့က ကျေးဇူးကန်းတဲ့လူ မဟုတ်ဘူး။ ဒီအကြွေးကို ငါတို့သေချာပေါက် မှတ်ထားမှာပါ”

ယန်ယဲ့က "အကြီးအကဲ၊ မင်းတကယ်မှတ်ထားရင် ငါ့ကို

နတ်ဘုရားအဆင့် နည်းစနစ် ၂ ခု
ထပ်ပေးလို့ရတယ်"

ရှန်းယွန်ရှီက ရယ်မောပြီး "ကလေး၊
လွယ်လွယ်နဲ့ ရတယ်လို့ မင်းထင်လား။ ငါတို့
အကယ်ဒမီမှာတောင် နတ်ဘုရားအဆင့်
နည်းစနစ် ၅ ခုပဲ ရှိတယ်။ အဲဒါကို ငါတို့က
မင်းကိုပေးဖို့ ငြင်းတာမဟုတ်ဘူး၊ ဒါပေမဲ့
အဲဒီနည်းစနစ်တွေက မင်းကို
မိန်းကလေးဖြစ်ရမယ် ဒါမှမဟုတ်
ကျင့်ကြံဖို့ နတ်ခန္ဓာကိုယ်ထည်တွေ

ပိုင်ဆိုင်ထားရမယ်။ ဒါကြောင့် သူတို့ကို မင်းကို ပေးရတာ အခိပ္ပါယ်မရှိဘူး”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “မင်းတို့မှာ နည်းစနစ်မရှိရင် ကောင်းပါတယ်။ ဒါဆိုရင် မူလခရမ်းရောင်သလင်းကျောက်တုံးတွေ၊ နတ်ဘုရားအဆင့်ရတနာတွေ ဒါမှမဟုတ် တခြားအဖိုးတန်ရတနာတွေကော ဘယ်လိုလဲ။  ငါ သူတို့ကို ငြင်းမှာ မဟုတ်ဘူး"

ရှန်းယွန်ရှီ အပါအဝင် အာဏာပိုင်များလည်း ပါးစပ်ထောင့်များ တွန့်ကွေးသွားကာ ယန်ယွဲ့ကို အနိုင်မယူနိုင်သလို ခံစားလိုက်ရသည်။

ရှန်းယွန်ရှီက “ဒါကို လောလောဆယ် မပြောပါရစေနဲ့။မင်းငါ့အတွက် တစ်ခုခုလုပ်ပေးစေချင်တာကြောင့် ဒီကိုခေါ်လာခဲ့တာ"

ယန်ယဲ့က "ငါ့အတွက်
လုပ်စရာတစ်ခုခုရှိလား"

ရှန်းယွန်ရှီ၏ အမူအရာသည် အနည်းငယ်
ဆိုးရွားသွားသည် ။ တစ်ချိန်တည်းမှာပဲ
ယန်ယဲ့က သက်ပြင်းချကာ "ခုနတုန်းက
ငါနောက်နေတာပါ။ ဘာပဲ ဖြစ်ဖြစ်၊ ငါတို့က
အခု
တစ်လှေတည်းစီးနေတယ်။တိမ်ပင်လယ်အ
ကယ်ဒမီကို စစ်ရှုံးအောင်လုပ်ခွင့်ပေးတာက
ဘာအကျိုးမှ မရှိဘူးလေ။ ငါ့အတွက်ကော

ဘာမှ အမြတ်ရမဲ့အပြင်
ဒုက္ခပါရောက်လိမ့်ဦးမယ်။ ဒါကြောင့်
စီနီယာရှန်းက ငါ့ကို တစ်ခုခုလုပ်ဖို့
လိုအပ်လာရင် ငါတတ်နိုင်တဲ့အရာဆို
ငြင်းမှာ မဟုတ်ဘူး”

တိမ်ပင်လယ်အကယ်ဒမီ သာ
စစ်ရှုံးသွားပါက သူ့အနေနှင့်
အန္တရာယ်ကင်းကင်းလွတ်မြောက်နိုင်မည်မ
ဟုတ်ကြောင်း ယန်ယဲ့လည်း
သဘာဝကျကျသိထားပါသည်။

အကယ်၍ တိမ်ပင်လယ်အကယ်ဒမီ
ကျရှုံးပါက တာအိုအမိန့်တော် နှင့်
ရှေးဟောင်းဓားကျောင်းတော် တို့ဟာ
ကောင်းကင်ဘုံနတ်ဘုရားခန်းမ နှင့်
နတ်ဆိုးမျိုးနွယ်ကို
ရပ်တန့်နိုင်မည်မဟုတ်ပါ။ ထိုအချိန်တွင်
အန်နန်ကျင်းကို ကယ်တင်ဖို့ မပြောနှင့်
သူကိုယ်တိုင်ပင် အသက်ရှင်ဖို့ မဖြစ်နိုင်ပေ။

ရှန်းယွန်ရှီ နှင့် အာဏာပိုင်များလည်း
ယန်ယဲ့၏ ဒီစကားကို ကြားသောအခါ

သူတို့၏မျက်နှာက နွေးထွေးလာကာ
နှလုံးသားထဲ၌
အလွန်ကျေးဇူးတင်မိသွားကြသည်။

ရှန်းယွန်ရှီက "ကလေး၊ ငါ့အကယ်ဒမီက
နောင်မှာ မင်းလိုအပ်တာမှန်သမျှ
ကူညီပေးမယ်လို့ ကတိပေးတယ်"

ယန်ယဲ့က ပြုံးပြီး “အကြီးအကဲရှန်း၊ မင်း
ငါ့ကို ဘာလုပ်စေချင်တာလဲ ပြောပါ။
ငါတို့ရင်ဆိုင်နေရတဲ့ ဒီအန္တရာယ်ကို

မဖြေရှင်းနိုင်ရင် တခြားအရာအားလုံးဟာ အဓိပ္ပါယ်မဲ့တယ်”

ရှန်းယွန်ရှီက ခေါင်းညိတ်ပြီး လေးနက်စွာပြောသည်။ “မင်းလည်း လက်ရှိအခြေအနေကို ပိုင်းခြားသိမြင်နေတာ သေချာပါတယ်။ ငါတို့ဖက်မှာ တပ်ဖွဲ့အင်အားက ရွှေနတ်ဆိုးဝံပုလွေကလန်၊ ကောင်းကင်ဝါးမျိုးစပါးအုံးကလန် နဲ့ သံမဏိမျောက်ဝံကလန် တို့ထက်

အများကြီးအားနည်းတယ်။ ဒီအချိန်မှာ
အဆုံးအဖြတ်တိုက်ပွဲက ရောက်နေပြီလို့
ဆိုနိုင်တယ်။ တကယ်လို့ အခုနေများ
ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
ပညာရှင်တွေသာ ရောက်လာခဲ့ရင်
ငါတို့အကယ်ဒမီက သေချာပေါက်
ပျက်စီးသွားလိမ့်မယ်"

ယန်ယဲ့က "အကြီးအကဲရှန်း၊ ဒါဆို မင်းမှာ
အစီအစဉ်ရှိလား"

ရှန်းယွန်ရှီက ခေါင်းညိတ်ပြီး "ငါတို့လည်း အကူအညီရမှာပေါ့"

ယန်ယဲ့က "ဘယ်သူလဲ"

ရှန်းယွန်ရှီက "နတ်မိစ္ဆာဝက်ဝံမျိုးနွယ်"

"နတ်ဆိုးသားရဲမျိုးနွယ်စုလား" ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "တခြားနတ်ဆိုးမျိုးနွယ်ဝင်တွေကို တိုက်ခိုက်ဖို့ သူတို့က ကူညီပေးမှာလား"

"ကောင်းကင်ဘုံနတ်ဘုရားခန်းမက နတ်ဆိုးမျိုးနွယ်ကို ကူညီနေတယ်။ ဒီတော့ နတ်ဆိုးမျိုးနွယ်က နတ်ဆိုးသားရဲတွေကို တိုက်ခိုက်ဖို့ ဘယ်လိုကြောင့် ငါတို့ကိုက မကူညီရမှာလဲ" ရှန်းယွန်ရှိုက ထူးဆန်းသောမေးခွန်းနှင့် ပြန်ဖြေသည်။

“မှန်တယ်” ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ဒါပေမဲ့ အကြီးအကဲရှန်း၊ ငါတို့က နတ်မိစ္ဆာဝက်ဝံဘုရင်ကို ယုံနိုင်မလား"

“မဟုတ်ဘူး” ရှန်းယွန်ရှီက ခေါင်းခါလိုက်ပြီး "အတိအကျပြောရရင် ငါသူတို့ကို ကောင်းကောင်းမသိဘူး"

ယန်ယဲ့၏ မျက်နှာသည် တင်းမာသွားကာ "ဒါဆို မင်းဘာပြောဖို့ ကြိုးစားနေတာလဲ"

ရှန်းယွန်ရှီက "အဲဒါကြောင့် မင်းကို ဒီကို ခေါ် ခဲ့တာ။မင်းက နတ်မိစ္ဆာဝက်ဝံကလန်

ကို ငါတို့ဖက်ပါအောင်ဆွဲခေါ်ပြီး
ကူညီပေးနိုင်မယ်လို့ ငါမျှော်လင့်ပါတယ်”

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး
"မင်းပြောတာက မင်းဟာ
နတ်မိစ္ဆာဝက်ဝံကလန်ရဲ့
သိုင်းသူတော်စင်တွေကို မသိလို့
ငါတို့ရန်သူတွေကို တွန်းလှန်ဖို့ သူတို့ကို
ငါကစည်းရုံးပေးစေချင်တယ်"

ရှန်းယွန်ရှီက ခေါင်းညိတ်လိုက်သည်။

“နောက်နေတာ ရပ်လိုက်ပါ” ယန်ယဲ့က ဆက်ပြောလိုက်သည်

"မင်းတို့အားလုံးလည်း နတ်မိစ္ဆာဝက်ဝံကလန် ကို ကောင်းကောင်းမသိဘူး၊ ငါလည်း သူတို့ကို လုံးဝ မသိဘူး"

ရှန်းယွန်ရှီက လက်ဝါးကို လှန်လိုက်ရာ သူ့လက်ထဲ၌ အနက်ရောင်ဝက်ဝံအစွယ်တစ်ခု

ပေါ်လာသည်။ သူက
"ဒါအနက်ရောင်အစွယ်က
လွန်ခဲ့တဲ့နှစ်တွေတုန်းက
ငါထင်းရှူးစီရင်စုကို
ပထမဆုံးရောက်တဲ့အချိန်မှာ
ဝက်ဝံမျိုးနွယ်ရဲ့နောက်ဆုံးဘုရင်ကို
မတော်တဆ ကူညီခဲ့မိတယ်။ သူက
ကျေးဇူးဆပ်တဲ့အနေနဲ့ ဒါကို ပေးခဲ့တယ်။
ပြောချင်တာက ဝက်ဝံကလန်မှာ ငါ့ကို
ကျေးဇူးဆပ်ဖို့ရှိတယ်။ ဒါကြောင့် သူတို့ကို

အဲဒီကျေးဇူးကြေး ပြန်တောင်းဖို့ မင်းက အဲဒီကို သွားရမယ်”

ယန်ယွဲ့၏ အမူအရာသည် အနည်းငယ် သက်သာရာရသွားပြီး "ဒါက ကြီးမားတဲ့ ကျေးဇူးပဲလား"

ရှန်းယွန်ရှီက မျက်နှာတွင် ပုံမှန်မဟုတ်သော အမူအရာအချို့ပေါ်လာသော်လည်း ခဏအကြာတွင် ပုံမှန်ဖြစ်သွား၏။ သူက ယန်ယွဲ့ကို ပြောလိုက်သည်။

"အဆင်ပြေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ကို ကူညီဖို့ သိုင်းသူတော်စင် ၁ ဦး ဒါမှမဟုတ် ၂ ဦးလောက် စေလွှတ်ပေးဖို့က သူတို့အတွက် ပြဿနာမဖြစ်သင့်ဘူး"

ယန်ယဲ့က ရှန်းယွန်ရှီကို သံသယစိတ်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး "အကြီးအကဲ၊ မင်းဘာလို့
ကိုယ့်ဘာသာကိုယ်မသွားတာလဲ"

"ငါသွားနေတုန်း
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
အလစ်အငိုက်ဖမ်းတိုက်ခိုက်လာရင်
ဘာဖြစ်မလဲ" ရှန်းယွန်ရှီက
ဆက်ပြောသည်။ "ငါတို့အားလုံး မြို့ထဲက
မထွက်ရဲကြဘူး၊ မင်းအပြင် ဒီမြို့ကို
ကာကွယ်ဖို့ဆိုတာ ဘယ်သူ့မှာမှ
ခွန်အားမရှိတော့ဘူး။ ဒါဆို
မင်းလုပ်မှရမယ်"

ယန်ယဲ့က

အချိန်အတော်ကြာစဉ်းစားနေပြီးနောက်မှ

စကားပြန်ပြောလိုက်၏။

"ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့

တပ်ဖွဲ့တွေက ဘယ်အချိန်လောက်ဆို

ရောက်လာနိုင်မလဲ"

ရှန်းယွန်ရှီက "အနည်းဆုံး သုံးရက်။

ဘာကြောင့်လဲဆိုတော့ ငါတို့က

ကြယ်တာယာပတ်လမ်းမြို့ရဲ

ပေါ်တယ်စနစ်တွေကို ဖျက်ဆီးပစ်ခဲ့တယ်။

ဒီတော့ အဲဒါကို ပြန်ပြီးပြုပြင်ဖို့ဆိုရင်
အနည်းဆုံး ၃ ရက်လောက်
အချိန်ပေးရမယ်။ တစ်နည်းပြောရရင် မင်း
ငါတို့ကို အကူညီပေးဖို့
နတ်မိစ္ဆာဝက်ဝံကလန်ရဲ့အကူအညီကို ၃
ရက်အတွင်း မရနိုင်ရင် ငါတို့ရဲ့
အလောင်းတွေကို မင်းသင်္ဂြိုလ်နိုင်တယ်"

ယန်ယဲ့က သူ့လက်ထဲ ရောက်လာသည့်
အနက်ရောင်ဝက်ဝံအစွယ်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဝက်ဝံမျိုးနွယ်က ဒီအစွယ်ကိုမြင်ရင် တကယ်လုပ်မှာလား"

"ငါအာမမခံနိုင်ဘူး" ရှန်းယွန်ရှီက ဆက်ပြောလိုက်လေသည်။

“နောက်ဆုံးတော့ ဒါဟာ ဝက်ဝံကလန်ရဲ့ ဘုရင်ဟောင်းက ပေးထားတဲ့ ကျေးဇူးပဲ ။ တိုတိုပြောရရင် ဒါဟာ ငါတို့ရဲ့ နောက်ဆုံးအခွင့်အရေးပဲ၊ အဲဒါကို ငါတို့ ကြိုးစားကြည့်ရမယ်။ ဟုတ်တယ်မလား"

ယန်ယဲ့က အကြာကြီး လေးလေးနက်နက် စဉ်းစားပြီး ခေါင်းညိတ်ကာ "ဒါဆို ငါလုပ်မယ်"

ရှန်းယွန်ရှီ နှင့် အာဏာပိုင်များလည်း သက်ပြင်းချလိုက်ကြသည်။ ရှန်းယွန်ရှီက “အခုကနေစလို့ နောက် ၃ရက်အတွင်း အကူအညီမရရင် မင်းပြန်မလာသင့်ဘူးဆိုတာ သတိရပါ။ ဘာကြောင့်လဲဆိုတော့ မင်းပြန်လာခဲ့ရင် ကိုယ့်ကိုယ်ကို

သေလမ်းပို့တာပဲဖြစ်လိမ့်မယ်။
နားလည်လား"

ယန်ယွဲ့က “ငါ အကောင်းဆုံးကြိုးစားမှာပါ"

ရှန်းယွန်ရှီက “ဒါဆို
အခုချက်ချင်းသွားလိုက်ပါ။ ငါ မင်းကို
အဲဒီကို လိုက်ပို့ပေးမယ်"
စကားပြောပြီးသည်နှင့် သူ့ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ ယန်ယွဲ့သည်ချက်ချင်းပင်
ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ပျောက်သွားသည်နှင့်
ဦာနမှူး၏နံဘေးမှာ ရပ်နေသော
နည်းပြဆရာကျူး က "အစ်ကိုရှန်း၊ သူ့ကို
ဒီလိုလှည့်စားတာ တကယ်ကောင်းလား"

ရှန်းယွန်ရှီ၏မျက်နှာသည် အေးခဲသွားပြီး၊
ထို့နောက် ခေါင်းယမ်းကာ
အကူအညီမဲ့သောလေသံဖြင့်
ရယ်မောလိုက်သည်။ "ဒါက ငါတို့ရဲ့
နောက်ဆုံးအခွင့်အရေးပဲ။ အဲဒီလူ ရှောင်ဘာ

က ငါ့အပေါ်

မကျေမနပ်ဖြစ်နေသေးတယ်ဆိုရင်တောင်

ယန်ယဲ့ကို ဆန့်ကျင်တဲ့ အတိုင်းအတာအထိ

မဟုတ်ဘူး။ အများဆုံးကတော့ သူ့ကို

နှင်ထုတ်လိမ့်မယ်”

နည်းပြဆရာကျူး က လေးနက်စွာ

ထပ်ပြောလိုက်သည် "အဲလောက်

မရိုးရှင်းဘူးထင်ပါတယ်။ တခြားသူ သွားရင်

ကောင်းလိမ့်မယ်။ ဒါပေမဲ့ အဲဒီလူက

ယန်ယွဲ့ဆိုရင်၊ သူက တစ်ခုခုတော့
ဒုက္ခပေးလိမ့်မယ်"

ရှန်းယွန်ရှီက တိုးတိုးလေး
သက်ပြင်းချလိုက်ပြီး "ဒါကြောင့် ငါ သူ့ကို
သွားခိုင်းလိုက်တယ်။ ငါ တခြားသူကို
ပို့လိုက်ရင် အဲဒီလူက ငါတို့ကို
အကူအညီတောင်းပေးဖို့ နေနေသာသာ
ရှောင်ဘ ရှေ့မှာ
ကြောက်လန့်သွားလိမ့်မယ်။ ယန်ယွဲ့ကပဲ

အခွင့်အရေးရှိနိုင်တယ်။
သူအောင်မြင်မယ်လို့ပဲ ငါမျှော်လင့်ပါတယ်”

နည်းပြဆရာကျူး က သက်ပြင်းချကာ
"မျှော်လင့်ပါတယ်လေ..."

“တတ်နိုင်သမျှ
မြန်မြန်အားပြန်ဖြည့်ရအောင်။
ဒီတစ်ကြိမ်က ငါတို့အတွက်
နောက်ဆုံးတိုက်ပွဲ
ဖြစ်ကောင်းဖြစ်သွားနိုင်တယ်"

၁၂၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၉ - ငါ့ကို "မေ့လျော့ခြင်းကေရီ" လို့ခေါ်ကြတယ်

...

တိမ်ပင်လယ်မြို့တော်၏ အပြင်ဖက်....။

ယုဝယရှမ်က လက်ထဲတွင်
မြေခွေးဖြူလေးတစ်ကောင်ကို
ပွေ့ချီထားသည့် အမျိုးသမီးငယ်ကို
စိုက်ကြည့်ကာ "နင့်နာမည်ဘယ်လိုခေါ်လဲ"
ဟုမမေးခင်အချိန်အတော်ကြာမှ
အမျိုးသမီးငယ်ကို
သေချာလေးကြည့်လိုက်သည်။

အမျိုးသမီးငယ်က မပြောခင်
ခဏလောက်တုံ့ဆိုင်းသွားပြီးမှ "သူတို့က

ငါ့ကို မေ့လျော့ခြင်းကေရီ လို့ခေါ်တယ်”ဟု ပြန်ဖြေသည်။

"မေ့လျော့ခြင်းကေရီ လား" ယုဝူရှမ်က အတော်လေး အံ့အားသင့်သွားသည်။ သူမ၏ မျက်လုံးများတွင် အံ့အားသင့်ဟန်များပေါ်လာကာ "ဒါက တော်တော်ထူးဆန်းတဲ့ နာမည်ပဲ"

မေ့လျော့ခြင်းကေရီက "ယန်ယဲ့ ဒီမှာလား"

"နင် သူနဲ့ ဘယ်လိုဆက်ဆံရေးရှိတာလဲ"
ယုဝူရှမ်က သူမကို စိုက်ကြည့်ရင်း
“ငါ့ကိုပြောပြရင် သူဘယ်မှာရှိတယ်ဆိုတာ
ပြောပြပေးမယ်”

မေ့လျော့ခြင်းကေရိက ခဏတာ
ငြိမ်သက်သွားပြီး “ငါ သူ့ကို လိုက်ရှာနေတာ
ကြာပါပြီ၊ တကယ်ကို ကြာပါပြီ။ ဒါပေမဲ့
သူက မြန်လွန်းတဲ့အတွက် သူ့ကို
လိုက်မမီနိုင်ဖြစ်နေတယ်။ အခု
သူဘယ်မှာရှိနေလဲ ပြောပြပါဦး”

ယုဝ္ရွမ်က အနည်းငယ် မျက်ခုံးပင့်ကာ
"သူက နင့်အတွက်
တကယ်အရေးကြီးတာလား"

မေ့လျော့ခြင်းကေရိက သူမ၏ ရင်ခွင်ထဲမှ
မြေခွေးဖြူလေးကို ငုံ့ကြည့်ကာ
ခေါင်းညိတ်သည်။

"အဲ့ဒါလေးက အရမ်းချစ်ဖို့ကောင်းတာပဲ"
ယုဝ္ရွမ်က သူ့ကိုယ်သူကြားရုံလောက်သာ

ရေရွတ်လိုက်ပြီး မေ့လျော့ခြင်းကေရီ ကို ကြည့်ကာ "သူ့ကို ဉာနမှုးက မစ်ရှင်တစ်ခု စေလွှတ်လိုက်လို့ ၂ ရက်ကြာမှ ပြန်လာမှာပါ။ နင်ဘာလို့ ငါနဲ့အတူ မြို့ထဲကို လိုက်မလာတာလဲ။ ငါ နင့်ကို အခန်းတစ်ခုပေးထားမယ်။ သူပြန်လာတာနဲ့တွေ့ဖို့ ချက်ချင်းခေါ်သွားမယ်။ အဆင်ပြေလား"

မေ့လျော့ခြင်းကေရီက အတော်လေး ချီတုံချတုံ ဖြစ်နေသော်လည်း ယုဝူရွှမ်က

ဆက်ပြောလိုက်လေသည်။ "စိတ်မပူပါနဲ့၊ ငါ သူ့ကို ကောင်းကောင်းသိပါတယ်။ သူလုပ်ခဲ့တာတွေအတွက် သေချာပေါက် တာဝန်ယူမှာပါ။ သူ နင့်ကို ရှောင်နေတာ သေချာတယ်ဆိုရင် နင်တို့နှစ်ယောက်ကြားက နားလည်မှု တစ်ခုခုလွဲနေလို့ပဲ ဖြစ်ရမယ်။ နားလည်မှုလွဲတာ ပြေလည်သွားရင်တော့ ကောင်းပါတယ်။”

မေ့လျော့ခြင်းကေရီက ခဏတုံ့ဆိုင်းသွားပြီး "သူတကယ်ပြန်လာမှာလား" ဟုပြောလိုက်သည်။

ယုဝူရှမ်က ခေါင်းညိတ်သည် "ဒါပေါ့၊ သူ သေချာပေါက် ပြန်လာမှာပါ"

မေ့လျော့ခြင်းကေရီက ခဏလောက်စဉ်းစားပြီး ခေါင်းညိတ်ပြလိုက်သည်။ "ကောင်းပြီ၊ ဒါဆိုသူပြန်လာတာကို ဒီကစောင့်နေမယ်"

ယုဝူရှမ်က ပြုံးပြီး "လာ၊ မြို့ထဲ သွားရအောင်။ နင့်ကို လူတိုင်းနဲ့ မိတ်ဆက်ပေးမယ်။ နောင်ကျရင် မိတ်ဆွေတွေတောင် ဖြစ်ကောင်းဖြစ်လိမ့်မယ်"

စကားပြောပြီးနောက် ယုဝူရှမ်က နောက်လှည့်၍ မြို့ထဲသို့ လျှောက်သွားသည်။

မေ့လျော့ခြင်းကေရီက ယုဝူရှမ်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
သူမ၏ရင်ခွင်ထဲမှ မြေခွေးဖြူလေးကို
ညင်သာစွာ ပွတ်သပ်ကာ "အားလီ၊ ငါတို့
မကြာခင် ပြန်သွားနိုင်မှာပါ" ဟု
ပြောခဲ့သည်။

စကားပြောပြီးသည်နှင့် သူမက ယုဝူရှမ်၏
နောက်ကနေ မြို့ထဲသို့ လိုက်ပါသွားခဲ့သည်။

ထင်းရှူးစီရင်စု၏ တောင်ပိုင်းဒေသ၌
အင်အားကြီး နတ်ဆိုးမျိုးနွယ်စု(၅)ခု
ရှိခဲ့သည်။ ၎င်းတို့ကား
ရွှေနတ်ဆိုးဝံပုလွေကလန်၊
ကောင်းကင်ဝါးမျိုစပါးအုံးကလန်၊
သံမဏိမျောက်ဝံကလန်၊
နတ်မိစ္ဆာဝက်ဝံကလန် နှင့်
နှင်းကျားသစ်ကလန် တို့ဖြစ်ကြသည်။
ထိုအထဲတွင် နှင်းကျားသစ်ကလန်က
အထူးခြားဆုံးနတ်ဆိုးမျိုးနွယ်ဖြစ်၏။

၎င်းတို့က တစ်ချိန်လုံး နှင်းထူထပ်သော တောင်များတွင် နေထိုင်ကြသည်။

သို့သော်လည်း နတ်ဆိုးမျိုးနွယ်စု (၅) ခုတွင် အစွမ်းထက်ဆုံးမဟုတ်ခဲ့ပေ။ အစွမ်းထက်ဆုံး နတ်ဆိုးမျိုးနွယ်စုက နတ်မိစ္ဆာဝက်ဝံကလန် ပင်တည်း။ အထူးသဖြင့် နတ်မိစ္ဆာဝက်ဝံကလန်၏ မြေကမ္ဘာအဆင့် ဝက်ဝံများ။ မွေးရာပါစွမ်းရည်ကို နားလည်ထားသည့် မြေကမ္ဘာဝက်ဝံများက

ဒက္ကာရီလာနဂါးကလန် နှင့် ပင်
နီုင်းယှဉ်နိုင်သည်။

နတ်မိစ္ဆာဝက်ဝံကလန်၏ တည်နေရာကား
တိမ်ပင်လယ်မြို့၏ အရှေ့ဖက် ကီလိုမီတာ
တစ်သန်းခန့်အကွာ မြေကမ္ဘာတောင်တန်း
ဖြစ်သည်။

၎င်းတွင် ဝိညာဉ်ကြော ၁၀ ခု နီးပါးရှိပြီး
တောင်ပိုင်းဒေသ၌ အကြွယ်ဝဆုံး
နတ်ဆိုးမျိုးနွယ်စုဖြစ်ခဲ့သည်။

အလင်းတန်းများက ကောင်းကင်ယံကို ဖြတ်သွားပြီးနောက် တောင်တန်း၏ အပြင်ဖက်သို့ ကြယ်တစ်ပွင့်လို ဆင်းသက်လာသည်။

အလင်းတန်းက ယန်ယဲ့ပါ။

ယန်ယဲ့သည် နေရာတွင် ရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို စိုက်ကြည့်လိုက်သည်။ တောင်တန်းကြီးသည်ကောင်းကင်ယံအထက်သို့ ထိုးဖောက်လုမတတ်မြင့်မားသော

ရှေးဟောင်းသစ်ပင်များထူထပ်စွာ
ဝန်းရံထား၏။

ယန်ယဲ့သည် ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး
ရှေ့ကိုဆက်သွားဖို့ ပြင်လိုက်သည်။
သို့သော်လည်း မြေပြင်သည် ပြင်းထန်စွာ
လှုပ်ခါသွားခဲ့၏။ ထို့နောက်တွင်တော့
မလှမ်းမကမ်းကနေ ဝက်ဝံနက်တစ်ကောင်
ခုန်ထွက်လာသည်ကို မြင်တွေ့လိုက်ရသည်။

ဝက်ဝံနက်က သိပ်မကြီးဘဲ
အရှယ်ရောက်ပြီးသူထက် ၂ဆမှ ၃ဆခန့်သာ
ကြီးမားသည်။

၎င်း၏ခန္ဓာကိုယ်ကို
အနက်ရောင်ချပ်ဝတ်တန်ဆာအလွှာဖြင့်
ဖုံးအုပ်ထားပြီး ခြေသည်းများက ၃၀
စင်တီမီတာခန့် ရှည်လျားသည်။
၎င်း၏ခြေလှမ်းတိုင်းက မြေပြင်ကို
ပြင်းပြင်းထန်ထန် တုန်လှုပ်သွားစေခဲ့ပြီး
အက်ကြောင်းများပင် ထပ်လာခဲ့ပါသည်။

ဝက်ဝံနက်ကြီးက တောထဲကနေ
ခုန်ထွက်လာပြီးနောက် လုံးဝမရပ်ဘဲ ယန်ယဲ့
ဆီသို့ အရှိန်ပြင်းပြင်း ပြေးဝင်လာခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ်ကျဉ်းမြောင်းသွားပြီး
သူ့ညာလက်သီးကို ဖြည်းညှင်းစွာ
ဆုပ်ထားရင်း အသင့်ပြင်ထားလိုက်သည်။

ဝှစ်!

တစ်ချိန်တည်းမှာပင် ဝက်ဝံနက်ကြီးက ရုတ်တရက် ပြေးတက်တက်လာပြီး ယန်ယဲ့ဆီသို့ သူ့ကိုယ်သူပစ်ဝင်လာခဲ့သည်။

ယန်ယဲ့သည် တုံ့ဆိုင်းမနေတော့ဘဲ သူ၏ညာလက်သီးကို ရှေ့သို့ လျင်မြန်စွာ ထိုးလိုက်သည်။

ဘမ်း!

ယန်ယဲ့၏ညာလက်သီးက ဝက်ဝံနက်၏
ခေါင်းကို ထိမှန်ပြီး ချက်ချင်းပင်
အမြောက်ကျည်ကဲ့သို့ လွင့်ပျံသွားခဲ့သည်။
၎င်းက မီတာ ၃၀၀ နီးပါး
လွင့်ပျံသွားပြီးနောက်ဆုံးမှသာ
မြေပြင်ပေါ်သို့ ပြင်းထန်စွာ
ပျက်ကျသွားခဲ့သည်။

ဝူး!

ဝက်ဝံနက်က နာကျင်စွာအော်ဟစ်ပြီး ခေါင်းကို လက်နှစ်ဖက်ဖြင့်အုပ်ထားကာ မြေပြင်ပေါ်တွင် အဆက်မပြတ် လူးလိမ့်နေလေသည်။

ယန်ယဲ့သည် ဝက်ဝံနက်ဆီသို့ လျှောက်သွားကာ မြေပြင်ပေါ်တွင် အဆက်မပြတ် လူးလှိမ့်နေသည်ကို ကြည့်နေရင်း သူ့ပါးစပ်ထောင့်က အနည်းငယ် တုန်လှုပ်သွားသည်။
"ဒီကောင်က ကလေးတစ်ယောက်လို

လုပ်နေတာလား" ယန်ယဲ့က
"မတ်တပ်ရပ်စမ်း..."

ဝက်ဝံနက်က ယန်ယဲ့ကို ဂရုမစိုက်ဘဲ မြေကြီးပေါ်မှာ ဆက်လူးနေပြီး နာကျင်စွာ အော်ဟစ်နေပါသည်။

ဘမ်း!

ယန်ယဲ့က မြေပြင်ကို ညာခြေဖြင့်

ရုတ်တရက် နင်းလိုက်ရာ မြေပြင်သည်

တဝုန်းဝုန်းတုန်ခါလာပြီး

ပတ်ဝန်းကျင်ရှိ မရေမတွက်နိုင်သော

သစ်ပင်များ ကွဲအက်သွားခဲ့၏။

ယန်ယဲ့က အေးစက်စွာပြောလိုက်သည်

"မင်းမထသေးရင် နောက်တစ်ခါဆို

မင်းခေါင်းကို နင်းရလိမ့်မယ်"

ဒီတစ်ခါတော့ ဝက်ဝံနက်က ဆက်ပြီးလူးလှိမ့်မနေတော့ပေ။ ၎င်းက မတ်တပ်ထရပ်ပြီး နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်ကာ ယန်ယဲ့ကိုကြောက်လန့်တကြား စိုက်ကြည့်သည်။

လူးလှိမ့်နေခြင်း ရပ်သွားပြီးနောက် ယန်ယဲ့ဟာ ဝက်ဝံနက်၏ ခေါင်းပေါ်တွင် ကြီးမားသော အဖုကြီးပေါ်လာသည်ကို သတိပြုမိခဲ့သည်။

ဒီအခိုက်အတန့်တွင် သူက အနည်းငယ်
အားပြင်းသွားကြောင်း နားလည်ခဲ့သည်။
ဝက်ဝံနက်က နတ်ဆိုးသားရဲဖြစ်သော်လည်း
သိုင်းကျောရာဇ်အထွတ်အထိပ်အဆင့်သာ
ရှိသေး၏။ သို့သော်လည်း ယန်ယဲ့၏
လက်ရှိခန္ဓာကိုယ်က ဒီဝက်ဝံနက်မပြောနှင့်
နတ်ဆိုးဘုရင်ငယ် ၅ ပါးထဲမှ
တစ်ပါးဖြစ်သည့် စုန့်ယွမ် ထက်
မနိမ့်ကျပေ။

ယန်ယဲ့က "မင်းရဲ့ဘုရင်ကို တွေ့ဖို့
ခေါ်သွားပါ"

ဝက်ဝံနက်၏ မျက်လုံးများ
ပြူးကျယ်သွားပြီးနောက် ကမန်းကတန်း
ခေါင်းခါလိုက်သည်။

ယန်ယဲ့က သူ့လက်သီးများကို
ဝှေ့ယမ်းပြီးပြောလိုက်ဌသည်။
"မင်းရဲ့စကားတွေကို ပြန်ပြင်ဖို့

ငါအခွင့်အရေးပေးမယ်။ အိုး၊ ငါက ခေါင်းညိတ်ဖို့ အခွင့်အရေးကို ဆိုလိုတာ"

ယန်ယွဲ့၏လက်သီးချက်အား စိုက်ကြည့်ရင်း ဝက်ဝံနက်၏မျက်လုံးများတွင် ထိတ်လန့်တကြားဖြစ်သွားသည်။ ထို့နောက် မျက်တောင်တစ်ချက်ခတ်လိုက်ပြီး ထွက်ပြေးဖို့ ကြံရွယ်ကာ နောက်သို့ခုန်ထွက်လိုက်သည်။ သို့သော် ယန်ယွဲ့သည် ဝက်ဝံနက် ရှေ့တွင် ရုတ်တရက် ပေါ်လာပြီးနောက်

သူ၏လက်သီးချက်က ၎င်း၏ခေါင်းကို ထိမှန်သွားခဲ့သည်။

ဘမ်း!

ဝက်ဝံနက်၏ ခန္ဓာကိုယ်သည် နောက်တစ်ကြိမ် လွင့်ထွက်သွားပြန်သည်။

ဒီတစ်ကြိမ်တွင်မူ မြေပြင်ပေါ်၌ ရောမတွင်းနက်ကြီးတစ်ခု ပေါ်လာခဲ့သည်။

ယန်ယဲ့က သူ့ရှေ့မှာ တစ်ဖန်ပြန်ပေါ်လာပြီး
“မင်းရဲ့ဘုရင်ဆီကို ခေါ်သွားပါ၊ ငါမင်းကို
မရိုက်တော့ဘူး။ မဟုတ်ရင် ငါတို့
ဆက်လုပ်လို့ရတယ်"

ဝက်ဝံနက်က
သူ့ခေါင်းကိုစမ်းကြည့်လိုက်ရာ
အဖု ၂ ခုရှိနေသည်ကို သိပြီး
ယန်ယဲ့ကိုကြောက်လန့်တကြား
စိုက်ကြည့်နေလေသည်။

ဒီအချိန်မှာ ယန်ယဲ့သည် သူ၏လက်သီးကို ထပ်မံမြှောက်လိုက်ရာ ဝက်ဝံနက်က အနည်းငယ် တုန်လှုပ်သွားပြီး ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က ပြုံးပြီး သူ့လက်သီးကို ဖြေလျှော့လိုက်သည် "မင်းက အရမ်းညာဏ်ကောင်းတာပဲ" ထို့နောက် သူက ချက်ချင်းထခုန်ပြီး ဝက်ဝံနက်ကျောပေါ်ကို တက်လိုက်ကာ “ဒီမှာ ငါမပျံသန်းနိုင်ဘူး၊

ဒါကြောင့် ငါ့ကို ခေါ်သွားလိုက်ပါ။ ဘာကိုမှ
မကြိုးစားနဲ့၊ ငါ မင်းကို အနိုင်ယူရုံပဲယူတာ"

ဝက်ဝံနက်ပ မကျေမနပ်ဖြစ်နေသော်လည်း
ခေါင်းညိတ်ပြပြီးနောက် ရှေ့သို့
တိုးလာခဲ့သည်။

အချိန်အတော်ကြာ လျှောက်လာပြီးနောက်
ဝက်ဝံနက်က ရုတ်တရက် မေးလိုက်သည်။
"လူသား၊ မင်းက ဘာလို့ ဒီလောက်တောင်
သန်မာနေတာလဲ"

ယန်ယဲ့က အနည်းငယ် လန့်သွားပြီး
“တကယ်တော့ မင်းက အားနည်းလွန်းတာ"

"ဘယ်လိုတောင်မိုက်မဲတာလဲ"
ဝက်ဝံနက်က ဒေါသတကြီးနှင့်
ပြန်အော်သည်။ သို့သော် ယန်ယဲ့၏
ကြောက်စရာကောင်းသောခွန်အားကို
သတိရသွားဟန်တူသည်။ သူ့လေသံက
ပိုမိုပျော့ပျောင်းလာပြီး ဆက်ပြောခဲ့သည်။
“ငါ့အစ်မ… သူမက လူသားတွေဟာ

အရမ်းအားနည်းတယ်လို့ပြောတယ်။
ငါ့ခြေထောက်ကို တစ်ချက်လှုပ်ရုံနဲ့ ငါက
လူသားသူတော်စင်တစ်ပိုင်းအဆင့်ကို
သတ်နိုင်တယ် လို့တောင် ပြောခဲ့တယ်။
မင်းက သူတော်စင်တစ်ပိုင်းအဆင့်ဆိုပေမဲ့
ဘာလို့ ဒီလောက်တောင်
သန်မာနေရတာလဲ"

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး "ငါက
နည်းနည်းထူးခြားတယ်။ ဟုတ်တယ်၊
မင်းငါ့ကိုတွေ့တာနဲ့ ဘာလို့

တိုက်ခိုက်ဖို့ကြိုးစားတာလဲ။ မင်းရဲ့ နတ်မိစ္ဆာဝက်ဝံကလန်က လူသားတွေကို အရမ်းမုန်းတီးနေသလား"

"တကယ်တော့မဟုတ်ဘူး။ ငါ... မင်းကို ရန်စဖို့ ဘယ်တုန်းကမှ မရည်ရွယ်ဘူး။ ငါက အရမ်းမြန်ပြီး အရှိန်မထိန်းနိုင်ခဲ့ဘူး" ဝက်ဝံနက်က အနည်းငယ် မှားယွင်းသော အသံဖြင့် ပြောလိုက်သည်။

၁၂၃၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၀ - နတ်ဆိုးဘုရင်ငယ် ၅ ပါးမှ တစ်ပါး

ယန်ယဲ့သည် ဒီစကားကြောင့် ဆွံ့အသွားသည်။

အချိန်အတော်ကြာအောင် ရှေ့ကို လျှောက်သွားပြီးနောက် ယန်ယဲ့က ရုတ်တရက် မျက်မှောင်ကြုတ်ကာ

"ပတ်ဝန်းကျင်မှာ ဝက်ဝံနက်တွေရှိနေတယ်လို့ ခံစားရပေမယ့် သူတို့က ငါတို့အနားကို မလာရဲကြဘူး၊ ဘာလို့လဲ"

"ဟမ့်! ဟုတ်တယ်... သူတို့အနားမကပ်ရဲဘူး" ဝက်ဝံနက်၏ အသံသည် ကျေနပ်မှု အရိပ်အယောင်ကို သယ်ဆောင်လာကာ “ဒါက ငါ့ကို ကြောက်လို့လေ.”

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

"ဘာလို့လဲဆိုတော့... ဟမ့်။ လူသား၊ ငါတို့ဒီမှာရောက်ပြီ"

ယန်ယဲ့သည် ခေါင်းမော့ပြီး ရှေ့ကိုကြည့်လိုက်ရာ အနည်းငယ် ထိတ်လန့်သွားသည်။

သူ့ရှေ့တွင် အကန့်အသတ်မဲ့လွင်ပြင်ကျယ်တစ်ခုရှိနေပြီး တိမ်ပင်လယ်မြို့ထက် အနည်းဆုံး ၃

ဆခန့် ပိုကြီးသော မြို့ကြီးတစ်မြို့က အလယ်ဗဟို၌ တည်ရှိနေခဲ့သည်။

“ဒါက မြေကမ္ဘာမြို့တော် ...” ဝက်ဝံနက်က ဆက်ပြောလိုက်သည်။ “ထင်းရှူးစီရင်စုရဲ့ အကြီးဆုံးမြို့က တိမ်ပင်လယ်မြို့တော်လို့ ဆိုကြတယ်။ ဟမ့်....၊ တကယ်တော့ မြေကမ္ဘာမြို့ကသာ ထင်းရှူးစီရင်စုရဲ့ တကယ့်အကြီးဆုံးမြို့ပဲ”

"တကယ်ကိုအကြီးကြီးပဲ" ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "ဒါဆို ငါတို့ ဒီမြို့ထဲကို ဝင်လို့ရမလား"

"မင်းတစ်ယောက်တည်းဆိုရင်မဖြစ်နိုင်တာ သေချာတယ်" ဝက်ဝံနက်က ဆက်ပြောသည် “ဒါပေမဲ မင်းဘေးနားမှာ ငါရှိနေတော့ ပြဿနာမဟုတ်ဘူး။ ဒါပေမဲ့ ဘုရင်ကို သွားကြည့်တော့မယ်ဆိုတော့ မင်းက ငါ့ကို ကတိပေးနိုင်မလား"

ယန်ယဲ့က “ဆက်ပြောပါ”

"ငါ့ကို မြေကမ္ဘာတောင်တန်းကနေ အပြင်ခေါ်သွားပေး။ ငါရှောင်ပိုင်ထျန်းက အပြင်လောကကို ရောက်ရင် လူသားမျိုးနွယ်ရဲ့ မဟာထိပ်သီးပါရမီရှင် ၅ ယောက်ကို စိန်ခေါ်မလို့"

ဝက်ဝံနက်၏အသံင အတော်လေး စိတ်လှုပ်ရှားနေပုံပါ။ "ပြီးတော့ ငါက တခြားနတ်ဆိုးဘုရင်ငယ် ၄ ပါးကိုပါ စိန်ခေါ်မယ်။ ငါရှောင်ပိုင်ထျန်းက

ထင်းရှူးစီရင်စုရဲ့နံပါတ်တစ် ပါရမီရှင် ဖြစ်လာတော့မယ်”

ဖြောင်း!

ယန်ယဲ့က ဝက်ဝံခေါင်းကို ရုတ်တရက် ရိုက်လိုက်ပြီး “နိုးထတော့! မင်း ဒီအတိုင်း ထွက်သွားရင် အသက်ရှင်ဖို့မသေချာဘူး။ တစ်ခါတည်း ငရဲတန်းရောက်သွားမှာ"

"မင်း ငါ့ခွန်အားကို သံသယဝင်နေတာလား" ဝက်ဝံနက်က

အတော်လေးစိတ်မကောင်းဖြစ်သွားကာ
“မင်းက အရမ်းသန်မာနေပေမဲ့ ငါလည်း
အရမ်းကြောက်ဖို့ကောင်းပါတယ်။
ငါအရင်က ဝှက်ဖဲကို
မသုံးခဲ့ဘူး။ ငါ့ဝှက်ဖဲကို ထုတ်သုံးရင်
သိုင်းသူတော်စင် တစ်ယောက်တောင်မှ
ငါ့ကိုကြောက်ရလိမ့်မယ်”

"အပြင်လောကက
အရမ်းအန္တရာယ်များတယ်၊ ဒီတော့
မင်းဒီမှာနေလိုက်တာ ပိုကောင်းတယ်"

ယန်ယဲ့က ဝက်ဝံခေါင်းကို ပုတ်ပြီး “လာ၊ ငါ့ကို မင်းရဲ့ဘုရင်ဆီ ခေါ်သွားပါ” ဟုပြောလိုက်သည်။

ဝက်ဝံနက်သည် ခဏတာ တုံ့ဆိုင်းသွားပြီး “အစ်ကိုကြီး၊ အထဲကို မင်းကိုယ်တိုင် ဝင်လို့ရမလား" ဟုပြောလေသည်။

ယန်ယဲ့က အံ့သြသွားသည် "ဘာဖြစ်လို့လဲ"

ဝက်ဝံနက်က “ငါ မြို့ထဲက ခိုးထွက်လာတာ။ အခုပြန်လာရင် သေချာပေါက် အပြစ်ပေးခံရမှာ။ ငါ့အစ်မက ငါ့ကိုရိုက်လိုက်တာနဲ့ မင်းရဲ့ ထိုးချက်ထက်တောင် ပိုနာတယ်”

ယန်ယွဲ့က ရယ်မောလိုက်ပြီး “အဆင်ပြေပါတယ်။ မင်းကိုထိရင် ငါကူညီမယ်"

"မင်း... မင်း သူ့ကို အနိုင်ယူနိုင်မှာ မဟုတ်ဘူး" ဝက်ဝံနက်က ဆက်ပြောလိုက်သည်။ “ငါ့အစ်မက အရမ်းသန်မာတယ်။ သူမက….”

ယန်ယွဲ့က "မင်းဆက်ပြောရင် ငါမင်းကို အခုချက်ချင်းရိုက်မယ်"

ဝက်ဝံနက်က တုန်တုန်ယင်ယင်နှင့် စကားမပြောဝံ့တော့ဘဲ ယန်ယွဲ့ကို

ကျောပေါ်တင်ကာ မြို့ဆီသို့ ပြေးလာခဲ့သည်။

သို့သော် သူတို့မြို့ထဲသို့ ဝင်ခါနီးတွင် အနက်ရောင် အရိပ်တစ်ခုက သူတို့အပေါ်မှ ရုတ်တရက် ကျဆင်းလာခဲ့သည်။

ယန်ယဲ့သည်မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ချက်ချင်းပင် လေထဲသို့ ခုန်တက်လိုက်ပြီး

သူ၏ညာလက်သီးကို ဆန့်ကာ အနက်ရောင် အရိပ်ဆီသို့ ထိုးလိုက်သည်။

ဘမ်း!

ကောင်းကင်ယံအထက်၌ လေထုသည် တုန်ခါနေသကဲ့သို့ ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့သည် မြေပြင်ပေါ်သို့ ဆင်းလာပြီး သူ့လက်သီးကို တစ်ချက်ကြည့်လိုက်သည်။

သူ့လက်သီးက
အနည်းငယ်ဖောင်းတက်လာသည်ကို
သတိပြုမိသဖြင့် ယန်ယဲ့၏ မျက်လုံးထဲတွင်
လေးနက်မှု အရိပ်အယောင် ပေါ်လာခဲ့သည်။

သယ့်ခေါင်းကို မော့ပြီး ကြည့်လိုက်ရာ
သားရဲအရေခွံဝတ်အမျိုးသမီးတစ်ယောက်
ရပ်နေသည်ကို တွေ့လိုက်ရသည်။
အမျိုးသမီးက အသက် ၂၀
ကျော်ခန့်သာရှိသေးပြီး သူမ၏ပုခုံးပေါ်တွင်

ဆံပင်ရှည်များပြေကျနေကာ
အတော်လေးမျက်စိရှုပ်စရာမြင်ကွင်းပင်။

လူသား!

ဒီစကားက ယန်ယဲ့အပေါ်အမျိုးသမီး၏
ပထမဆုံး အထင်အမြင်ကြီးမှုအချို့ပင်။
ယန်ယဲ့ဟာ အမျိုးသမီးဆီကနေ
အနည်းငယ်ရိုင်းစိုင်းသော အငွေ့အသက်ကို
ခံစားလိုက်ရသည်။

"အစ်မကြီး" ဒီအချိန်တွင် ဝက်ဝံနက်က ထိတ်လန့်တကြားဖြင့် အော်ဟစ်ကာ ထွက်ပြေးဖို့ပြင်လေသည်။

သို့သော် နောက်ကျသွားပါပြီ။ အမျိုးသမီးက သူ့ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး ဝက်ဝံနက်၏ခေါင်းကို လက်သီးဖြင့် ထိုးချလိုက်သည်။

ဝက်ဝံနက်၏ခန္ဓာကိုယ်က ၃ ကီလိုမီတာအထိပင် လွင့်ပျံသွားကာ နောက်ဆုံးမှ မြေပြင်ပေါ် ပြုတ်ကျလာပြီး

ရောမတွင်းနက်ကြီးထဲ
နစ်မြုပ်သွားခဲ့လေသည်။ ထို့နောက်
တွင်းနက်ထဲကနေ
နာကျင်စွာအော်ဟစ်သံများ
ထွက်ပေါ်လာခဲ့သည်။

သို့သော် အမျိုးသမီးက မရပ်တန့်ခဲ့ပေ။
တွင်းထဲသို့ ခုန်ချလိုက်ပြီး
ဝက်ဝံနက်၏အမြီးကိုဆွဲမ၍ မြေပြင်ပေါ်
ပြန်ခုန်တက်လာခဲ့သည်။ ထို့နောက် သူမက
ဝက်ဝံနက်ကို

အမြီးကနေကိုင်ကာမြေပြင်နှင့်
ရိုက်ချလိုက်သည်။

ဝုန်း!

မြေပြင်သည် ချက်ချင်း ပြိုကျသော်လည်း
ထိုအရာသည် အဆုံးမဟုတ်ပေ။
ပြီးသွားသည်နှင့် အမျိုးသမီးက
ဝက်ဝံနက်၏ဗိုက်ကို ကန်ထုတ်လိုက်ရာ
၎င်း၏ခန္ဓာကိုယ်က နောက်တစ်ကြိမ်

လွင့်ပျံသွားပြီး နာကျင်စွာ
အော်ဟစ်လိုက်လေသည်။

ဒီမြင်ကွင်းကို ကြည့်ရင်း ယန်ယဲ့လည်း
ပါးစပ်ထောင့်များ တုန်လှုပ်သွားသည်။
ဒီအချိန်မှာ သူက ဝက်ဝံနက်ကိုပင်
အနည်းငယ် သနားသွားမထသည်။

ဘမ်း! ဘမ်း! ဘမ်း!

မြေပြင်သည် အဆက်မပြတ်တုန်ခါနေကာ ဝက်ဝံနက်၏အူသံက အဆုံးမသတ်ဘဲ ပဲ့တင်ထပ်နေလေသည်။

"ကြီး…အစ်ကိုကြီး…. ကယ်ပါ…ကယ်ပါ …"

ဒီအခိုက်မှာပဲ ဝက်ဝံနက်၏ ပြတ်တောင်းပြတ်တောင်း အသံ ထွက်ပေါ်လာသည်။

ယန်ယွဲ့က ဒီစကားကိုကြားတော့ ခဏတာ တုံ့ဆိုင်းသွားပြီး "ကောင်းပြီး သခင်မလေး၊

အကြမ်းဖက်မှုက ဘာမှမဖြေရှင်းနိုင်ဘူးလို့ ငါထင်ပါတယ်။ နှစ်ယောက်စလုံး ထိုင်ပြီး စကားပြောသင့်တယ်မဟုတ်လား”

နောက်ဆုံးအခေါက်က ရှောင်ပိုင်ထျန်းကို ကာကွယ်ပေးမည်ဟု ကတိပေးထားသဖြင့် လက်ငှားဖို့ ဆုံးဖြတ်လိုက်သည်။

ဘမ်း!

အမျိုးသမီးက ရှောင်ပိုင်ထျန်းကို နောက်တစ်ကြိမ် ဗိုက်ဖြတ်ကန်လိုက်ရာ

မြေပြင်ပေါ်ထပ်မံလွင့်ထွက်သွားပါတော့သည်။

သို့သော် အမျိုးသမီးက နောက်တစ်ကြိမ် တိုက်ခိုက်ခြင်း မပြုခဲ့ပေ။ ထိုအစားယန်ယဲ့ကို လှည့်ကြည့်ပြီး “အကြမ်းဖက်မှုက ပြဿနာတွေကို ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းလို့ ငါထင်ပါတယ်။ အခု နင့်အလှည့်ပဲ”

စကားပြောပြီးသည်နှင့် သူမ၏ ညာခြေကို
မြေပြင်တစ်ချက်ဆောင့်လိုက်ကာ
အမြောက်ကျည်ကဲ့သို့ ရှေ့သို့ ချက်ချင်း
ပြေးထွက်လာခဲ့သည်။ ထို့နောက်
သူမ၏ညာလက်သီးကို လေထဲမှာသာ
ဆုပ်ထားပြီး ယန်ယဲ့ ဆီသို့
ထိုးချလိုက်ပါတော့သည်။

အမျိုးသမီး၏ ခွန်အားသည်
သူ့မျှော်လင့်ထားသည်ထက်
အနည်းငယ်ကျော်လွန်သွားသောကြောင့်

ယန်ယဲ့၏ မျက်နှာသည်
အနည်းငယ်ပြောင်းလဲသွားသည်။

ယန်ယဲ့သည် ပေါ့ပေါ့ဆဆ
မလုပ်ဆောင်ဝံ့တော့ပေ။
ဆန်းကြယ်ချီစွမ်းအင်ကို ထုတ်ဖော်၍
သူ့ညာဖက်လက်ထဲသို့ တိုးဝင်လာပြီး ရှေ့သို့
ပြန်ထိုးချလိုက်လေသည်။

ဘမ်း!

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်
နှစ်ယောက်စလုံး
နောက်သို့ပြန်ဆုတ်လိုက်ကြရသည်။
ယန်ယဲ့သည် မီတာ ၃၀၀ လောက်
နောက်ပြန်ဆုတ်လိုက်ပြီး
လမ်းကြောင်းတစ်လျှောက်
ခြေရာများထပ်ကျန်ခဲ့သည်။

အမျိုးသမီး ကတော့ မီတာ ၃၀ လောက်သာ
ပြန်ဆုတ်သွားရသည်။

"ကြီး··· အစ်ကိုကြီး။ ငါ့အစ်မ···. သူ ...
သူက နတ်ဆိုးဘုရင်ငယ် (၅)ပါးထဲက
တစ်ပါးလေ။ မင်း.... မင်းက သူ့ကို
ယှဉ်နိုင်မှာမဟုတ်ဘူး။ ငါ့ကိုမပြောနဲ့ သူမ
ဒေါသထွက်နေတဲ့အချိန်မှာတောင်
သူ့ကိုယ်သူ ဒဏ်ရာရစေတယ်။ မင်းချက်
ချင်းပြေးလိုက်တော့..." ဒီအချိန်မှာ
ရှောင်ပိုင်ထျန်း၏ အားပျော့သောအသံက
နောက်တစ်ကြိမ် ထပ်၍
ထွက်ပေါ်လာသည်။

"နတ်ဆိုးဘုရင်ငယ် (၅)ပါးထဲမှ
တစ်ပါးလား"ယန်ယဲ့က အမျိုးသမီးကို
ခဏလောက် စိုက်ကြည့်လိုက်မိသည်။
သူ့ရှေ့မှ အမျိုးသမီးက ထင်းရှူးစီရင်စု၏
နတ်ဆိုးဘုရင်ငယ် (၅) ပါးအနက်
တစ်ပါးဖြစ်လိမ့်မည်ဟု သူလည်း
မမျှော်လင့်ထားပေ။သို့သော်လည်း
သူမ၏ရုပ်ခန္ဓာက စုန့်ယွမ်
ထက်ပင်အားကောင်းနေသောကြောင့်
သိပ်ပြီး မအံ့သြမိတော့ပါ။

"နင်က ရှန့်ကွမ်းယုဟိုင် လား ဒါမှမဟုတ် ချင်ဒေါင်ဖူ လား" အမျိုးသမီးက ယန်ယဲ့ကို ခဏကြာစိုက်ကြည့်နေရင်း “ခဏနေ။ ရှန့်ကွမ်းယုဟိုင် နဲ့ ချင်ဒေါင်ဖူ တို့နှစ်ယောက်လုံးက ဒီလိုအစွမ်းထက်တဲ့ရုပ်ခန္ဓာကို မပိုင်ဆိုင်ထားဘူး။ လူသား! နင်ကဘယ်သူလဲ"

ယန်ယဲ့က သူ့လက်ဖဝါးကိုလှန်ကာ ဝက်ဝံသွားစွယ်ကို ထုတ်ပြလိုက်ပြီး "ငါ မင်းတို့ရဲ့ဘုရင်ကိုတွေ့ဖို့ ရောက်လာတာပါ"

ဝက်ဝံသွားစွယ်ကို မြင်လိုက်သောအခါ အမျိုးသမီး၏ အမူအရာက ပြောင်းလဲသွားပြီး “ဒါဆို နင်က တိမ်ပင်လယ်အကယ်ဒမီကပေါ့"ဟု အေး စက်စက်ပြောလေသည်။

ယန်ယဲ့က အံ့ဩသွားပြီး "ဒါကို
မင်းဘယ်လိုသိတာလဲ"

"နင်က
ဒီကိုသေလမ်းလာရှာတာဘဲ"အမျိုးသမီးက
ဒေါသတကြီး အော်ဟစ်လိုက်သည်။
ထို့နောက် သူမက ရှေ့သို့ပြေးထွက်လာပြီး
ယန်ယဲ့၏ခေါင်းကို သမီးရည်းစား
သေတာဘဲ!" သူမသည် ရုတ်တရက်
လက်သီးဖြင့် ထိုးလိုက်သည်။

ယန်ယဲ့က အံ့အားသင့်သွားသည်။
တိမ်ပင်လယ်အကယ်ဒမီက ဟုပြောရုံဖြင့်
အမျိုးသမီးက သူ့ကို တိုက်ခိုက်လာဖို့
မမျှော်လင့်ထားပေ။

သို့သော် အမျိုးသမီး၏လက်သီးချက်က
သူ့ခေါင်းဆီ ရောက်လာသဖြင့်
ဆက်ပြီးစဉ်းစားနေချိန်မရတော့ပါ။

ယန်ယဲ့က သူ့ဘယ်လက်ကို လှန်ပြီး
အဖြူရောင်ဒိုင်းကာတစ်ခုကို
ထုတ်ယူလိုက်ကာ

သူ၏ညာလက်သီးကိုမြှောက်၍
တန်ပြန်ထိုးချလိုက်ပါသည်။

အုန်း!

တိုက်ခိုက်ရာမှ ပေါက်ကွဲသံများ
ထွက်ပေါ်လာပြီး ၎င်းတို့ပတ်ဝန်းကျင်ရှိ
မြေပြင်သည် ချက်ချင်းပင်
ကွဲအက်သွားတော့သည်။
တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည် ခြေလှမ်း
၂၀ ခန့် နောက်ပြန်ဆုတ်သွားခဲ့ပြီး

အမျိုးသမီး ကတော့
ခြေလှမ်းအနည်းငယ်သာ
နောက်ပြန်ဆုတ်သွားခဲ့ရသည်။

သူတို့၏ တိုက်ပွဲက
ကျယ်လောင်လွန်းသည်ဖြစ်ရာ
မရေမတွက်နိုင်အောင် များပြားလှသော
ဝက်ဝံနက်များပင် မြို့ပြင်သို့
ထွက်လာခဲ့သည်။ သို့သော် ၎င်းတို့သည်
နီးကပ်စွာ မနေရဲဘဲ တိုက်ပွဲမြေပြင်နှင့်
ခပ်ဝေးဝေးသာ နေခဲ့သည်။

ဘုန်း!

မရေမတွက်နိုင်သော ဝက်ဝံများသည် ၎င်းတို့၏ လက်များကို မြေပြင်ပေါ် အဆက်မပြတ် ရိုက်ချကာ တိုက်ခိုက်နေသူများကို အော်ဟစ်အားပေးနေသကဲ့သို့ပင်။

၁၂၃၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၁ - မင်းက

လက်သီးချင်းပြိုင်ချင်တာလား

ဒီအတောအတွင်းမှာပဲ အဝေး

မြေပြင်ပေါ်မှာ လဲလျောင်းနေသော

ရှောင်ပိုင်ထျန်း က "အစ်ကိုကြီး၊ သူတို့

မင်းကို အားပေးနေတာ"

" ငါ့ကို အားပေးနေတာလား"ယန်ယဲ့လည်း အံ့သြသွားသည်။ သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရာ ဝက်ဝံနက်များက သူ့ကိုကြည့်နေကြောင်း တွေ့လိုက်ရသည်။ ထို့အပြင် သူတို့အားလုံးက သူ့ကို အားပေးနေပုံပါ။

ဒီအချိန်မှာ အမျိုးသမီးသည် ပတ်ဝန်းကျင်ရှိ ဝက်ဝံများကို တစ်ချက်ကြည့်လိုက်ရာ အားလုံး ချက်ခြင်းငြိမ်သပ်သွားကြသည်။ ထို့နောက် အားလုံး ခေါင်းကို မော့ကာ

ကောင်းကင်သို့ မော့ကြည့်နေသည်၊
သို့မဟုတ် မြေပြင်သို့
ငုံ့ကြည့်နေဟန်များလုပ်လိုက်ကြသည်။
သူတို့က တိုက်ပွဲနှင့်ပတ်သက်၍
ဘာမှမသိသလိုပင်။

"ငါတို့ ထိုင်ပြီး ဆွေးနွေးလို့
ရမယ်ထင်တယ်" ယန်ယဲ့က ရုတ်တရက်
ပြောလိုက်၏။ "ငါတို့ကြားထဲမှာ တစ်ခုခု
နားလည်မှုလွဲနေတာတွေရှိနေတာဖြစ်မယ်။

လက်သီးက ပြဿနာကို အမြဲတမ်း
ဖြေရှင်းပေးနိုင်တာ မဟုတ်ဘူး။
ဘာကြောင့်လဲဆိုတော့ အဲလိုလုပ်တာက
အခြေအနေကို
ပိုပြီးရှုပ်ထွေးသွားစေနိုင်တယ်မဟုတ်လား။
ပြီးတော့ ဆိုးရွားတဲ့အရာအချို့တောင်
ဖြစ်လာစေနိုင်တယ်။ ဒါဆို ဘာလို့
မလုပ်တာလဲ…”

အမျိုးသမီးက အေးစက်သောလေသံဖြင့်
ပြောလေသည်။ “တိမ်ပင်လယ်အကယ်ဒမီရဲ့

ယောက်ျားတွေအားလုံးက
ဘယ်လိုတောင်အရှက်မဲ့တာလဲ"

ယန်ယဲ့၏ မျက်နှာသည် အေးခဲသွားသည်။
သူ့ခေါင်းကိုမညိတ်ခင်
အချိန်တော်တော်ကြာမှ “အခြေအနေမှန်က
ငါမှားနေတယ်ဆိုတာ
သက်သေပြနေတယ်။အကြောင်းပြချက်က
ပြဿနာတစ်ခုကို
အမြဲတမ်းဖြေရှင်းပေးနိုင်တာမဟုတ်ဘူး
လေ။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာပေါ်က

လူတော်တော်များများက သူတို့အတွက်
ဘာကောင်းလဲ ဆိုတာ မသိကြလို့ပဲ။
မင်းသူတို့နဲ့
ကျိုးကြောင်းဆင်ခြင်ဖို့ကြိုးစားရင် မင်းက
သူတို့ကို ကြောက်တယ်လို့ ထင်လိမ့်မယ်။
အဲဒီနောက်မှာ သူတို့က မင်းအပေါ်အခွင့်အ
ရေးယူဖို့ကြိုးစားလိမ့်မယ်။ ဒီလိုဆိုတော့
အဲဒီအစား အကြမ်းဖက်မှုကို
သုံးကြည့်ရအောင်”

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
သူ၏လက်ဖဝါးကို လှန်ပြီး
ဟာကျူလီယံဓားကို ထုတ်ယူလိုက်သည်။

ထို့နောက် ယန်ယဲ့က
ညာခြေကိုတစ်ချက်ဆောင့်၍
အလင်းတန်းတစ်ခုအလား ရှေ့သို့
ခုန်ထွက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင်
သူ့လက်ထဲမှ ဟာကျူလီယံဓားက
အမျိုးသမီးဆီသို့ လျှပ်တစ်ပြက်
ခုတ်ပိုင်းသွားခဲ့သည်။

ယန်ယဲ့၏အရှိန်က အလွန်လျင်မြန်ခဲ့သည်။
ဓားပိုင်းချက်ကလည်း
အလွန်ကြောက်စရာကောင်းပြီး သူ့ရှေ့မှ
အာကာသဟင်းလင်းပြင်သည်ပင်
အပိုင်းပိုင်းကွဲအက်သွားပါတော့သည်။

ဟာကျူလီယံဓားက သူမဆီသို့
ပိုင်းချလာသည်ကို မြင်သောအခါ
အမျိုးသမီး၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။

ပြောရလျှင် ယန်ယဲ့၏ ခွန်အားဟာ
ဒီလောက်ထိ ကြောက်စရာကောင်းမည်ဟု
သူမစိတ်ထဲ မမျှော်လင့်ထားခဲ့ပါ။
လက်ရှိတွင် သူမက
ရှောင်တိမ်းနိုင်စွမ်းမရှိတော့ဘဲ ယန်ယဲ့၏
တိုက်ခိုက်မှုကို
ထိပ်တိုက်ရင်ဆိုင်ရုံသာရှိတော့သည်။

အမျိုးသမီးက တုံ့ဆိုင်းမနေဘဲ
သူမ၏ညာလက်သီးကို ရှေ့သို့
ထိုးချလိုက်သည်။

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး
အမျိုးသမီး၏ ခန္ဓာကိုယ်က
နောက်ပြန်လွင့်ထွက်သွားတော့သည်။
တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည်
သူမရှေ့တွင် ရုတ်တရက် ပေါ်လာပြီး
ဟာကျူလီယံဓားဖြင့် နောက်တစ်ကြိမ်
ပိုင်းချလိုက်သည်။

ဘမ်း!

အမျိုးသမီးက
နောက်ပြန်ဆုတ်သွားရပြန်သည်။

ယန်ယဲ့၏အရှိန်က အမြန်နှုန်းဥပဒေသဖြင့် ပေါင်းစပ်ထားသောကြောင့် အမျိုးသမီးဟာ ပြန်လည်တိုက်ခိုက်ဖို့ အခွင့်အရေးမရခဲ့ပေ။ သူမက ယန်ယဲ့၏ တိုက်ခိုက်မှုတိုင်းကို အသည်းအသန်ခုခံရုံသာတတ်နိုင်ခဲ့သည်။

ဘမ်း...

အချိန်အနည်းငယ်သာကြာသည့်နောက်
အမျိုးသမီး၏ ခန္ဓာကိုယ်က ၅
ကီလိုမီတာအကွာထိပင် လွင့်ပျံသွားခဲ့သည်။

ဒီမြင်ကွင်းကြောင့် ဘေးနားကနေ
တိတ်တဆိတ်

ကြည့်နေသော ဝက်ဝံနက်များပင်
အံ့သြသွားကြသည်။ အထူးသဖြင့်
ရှောင်ပိုင်ထျန်း ပင်၊ ယန်ယဲ့ကို
ကြည့်နေသော သူ့အကြည့်များက

ဒီအချိန်မှာ

လေးစားသဘောကျမှုအပြည့်နှင့်ပါ။

ယန်ယဲ့သည် တိုက်ပွဲကို အသာစီးယူပြီး

ဖိနှိပ်ထားသော်လည်း သူ့မျက်နှာက

လေးနက်တည်ကြည်လာခဲ့သည်။

သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုက

အမျိုးသမီးကို

ဘာမှထိခိုက်ဒဏ်ရာရအောင်မလုပ်နိုင်

ကြောင်း သတိပြုမိသောကြောင့်ပင်။

သူမကို ဖိနှိပ်နိုင်ရသည့်

အကြောင်းအရင်းကတော့
အမြန်နှုန်းဥပဒေသကြောင့်သာ ဖြစ်သည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် သူက အမျိုးသမီး
အပေါ် လုံးဝအသာစီးမရခဲ့ပေ။

ဘုန်း..

အမျိုးသမီးက မြေပြင်ကနေ ခုန်ထလာပြီး
ယန်ယဲ့ဆီသို့ အမြောက်ကျည်ကဲ့သို့
ပြေးဝင်လာခဲ့သည်။

အမျိုးသမီးက သူ့ရှေ့ရောက်လာချိန်တွင် ယန်ယဲ့၏ပုံရိပ်က ဖျတ်ခနဲဆိုသလို နေရာမှာပင် ပျောက်ကွယ်သွားပြီး ၁ ကီလိုမီတာကျော် အကွာ၌ ရှိနေခဲ့သည်။

အမျိုးသမီးက နေရာတွင် ခဏရပ်ပြီး ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "အမြန်နှုန်းဥပဒေသ"

ယန်ယဲ့က "အမျိုးသမီး၊ ငါဒီကိုဒုက္ခရှာဖို့
လာတာမဟုတ်ဘူး။ ဝက်ဝံဘုရင်ကို
တွေ့ဖို့ပဲ လာခဲ့တာ"

"အမြန်နှုန်းဥပဒေသက
အရမ်းကြောက်စရာကောင်းလား"
အမျိုးသမီးက ပါးစပ်ထောင့်တွင်
အနည်းငယ်ထူးဆန်းသောအပြုံးတစ်ခုပေါ်
လာပြီး သူမ၏လက်နှစ်ဖက်ကို ရှေ့သို့
ဆန့်ထုတ်ကာ အသာပုတ်လိုက်သည်။

အုန်း!

မြေပြင်တစ်ခုလုံး ပြင်းထန်စွာ
တုန်ခါသွားပြီး ယန်ယွဲ့သည်လည်း
ခေါင်းတစ်ခုလုံးမူးဝေလာကာ ရင်ဘတ်မှ
စူးခနဲနာကျင်မှုကို ခံစားလိုက်ရသည်။
ဒီအချိန်မှာပဲ သူ့ခန္ဓာကိုယ်က
မြောက်တက်သွားပြီး မြို့ရိုးနှင့် ပြင်းထန်စွာ
တိုက်ချသွားခဲ့သည်။

ဒီမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိ
မရေမတွက်နိုင်သော ဝက်ဝံများသည်
သနားစိတ်ဖြင့် ခေါင်းယမ်းလိုက်ကြသည်။

“သိပ်မဆိုးတဲ့ လော့ချန်းရှောင် ကလွဲရင်
ထင်းရှူးစီရင်စုရဲ့ လူငယ်မျိုးဆက်တွေက
အကုန်အမှိုက်တွေချည်းပဲ။
နင့်အတွက်ဆိုရင်တော့ နင့်ကို
သူတို့ကြားထဲမှာ နှိုင်းယှဉ်ရင် ထူးခြားတဲ့
အမှိုက်တစ်စလို့ သတ်မှတ်လို့ရတယ်”

အမျိုးသမီးက ယန်ယဲ့ ပြုတ်ကျနေသော
နေရာသို့ ဖြည်းညှင်းစွာ
လျှောက်လာခဲ့သည်။
သူမ၏ခန္ဓာကိုယ်ကနေလည်း
သိပ်သည်းပြင်းထန်သော
အဝါရောင်စွမ်းအင်လှိုင်းများ ပေါ်လာပြီး
ခြေတစ်ချက်လှမ်းတိုင်း
သူမ၏ခြေထောက်အောက်၌ ရုတ်တရက်
ပေါ်လာသည်။

သူမ ဆီကနေ အဝါရောင်စွမ်းအင်လှိုင်းများ
အဆက်မပြတ် ထွက်ပေါ်လာသည်ကို
မြင်လိုက်ရာ  ပတ်ဝန်းကျင်ရှိ
ဝက်ဝံများသည်ပင်
ဆက်တိုက်နောက်ပြန်ဆုတ်သွားကြတော့သ
ည်။

အဟွတ်....အဟွတ်!

ဒီအချိန်မှာ ယန်ယွဲ့သည် ပါးစပ်ထောင့်မှ
စီးကျလာသောသွေးများကို သုတ်ရင်း

ဖြည်းညှင်းစွာ ထရပ်လိုက်သည်။ သူက အမျိုးသမီးကို မော့ကြည့်လိုက်ပြီး "ငါ မင်းနဲ့ အကျိုးကြောင်းရှင်းပြချင်ခဲ့တာ။ အခုတော့ ငါ့ရဲ့ဒီလိုအတွေးတွေက တကယ့်ကို မိုက်မဲလွန်းတယ်ဆိုတာ ဒီအခြေအနေမှန်က သက်သေပြနေတယ်"

စကားပြောပြီးသည်နှင့် ယန်ယွဲ့သည်သူ၏ညာလက်ကို ဆန့်ထုတ်လိုက်ပြီး တစ်ချက်ယမ်းကာ

ဓားစိတ်ဆန္ဒဓားတစ်ချောင်း
ဖန်ဆီးလိုက်သည်။

"ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ဓားစိတ်ဆန္ဒ" ဓားစိတ်ဆန္ဒဓားကို
မြင်လိုက်သည်နှင့် အမျိုးသမီး၏
အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားခဲ့သည်။သူမ၏
ခန္ဓာကိုယ်သည်လည်း
တောင့်တင်းလာခဲ့ပါသည်။ ဒီအချိန်မှာပဲ

မရေမတွက်နိုင်သော အလင်းတန်းများက သူမရှေ့တွင် ပေါ်လာသည်။

ဘမ်း!

အမျိုးသမီးက သူမ၏ လက်သီးများကို ရှေ့သို့ ထိုးလိုက်ရာ မရေမတွက်နိုင်သော အလင်းတန်းများကပြန့်ကျဲသွားသည်။ ဒီအချိန်မှာ ယန်ယွဲ့က သူမ၏နောက်သို့ ရုတ်တရက် ပေါ်လာပြီး

အမျိုးသမီး၏လည်ပင်းကို ဓားနှင့်
ဖိကပ်လိုက်သည်။

ဒီအခြေအနေကြောင့် အမျိုးသမီး၏
အမူအရာ သိသိသာသာ ပြောင်းလဲသွားပြီး
တန်ပြန်တိုက်ခိုက်လိုက်သည်။

သို့သော် ယန်ယဲ့၏လက်ထဲမှဓားက
သူမ၏လည်ကုပ်ကို ထိုးသွင်းလိုက်ရာ
သွေးများပန်းထွက်လာခဲ့သည်။

အမျိုးသမီး၏နောက်ကျောတစ်ခုလုံး
သွေးများဖုံးလွှမ်းသွားပြီး

သူမ၏ခန္ဓာကိုယ်လေးဟာ ရုတ်တရက် တောင့်တင်းသွားသည်။

"မင်းက တကယ်သန်မာတယ်လို့ ထင်နေလား" ယန်ယဲ့က သူမ အနားတိုးကပ်ကာ “တွေ့လား၊ ငါ့အတွက် မင်းက တကယ်ကို အားနည်းနေတာ"

စကားပြောနေစဉ် ယန်ယဲ့က အမျိုးသမီး၏ ကျောပြင်ကို ဒူးဖြင့်ဆောင့်ထိုးလိုက်သည်။

အုန်း!

အမျိုးသမီး၏ခန္ဓာကိုယ်က
ကျောကော့တက်ကာ လွင့်ပျံသွားသည် ။
သို့သော်လည်း ယန်ယဲ့သည် သူမရှေ့တွင်
ထပ်ပေါ်လာပြီး နောက်တစ်ကြိမ်
ထပ်ကန်ထုတ်လိုက်၏။

ဖူး!

အမျိုးသမီးက ပါးစပ်ထဲမှ သွေးများ

တဖြန်းဖြန်းအန်ထွက်လာကာ

သူမ၏ခန္ဓာကိုယ်က

လွင့်ထွက်သွားပြန်သည်။

ဒီတစ်ကြိမ်မှာ ယန်ယဲ့က သူမ၏ဆံပင်ကို

ရုတ်တရက်ဆွဲယူလိုက်ပြီး

ဘယ်ဖက်မြေပြင်နှင့်

ပက်ခနဲရိုက်ချလိုက်သည်။

ဘမ်း!

ထိုနေရာတွင် တွင်းနက်ကြီးတစ်ခု
ချက်ချင်းပေါ်လာခဲ့၏။

သို့သော် ၎င်းသည် အဆုံးမဟုတ်ခဲ့ပါ။
ယန်ယဲ့သည် သူမ၏ဆံပင်ကို ဆွဲကိုင်ကာ
ညာဖက်သို့ ဝှေ့ယမ်းပြီး မြေပြင်နှင့်
ရိုက်ချလိုက်ပြန်သည်။

ခဏလေးအတွင်းမှာပဲ ယန်ယဲ့၏
ပတ်ပတ်လည်က မြေပြင်ဟာ
လုံးဝကိုပြိုကျသွားပါတော့သည်။ သို့တိုင်

ယန်ယဲ့က မရပ်တန့်သေးပေ။
ပြိုကျနေသော နေရာမှ ခုန်ထွက်လာပြီး
အမျိုးသမီးကို မြေပြင်နှင့် ထပ်မံ
ထုရိုက်လိုက်သည်။

သူတို့ရှေ့က မြင်ကွင်းကြောင့်
ဝက်ဝံအုပ်လည်း အံ့သြသွားကြသည်။
ယန်ယဲ့ကိုကြည့်ရင်း
သူတို့၏လက်သီးအရွယ်မျက်လုံးများက
ပြူးကျယ်နေကာ

ဘီလူးသရဲတစ်ကောင်အား
မြင်နေရသလိုပင်။

ရှောင်ပိုင်ထျန်း ပင်လျှင် သူ့မျက်လုံးများ
မျက်လုံးအိမ်ထဲမှ ထွက်လုမတတ်
တုန်လှုပ်သွားသည် သို့သော် ယန်ယဲ့သည်
ရပ်တန့်ဖို့ အရိပ်အယောင်မပြသည်ကို
သတိပြုမိသောအခါ
ထိတ်လန့်တကြားဖြစ်သွားသည်။ သူက
ယန်ယဲ့ ဆီသို့ အမြန်ပြေးသွားကာ
“အစ်ကိုကြီး… အစ်ကိုကြီး။ ရပ်လိုက်ပါ…

သူမကို ရိုက်နှက်တာ ရပ်လိုက်ပါ။
ခုနတုန်းက ငါနောက်ပြောင်နေတာ။
ငါ့အစ်မကို မရိုက်နဲ့"

ယန်ယဲ့က ရုတ်တရက် နောက်ပြန်လှည့်ကာ
သူ့အနားရောက်လာသော ရှောင်ပိုင်ထျန်း၏
ခေါင်းကို လက်သီးဖြင့်
ထိုးလွှတ်လိုက်သည်။

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ
ရှောင်ပိုင်ထျန်း ထံမှ

နာကျင်စွာအော်ဟစ်သံထွက်ပေါ်လာသည်။
ထို့နောက် အနက်ရောင်အရိပ်တစ်ခုအဖြစ်
ပြောင်းလဲကာ နောက်ပြန်လွင့်ထွက်လာပြီး
မြေပြင်ပေါ်သို့ လဲကျသွားသည်။

ရှောင်ပိုင်ထျန်းကို ရိုက်လွှတ်လိုက်ပြီးနောက်
ယန်ယဲ့သည် အမျိုးသမီးအား မြေပြင်နှင့်
ထပ်ရိုက်ချလိုက်ပြီး "ငါ မင်းကို
အကြောင်းပြချက် ပေးချင်ပေမဲ့ ဒီအစား
မင်းက လက်သီးနဲ့ ထိုးချင်နေတာ။
ဒါကြောင့် ဒီနေ့ ငါတို့တွေ

စိတ်ကျေနပ်တဲ့အထိ လက်သီးချင်း

ပြိုင်လိုက်ရအောင်”

၁၂၃၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၂ - ဒါက လူငယ်မျိုးဆက်ချင်း

ယှဉ်ပြိုင်တာပဲလေ

ဘမ်း!

မြေပြင်သည် အဆက်မပြတ်
တုန်ခါလာသည်။

"မြန်မြန်! သူ့ကို မြန်မြန်ရပ်လိုက်"
ထိုအချိန်တွင် ရှောင်ပိုင်ထျန်း၏
အားပျော့နေသောအသံက ထပ်မံ
ထွက်ပေါ်လာသည်။

နောက်ဆုံးတွင် ပတ်ဝန်းကျင်ရှိ
ဝက်ဝံအုပ်လည်း တုန်လှုပ်နေရာကနေ

သတိဝင်လာပြီး အော်လိုက်ကာ ယန်ယဲ့
ဆီသို့ပြေးတက်လာကြသည်။

ယန်ယဲ့သည် သူ့ပတ်ဝန်းကျင်ရှိ လှုပ်ရှားမှုကို
သတိပြုမိသောအခါ ရုတ်တရက်
ရပ်တန့်သွားပြီး ပြေးဝင်လာသော
ဝက်ဝံအုပ်ကို ခေါင်းမော့ကြည့်လိုက်သည်။
ဒီအချိန်မှာ သူ့မျက်လုံးအစုံက
သွေးရောင်အတိဖြစ်နေပါသည်။

“ဖယ်ကြစမ်း” ယန်ယဲ့သည် ဒေါသသံဖြင့်
ရုတ်တရက် အော်ဟစ်လိုက်ရာ သွေးနီရောင်
အလင်းတန်းများက ပတ်ဝန်းကျင်ကို
ချက်ချင်း လွှမ်းခြုံသွားပြီး
သွေးရောင်အလွှာကြီးတစ်ခုဖြစ်ပေါ်လာခဲ့သ
ည်။

အဖွဲ့၏ရှေ့ဆုံးကနေ ပြေးတက်လာသည်
ဝက်ဝံများကအနီရောင်အလင်းတန်းဖြင့်ဖိနှိ
ပ်ခံရပြီး ၎င်းတို့၏မျက်လုံးများ နီရဲလာကာ

အဖော်ဝက်ဝံများကိုပြန်၍တိုက်ခိုက်ခဲ့ကြသ
ည်။

မနီးမဝေးကနေ ပြေးလာနေသော ဝက်ဝံများ
ကတော့ ထိတ်လန့်တကြားနှင့်
အဆက်မပြတ် ပြန်ဆုတ်သွားပါတော့သည်။

ရှောင်ပိုင်ထျန်းက “အစ်ကိုကြီး…
အစ်ကိုကြီး။ အခုချက်ချင်း ရပ်လိုက်ပါ။
အခုချက်ချင်း
ရပ်လိုက်ပါ။မင်းဆက်ရိုက်နေရင် သူမ
သေလိမ့်မယ်"

ရှောင်ပိုင်ထျန်း၏ သတိပေးစကားကို

ထပ်ကြားလိုက်သောအခါ ယန်ယဲ့၏

မျက်လုံးထဲရှိ

သွေးရောင်များက အနည်းငယ်

ကြည်လင်လာခဲ့သည်။ ထို့နောက်

သိပ်မကြာခင်မှာပဲ သူ့မျက်လုံးများက

ပုံမှန်အတိုင်းပြန်ဖြစ်သွားပါတော့သည်။

ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည့်

သွေးရောင်လှိုင်းများက

လျော့ကျသွားသောဒီရေကဲ့သို့ ယန်ယဲ့ဆီသို့ ပြန်ဝင်လာသည်။

သွေးရောင်လှိုင်းများ
ပျောက်ကွယ်သွားသည်နှင့်
ရှုံးသွပ်သလိုဖြစ်နေသော ဝက်ဝံများလည်း
ချက်ချင်းပင် ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။
သို့သော်လည်း ဒီအချိန်မှာ တစ်ကောင်မျှ
ရှေ့မတိုးဝံ့တော့ပေ၊
ဝက်ဝံအုပ်၏မျက်မျက်လုံးများထဲတွင်
ကြောက်ရွံ့မှုများ ပေါ်လာသည်။

ဒီအချိန်မှာ ယန်ယဲ့က အမျိုးသမီးကို ဆံပင်ဆောင့်ဆွဲ၍ လွှင့်ပစ်လိုက်သည်။

ဘမ်း!

အမျိုးသမီးက မြို့တံတိုင်းနံရံနှင့် ရိုက်ချသွားပြီး မြေပေါ် ပြုတ်ကျလာကာ ကြီးမားသောတွင်းကြီးဖြစ်ပေါ်လာတော့သည်။

ဖူး!

အမျိုးသမီးက ပါးစပ်ထဲကနေ အဆက်မပြတ်သွေးအန်ထုတ်လိုက်၏။ သူမ၏ခန္ဓာကိုယ်က ဆိုးဆိုးရွားရွား ဒဏ်ရာရနေသော်လည်း ခဏအကြာတွင် တွင်းထဲကနေ မတ်တပ်ထရပ်လာခဲ့သည်။

ထိုအခိုက် ယန်ယဲ့က သူမရှေ့တွင် ရုတ်တရက် ပေါ်လာပြီး ဓားတစ်ချောင်းဖြင့်

အမျိုးသမီး၏ နဖူးအလယ်ဗဟိုကို ဖိကပ်ထားလိုက်သည်။

ဓားက သူမ၏အရေပြားထဲသို့ အနည်းငယ်ဖောက်ဝင်သွားသဖြင့် သွေးများ စီးထွက်လာကာ သူမ၏မျက်နှာလေးကို ဖုံးလွှမ်းသွားခဲ့သည်။

ယန်ယွဲ့က အမျိုးသမီး၏နားအနား တိုးကပ်ကာ ပြောလိုက်လေသည် “ကဲ၊ ငါ မင်းကို နောက်ထပ် အခွင့်အရေး ပေးမယ်။ မင်းက ငါနဲ့ ကျိုးကြောင်းပြချင်တာလား

ဒါမှမဟုတ် ငါတို့ရဲ့ လက်သီးတွေနဲ့ ပြိုင်ချင်တာလား"

"အကြောင်းပြချက်လား ဒါမှမဟုတ် လက်သီးချက်လား" ယန်ယဲ့၏ အေးစက်စက်အသံက နတ်မိုးကြိုးပလား ပဲ့တင်ထပ်သွားသည်။

အမျိုးသမီးက ယန်ယဲ့ကို စူးစူးစိုက်စိုက် စိုက်ကြည့်နေလေသည်။ သို့သော်လည်း သူမ၏ မျက်လုံးများတွင် ကြောက်ရွံ့ခြင်း

သို့မဟုတ် ထိတ်လန့်ခြင်း မရှိခဲ့ပေ။
ထိုအစား ထူးဆန်းစွာပင် ငြိမ်သက်နေခဲ့၏။

"ယန်ယဲ့၊ မင်းက မင်းရဲ့ခွန်အားကိုပြသဖို့
ဒီကိုလာခဲ့တာလား။ ဒါဆိုရင်
မင်းအောင်မြင်သွားပြီဆိုတော့ အခု
ထွက်သွားနိုင်တယ်" ထိုအချိန်တွင်
မြို့တွင်းမှ အသံတစ်ခု ထွက်ပေါ်လာသည်။

"သိုင်းသူတော်စင်..."

ယန်ယဲ့သည် မျက်လုံးများ အနည်းငယ်
မှိတ်သွားပြီးနောက် သူ၏
ခံစားစိတ်ဆန္ဒများကို ပြန်သိမ်းပြီး မြို့ဖက်သို့
လှမ်းကြည့်ကာ "အကြီးအကဲ၊
နောက်ပြောင်နေတာဖြစ်ရမယ်။
ဌာနမှူးရဲ့အမိန့်နဲ့ နတ်မိစ္ဆာဝက်ဝံကလန်က
အကူအညီကိုရယူဖို့ လာခဲ့တာပါ။
အခုဖြစ်ပျက်ခဲ့တာနဲ့ ပတ်သက်ပြီးတော့
လူငယ်မျိုးဆက်သစ်တွေကြား
တိုက်ခိုက်တာသက်သက်ပဲလို့ ထင်ပါတယ်။
အကြီးအကဲက ဒါကို ဘယ်လိုထင်လဲ"

"ဒါက တကယ်ကို ပုံမှန်ပါဘဲ" အသံက
"အဲဒါကြောင့်မို့ ငါ့နတ်မိစ္ဆာဝက်ဝံကလန်ရဲ့
ပါရမီရှင်တွေက မင်းနဲ့ နည်းနည်းလေး
လက်ရည်စမ်းလိမ့်မယ်"

အသံရပ်သွားသည်နှင့် မြို့ထဲကနေ
ဝက်ဝံအညို ၉ ကောင် ရုတ်တရက်
ခုန်ချလာကာ မြေပြင်ကို ပြင်းပြင်းထန်ထန်
ထုရိုက်လိုက်ကြသည်။

ဘမ်း!

ရောမပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက် အဝေးမှ
မြေကမ္ဘာတောင်တန်းပင်လျှင် ပြင်းထန်စွာ
တုန်ခါသွားခဲ့၏။

ဝက်ဝံအညိုများက
ကြီးမားခြင်းမရှိသော်လည်း ၎င်းတို့အနက်မှ
တစ်ကောင်စီဟာ ပင်လယ်သမုဒ္ဒရာကဲ့သို့
နက်ရှိုင်းသော အော်ရာများ

ပိုင်ဆိုင်ထားကြသည်။၎င်းတို့က
ရှေးဟောင်းခေတ်ဦးကတည်းက
တည်ရှိခဲ့သော ရောမတောင်ထွတ်ကြီး ၉
လုံးနှင့်ပင်တူပြီး ပြင်းထန်သောဖိအားများ
ထွက်လာကြသည်။

ထူးခြားချက်မှာ ဝက်ဝံအညို ၉
ကောင်စလုံးက
ခြွင်းချက်မရှိတူညီနေခြင်းပင်။

မျက်လုံးမှိတ်ထားလိုက်သည့်အခိုက်
သို့မဟုတ် အသက်ရှူနေစဉ်လုပ်သည့်
လှုပ်ရှားမှုတိုင်းသည်ပင် လုံးဝအတူတူပါ။

ဒီအချိန်မှာ ရှောင်ပိုင်ထျန်းက
ယန်ယွဲ့အနားသို့လျှောက်လာပြီး "ကြီး…
အစ်ကိုကြီး…. အဲဒီဝက်ဝံညို ၉ ကောင်က
သိုင်းသူတော်စင်တစ်ယောက်ကိုတောင်အ
ချိန်တော်တော်ကြာတဲ့ထိ
တိုက်ခိုက်နိုင်တယ်။ မင်း...သူတို့နဲ့
မတိုက်ခိုက်သင့်ဘူး"

ယန်ယဲ့က ရှောင်ပိုင်ထျန်းကို ပေါ့ပေါ့ပါးပါး ခေါင်းညိတ်ပြသည်။ ထို့နောက် မြေကမ္ဘာမြို့သို့ မော့ကြည့်ကာ "စီနီယာ ပြောတာကို ငါတကယ် နားမလည်ဘူး"

“မင်းသူတို့ကိုအနိုင်ယူရင် ငါ့ကိုတွေ့ဖို့ မြို့ထဲကို ဝင်ခွင့်ပြုမယ်။ ရှုံးသွားရင် မင်းပြန်သွားနိုင်ပြီ"

ယန်ယဲ့က ခေါင်းတစ်ချက်ညိတ်ကာ "ကောင်းပြီလေ၊ ဒါဆိုစမ်းကြည့်တာပေါ့" စကားပြောပြီးသည်နှင့် ဝက်ဝံအညို ၉ ကောင် ဆီသို့ လျှောက်သွားပါသည်။

ထိုအချိန်တွင် ရှောင်ပိုင်ထျန်း၏ ကျောပြင်ပေါ်၌ လဲလျောင်းနေသော အမျိုးသမီးက ရုတ်တရက်ပြောခဲ့သည် " နင်က တာအိုအမိန့်တော်ကို စိန်ခေါ် ခဲ့တဲ့ ယန်ယဲ့ကိုး၊ တိမ်ပင်လယ်မြို့ပြင်မှာ သန်းနဲ့ချီတဲ့ နတ်ဆိုးဝံပုလွေတွေကို သတ်ပြီး

အကယ်ဒမီရဲ့လျှို့ဝှက်ခြံဝန်းတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်တဲ့လူ"

ယန်ယဲ့က ခဏရပ်လိုက်ပြီး အမျိုးသမီးကို လှည့်ကြည့်လိုက်သည်။ သူက "မင်း ငါ့အကြောင်း သိတာလား"

အမျိုးသမီးက "ဒါဆို စုန့်ယွမ်က နင့်ကိုတကယ်ရှုံးနိမ့်သွားတာပေါ့"

ယန်ယဲ့က အနည်းငယ်ရှုပ်ထွေးသွားကာ
"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း “နင်က
အရမ်းသန်မာတယ်ဆိုတာ ငါ ဝန်ခံပါတယ်၊
ဒါပေမဲ့ နင်ထင်သလောက်
ငါကအားမနည်းဘူး။
ငါရှုံးရတဲ့အကြောင်းရင်းက နင့်ကို
လျှော့တွက်ထားလို့ပဲ၊ ဒါက ငါ့အမှားပဲ"

ယန်ယဲ့က သူမကို
ခဏလောက်စိုက်ကြည့်ပြီး
"ငါထင်သလောက်တော့ မင်းက
အရမ်းအားနည်းနေတယ်"

ထို့နောက် ယန်ယဲ့က အမျိုးသမီးကို
ဂရုမစိုက်တော့ဘဲ ဝက်ဝံ ၉ ကောင်ဆီ
လျှောက်သွားပါတော့သည်။

အမျိုးသမီးက “ငါ့ဒါကိုမှတ်ထားတယ်၊
နောင်မှာပြန်ယူမယ်"

"မင်းရဲ့နောက်ဘဝမှာပဲ ဖြစ်နိုင်တယ်"
ယန်ယဲ့က ခပ်ပြတ်ပြတ်ပြောပြီး ရှေ့သို့
လျှပ်တစ်ပြက် ခုန်ထွက်သွားလေသည်။

အမျိုးသမီး၏ ရင်ဘတ်က
နိမ့်တုန်မြင့်တုန်ဖြစ်လာပြီး
ရှောင်ပိုင်ထျန်း၏ ကျောပေါ်၌
လဲကျသွားကာ လက်သီးများကို
တင်းတင်းကြပ်ကြပ် ဆုပ်ထား သည်။

ဂါး!

ထိုအချိန်တွင် ဝက်ဝံအညို ၉ ကောင်က ရုတ်တရက် ခေါင်းမော့ကာ ကျယ်လောင်စွာ အော်လိုက်ပြီး ယန်ယဲ့ကို တိုက်ခိုက်လိုက်ကြသည်။

ဝက်ဝံ ၉ ကောင်၏ခြေသည်းများ မြေပြင်ပေါ်သို့ ကျဆင်းလာသည်နှင့်အမျှ မြေပြင်သည် မြေလျှင်လှုပ်သကဲ့သို့ တုန်လှုပ်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်လည်း ရုတ်တရက် လှုပ်ရှားရပ်တန့်သွားသည်။

သူ့လက်ထဲ၌ ဓားစိတ်ဆန္ဒဓားတစ်ချောင်းပေါ်လာပြီး သူ၏မျက်ခုံးအလယ်တည့်တည့်နှင့်ဖိကပ်ကာ ယန်ယဲ့သည် တင်ပျဉ်ခွေလျက်ထိုင်ချလိုက်လေသည်။

ဒီအချိန်မှာပဲ ဝက်ဝံ ၉ ကောင်က ယန်ယဲ့နှင့် မီတာ ၃၀၀ အကွာထက်မနည်း ရောက်လာကြ၏။ သူတို့ထံကနေ

ထွက်လာသည့်
ပြင်းထန်သောအငွေ့အသက်များက
ယန်ယဲ့အပေါ်
စုပြုံကျရောက်လာပါတော့သည်။ ယန်ယဲ့
တောင်တန်းကဲ့သို့ ခိုင်မြဲပြီး
မရွှေ့လျားနိုင်သော်လည်း သူ့နောက်မှ
မြေပြင် ကတော့ တဝုန်းဝုန်း
ပြိုကျလာသည်။

ဒီအချိန်မှာပဲ ယန်ယဲ့က ရုတ်တရက်
မျက်လုံးပွင့်လာသည်။

သူ့မျက်လုံးထဲကနေ အလင်းတန်းတစ်ခု ဖျတ်ခနဲ လင်းလက်လာပြီး အလင်းတန်းများ ပြန့်ကျဲသွားသည့်အခါ ယန်ယဲ့က ဝက်ဝံ ၉ ကောင်၏နောက်တွင် ပြန်ပေါ်လာသည်။

ဘမ်း! ဘမ်း! ဘမ်း!

တစ်ချိန်တည်းမှာပဲ ဝက်ဝံအညို ၃ ကောင်က မြေပြင်ပေါ်သို့ ဖြည်းညှင်းစွာ

ပြုတ်ကျလာသဖြင့် အခြားဝက်ဝံများက အံ့အားသင့်စွာ ကြည့်နေမိကြသည်။

သူတို့က ပြုတ်ကျလာသော ဝက်ဝံအညို ၃ ကောင်၏ရှေ့ခြေသလုံးရှိ အရွတ်များ ကွဲထွက်သွားသည်ကို သတိပြုမိကြပြီး အနည်းငယ် ထိတ်လန့်သွားခဲ့သည်။

လှီးဖြတ်ထားသည့်ဒဏ်ရာများက ကြေးမုံပြင်ကဲ့သို့ အလွန်ပြန့်ပြူးပြီး ချောမွေ့နေသည်။

ဒီအချိန်မှာပဲ ယန်ယဲ့က
ဖျတ်ခနဲတောက်ပလာပြီး
နေရာတွင်ပင် ထပ်မံ
ပျောက်ကွယ်သွားပြန်သည်။

ဘမ်း! ဘမ်း! ဘမ်း!

ထို့နောက် နောက်ထပ် ဝက်ဝံအညို ၃
ကောင်က မြေပြင်ပေါ်သို့
ထပ်ပြီးပြုတ်ကျသွားလေသည်။

ယန်ယဲ့က နေရာမှာပဲ
ပျောက်ကွယ်သွားပြီးအလင်းတန်းတစ်ခု
ထပ်ပြီး လင်းလက်လာပြန်သည်။

ဘုန်း! ဘုန်း! ဘုန်း!

နောက်ဆုံး ကျန်နေသော ဝက်ဝံအညို ၃
ကောင် လည်း မြေပြင်ပေါ်သို့
လဲကျသွားပါတော့သည်။
ယခင်ကလိုမျိုးပါ၊ သူတို့၏
ရှေ့ခြေထောက်များ အားလုံးရှိ

အရွတ်များသည် ခြင်းချက်မရှိ
ပြတ်တောက်သွားခဲ့သည်။

ဒီမြင်ကွင်းကြောင့် ပတ်ဝန်းကျင်သည်
လုံးဝတိတ်ဆိတ်သွား၏။

နေရာရှိ ဝက်ဝံများအားလုံး လက်ထဲတွင်
ဓားတစ်ချောင်းကိုင်လျက် ရပ်နေသော
ယန်ယွဲ့ကို မယုံကြည်နိုင်စွာ
ကြည့်နေကြသည်။

ဝက်ဝံအညို ၉ ကောင်စလုံးက
သာမန်သူတော်စင်တစ်ပိုင်းအဆင့်များ
မဟုတ်ကြချေ။ သူတို့က
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များဖြ
စ်၏။ သို့သော် လည်း
ဓားကိုင်ထားသောထိုလူသားနှင့်
ရင်ဆိုင်တိုက်ခိုက်ပြီးနောက်
တစ်ခဏလေးအတွင်းရှုံးနိမ့်သွားခဲ့ကြသည်။

"ဒီလူသားက သိုင်းသူတော်စင်လား"
အနီးတစ်ဝိုက်ရှိ ဝက်ဝံများအားလုံး

တုန်လှုပ်ချောက်ချားသွားသလို
အတွေးတစ်ခုလည်း ရှိခဲ့ကြသည် ။

အမျိုးသမီးက လက်သီးများကို
တင်းတင်းကြပ်ကြပ် ဆုပ်ထားသည်။
သူမ၏မျက်လုံးများတွင် ထိတ်လန့်မှု၊
မယုံကြည်မှုနှင့်
အလွန်အမင်းကြောက်ရွံ့မှုများ ရှိနေသည်။

"အစ်မ…အဲဒါကို ခံနိုင်ရည်ရှိလား…
သူ့ရဲ့တိုက်ခိုက်မှုကို ခုခံနိုင်မယ်ဆိုတာ

သေချာရဲ့လား” ရှောင်ပိုင်ထျန်းက တုန်တုန်ယင်ယင် အသံဖြင့် မေးလိုက်သည်။

ဘမ်း!

အမျိုးသမီးက ရှောင်ပိုင်ထျန်း၏ ခေါင်းကို လက်သီးဖြင့် ထိုးလိုက်သဖြင့် ချက်ချင်းပင် မြေပြင်ပေါ်သို့ ရိုက်ချခံရပြီး နေရာတွင် ရောမတွင်းကြီးပေါ်လာသည်။

"နင်ဒီလိုဆက်ပြောနေရင် တစ်နှစ်လောက်
လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး"
အမျိုးသမီးက ကြမ်းပြင်ပေါ်တွင်
လဲလျောင်းနေသော ရှောင်ပိုင်ထျန်းကို
စိုက်ကြည့်ပြီး ပြောလိုက်သည်။ ထို့နောက်
ယန်ယဲ့ကို လှည့်ကြည့်ကာ သူမ၏
မျက်လုံးများထဲတွင်
ရှုပ်ထွေးသောခံစားချက်များနှင့်
ဖော်မပြနိုင်သော အရိပ်အယောင်များ
ပေါ်လာလေသည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၃ - ကျေးဇူးကြွေးတဲ့လား

ထိုအချိန်တွင် ယန်ယဲ့သည်

အသက်ပြင်းပြင်းရှူလိုက်ရာ

သူ့မျက်နှာသည် အနည်းငယ်

ဖြူဖျော့သွားလေသည်။

"အတွေးဖြင့်သတ်ဖြတ်ခြင်း" ၃
ကြိမ်ဆက်တိုက်အသုံးပြုခြင်းက
သူ့ခွန်အားကို ကုန်ခန်းလုနီးပါးဖြစ်
သွားစေသည်။ သို့သော်
ပေးဆပ်ရတန်ပါသည်။ သူက
အောင်မြင်မှုရဖို့ အသေးငယ်ဆုံးသော
တန်ကြေးကိုပေးဆောင်ခဲ့သည်ဟုသာ
ယူဆနိုင်သည်။ အကယ်၍ သူသည်
အတွေးဖြင့်သတ်ဖြတ်ခြင်း ကို
အသုံးမချခဲ့ပါက ထိုဝက်ဝံအညို ၉
ကောင်နှင့် ရက်အနည်းငယ် သို့မဟုတ်

ညပေါင်းများစွာထိ
တိုက်ခိုက်ရပေလိမ့်မည်။

လက်ရှိသူက ၎င်းတို့နှင့်တိုက်ခိုက်ပြီး
အချိန်ဖြုန်းဖို့ အချိန်မရှိပေ။

"ငါ မင်းကို လျှော့တွက်ခဲ့တယ်"
ထိုအချိန်တွင် မြို့တွင်းမှ အသံက "လာပါ၊
မင်းငါ့ကို ဘယ်လို စည်းရုံးမလဲဆိုတာကို ငါ
သိချင်နေတယ်"

"သိုင်းသူတော်စင်က ငါ့ဘာလို့လာတာလဲကို သိနေတဲ့ပုံဘဲ" ယန်ယဲ့သည် အနည်းငယ် ခေါင်းညိတ်ပြပြီးနောက် မြို့တော်ဆီသို့ ခုန်ထွက်သွားလိုက်သည်။

ယန်ယဲ့သည် မြို့ထဲသို့ဝင်လာသောအခါ သူ့စိတ်ထဲ၌ အတော်လေး အံ့အားသင့်သွားသည်။ သူသည် မြို့ထဲရှိ ဝက်ဝံများအားလုံးနီးပါး အမှန်တကယ်ပင် လူသားအသွင်ဆောင်ထားသည်ကို သတိပြုမိခဲ့လေသည်။

သို့သော် အများစုမှာ ၎င်းတို့၏ မူလပုံစံအတိုင်း ရှိနေသေးသည်။ ဒီအချိန်မှာ ဝက်ဝံအားလုံးက ယန်ယဲ့ကို ခြွင်းချက်မရှိ စိုက်ကြည့်နေကြသည်။

"အစ်ကိုကြီး၊ အစ်ကိုကြီး။ ငါ့ကိုစောင့်ပါ" ထိုအချိန်တွင် ရှောင်ပိုင်ထျန်းက ယန်ယဲ့နောက်ကနေ ရုတ်တရက် ပြေးလိုက်လာပြီး "အစ်ကိုကြီး၊ မင်းဘာလို့ ငါ့အဖေကိုလာတွေ့တာလဲ"

ရှောင်ပိုင်ထျန်း၏ နံဘေးမှအမျိုးသမီး ကတော့

စူးစူးရှရှ အကြည့်ဖြင့် သူ့ကို ကြည့်နေသည်။

ယန်ယဲ့သည် ရှောင်ပိုင်ထျန်းကို တစ်ချက်ကြည့်လိုက်ပြီး "အမ်....၊ မင်းက နတ်မိစ္ဆာဝက်ဝံဘုရင်ရဲ့သားလား"

ဟီးဟီး...!

ရှောင်ပိုင်ထျန်းက သူ့ရင်ဘတ်ကို သူပုတ်ပြီး ကျေနပ်အားရစွာပြောပါလေသည်
"ဟုတ်တယ်၊ ငါက ဝက်ဝံဘုရင်ရဲ့ သားအငယ်"

ယန်ယဲ့သည်
အနည်းငယ်အံ့အားသင့်နေပုံဖြင့် ခေါင်းညိတ်လိုက်သည်။ သူ့စိတ်ထဲ၌ အနည်းငယ် အံ့ဩသွားသော်လည်း သူ့အတွက် အရမ်းကြီး အံ့ဩစရာတော့ မဟုတ်ပေ။

ရှောင်ပိုင်ထျန်း၏ အဆင့်အတန်းဟာ
အစကတည်းက သာမန်မဟုတ်ကြောင်း
သူလည်း သတိထားမိခဲ့သည်။
ဝက်ဝံများအားလုံးက ရှောင်ပိုင်ထျန်းကို
လေးစားသောအကြည့်များဖြင့်
ရှောင်ဖယ်သွားကြသဖြင့်
သူတို့နှစ်ယောက်လုံးဟာ
လမ်းတစ်လျှောက်လုံး မည်သည့်
အတားအဆီးမျှ မရှိခဲ့ပေ။ ထိုအချက်ကို
ကြည့်လျှင် ရှောင်ပိုင်ထျန်း၏
အဆင့်အတန်းက မည်မျှ ထူးခြားသည်ကို

ရှင်းရှင်းလင်းလင်း
ဖော်ပြနေသည်မဟုတ်လော။

ယန်ယဲ့၏ အမူအရာက
တည်ငြိမ်နေကြောင်း သတိပြုမိသောအခါ
ရှောင်ပိုင်ထျန်းက အံ့အားသင့်သွားပြီး
“အစ်ကိုကြီး၊ မင်းပြောစရာမရှိဘူးလား။
ငါ... ငါက နတ်မိစ္ဆာဝက်ဝံကလန်ရဲ့
အနာဂတ်ခေါင်းဆောင်လေ"

ယန်ယဲ့သည် ရှေ့လျှောက်သွားနေရာမှ ရုတ်တရက် ရပ်လိုက်ပြီး ရှောင်ပိုင်ထျန်းကို လှည့်ကြည့်ကာ ပြောလိုက်လေသည်။ "ဒါကောင်းတဲ့အရာလား"

ရှောင်ပိုင်ထျန်းလည်း ယန်ယဲ့က ထိုသို့မေးလာလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားကာ "ဒါကသိပ်ကောင်းတာမဟုတ်ဘူးလား။ ငါတို့ရဲ့နတ်မိစ္ဆာဝက်ဝံကလန်က

ထင်းရှူးစီရင်စုမှာ အစွမ်းထက်ဆုံး
နတ်ဆိုးမျိုးနွယ်စုလေ"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"နတ်မိစ္ဆာဝက်ဝံမျိုးနွယ်က တော်တယ်၊
ဒါပေမဲ့ မင်းလား"

“ငါ….” ရှောင်ပိုင်ထျန်းက ယန်ယဲ့ကို
စိုက်ကြည့်လိုက်ပြီး "တကယ်တော့ ငါက
တော်တော်သန်မာတယ်"

ယန်ယဲ့က ပြုံးသည်။ သူက "ဒါဆို မင်းငါ့ကိုအနိုင်ယူနိုင်မလား"

ရှောင်ပိုင်ထျန်း၏ မျက်နှာသည် အေးခဲသွားပြီး ရှက်ကိုးရှက်ကန်းဖြင့် ရယ်ကာ "ဟို... အစ်ကိုကြီး၊ ငါနဲ့ မင်းကြားက ကွာဟချက်လေးတစ်ခု ရှိတယ်"

ယန်ယဲ့က "ဒါပေမဲ့ ပြင်ပကမ္ဘာက တခြားသူတွေ ငါ့ကိုသတ်နိုင်တယ်ဆိုတာ မင်းသဘောပေါက်လား" ဒီအချက်ကို

ပြောရင်း ရှောင်ပိုင်ထျန်း၏ ခေါင်းကို
အသာပုတ်လိုက်ပြီး
"နတ်မိစ္ဆာဝက်ဝံမျိုးနွယ်ရဲ့ အင်အားက
မင်းနဲ့မဆိုင်ဘူးဆိုတာသတိရပါ။
ဘာလို့လဲဆိုတော့ သူတို့ရဲ့ ခွန်အားက
မင်းရဲ့ခွန်အားမဟုတ်လို့ပဲ။
မင်းတွေးကြည့်လိုက်ရုံပဲလေ။ မင်း
မြေကမ္ဘာမြို့ကနေ ထွက်သွားတာနဲ့
သိုင်းသူတော်စင်တစ်ယောက်ကသာ
မင်းကိုသတ်ချင်နေတယ်ဆိုရင်
မင်းဘာလုပ်မလဲ။ မင်းက

နတ်မိစ္ဆာဝက်ဝံကလန် ရဲ့
အနာဂတ်ခေါင်းဆောင်ဖြစ်တယ်ဆိုတာကို
သူ့ကို ပြောပြမလား"

“အင်း….” ရှောင်ပိုင်ထျန်းက
ထိုဖြစ်နိုင်ချေကို တစ်ခါမှ တွေးမထားသဖြင့်
ဘာပြောရမှန်းတောင် မသိတော့ပေ။

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်
"မင်းနာမည်က ရှောင်ပိုင်ထျန်း ပေါ့"

"ငါ... ငါ့ကိုယ်ငါ ပေးထားတာလေ"
ရှောင်ပိုင်ထျန်းက သူ့ရင်ဘတ်သူပုတ်ပြီး
"ကောင်းကင်ကြီးကိုတောင် အနိုင်ယူနိုင်တဲ့
ဝက်ဝံတစ်ကောင်ဖြစ်ချင်တယ်၊
အဲ့ဒါကြောင့် ကိုယ့်ကိုယ်ကို ရှောင်ပိုင်ထျန်း
လို့နာမည်ပေးခဲ့တယ်"

"မင်းမှာ တော်တော်ဆန္ဒရှိပုံရတယ်"
ယန်ယဲ့က ခေါင်းညိတ်ပြီးပြောလိုက်ပါသည်
"မင်းငါ့ကို အစ်ကိုကြီးလို့
ခေါ်လိုက်ကတည်းက

ငါနည်းနည်းထပ်ပြောမယ်။
မင်းမှာခွန်အားရှိနေမှ
နတ်မိစ္ဆာဝက်ဝံကလန်ကို ဂုဏ်တက်စေမှာ။
နောင်အနာဂတ်မှာ နတ်မိစ္ဆာဝက်ဝံကလန်ကို
ဦးဆောင်ရမှာဖြစ်လို့
ဂုဏ်ယူစရာမဟုတ်ဘူး။ ဒါကို
အမြဲမှတ်ထားပါ။ နားလည်လား"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့က
တစ်ဖက်ပြန်လှည့်ပြီး မြို့ဆီသို့
ခပ်သွက်သွက်လေး ထွက်သွားသည်။

ရှောင်ပိုင်ထျန်းက အံ့အားသင့်သွားပြီး အချိန်အတော်ကြာအောင် ငေးမောနေခဲ့သည်။ ခဏအကြာတွင် ရုတ်တရက် နောက်ပြန်လှည့်ကာ အမျိုးသမီးကို မေးလိုက်သည်။ "အစ်မ၊ ငါ နတ်မိစ္ဆာဝက်ဝံကလန်ရဲ့အနာဂတ်ခေါင်းဆောင် မဟုတ်ရင် ငါ့ကို လေးစားနေကြမှာလား" သူစကားပြောနေရင်းဖြင့် အဝေးမှ အခြားဝက်ဝံများကို လှမ်းကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင်
ဝက်ဝံများအားလုံးသည် ရှောင်ပိုင်ထျန်းကို
ရိုသေလေးစားစွာ ဦးညွှတ်၍ အလျင်အမြန်
ငုံ့ကြည့်နေကြသည်ကို တွေ့လိုက်ရသည်။

အမျိုးသမီးက "ပိုင်ထျန်း၊ အဖေက နင့်ကို
အပြင်လောက ထွက်သွားပြီး ကမ္ဘာကြီးကို
တွေ့ခွင့်မရအောင်
ပိတ်ပင်ထားတာမဟုတ်ဘူး၊ နင့်ကို ငါတို့
ခွင့်မပြုရတဲ့ အကြောင်းရင်းက နင်
အားနည်းလွန်းတာကြောင့်ပဲ။

နင်ထွက်သွားတိုင်း တတိယဦးလေးနဲ့ တခြားသူတွေက အကာအကွယ်မပေးဘူးဆိုရင် ဒီကို တကယ်ပြန်လာနိုင်မှာ မဟုတ်ဘူး”

စကားပြောပြီးနောက် အမျိုးသမီးက ရှောင်ပိုင်ထျန်း၏ ခေါင်းကို ညင်သာညင်သာသာ ပုတ်ပြီး သူမ၏ မျက်လုံးများတွင် ရှားရှားပါးပါး နူးညံ့သိမ်မွေ့သော အမူအရာတစ်ခု ရှိနေသည်။ "နင် အပြင်လောကကို

သွားနိုင်မှာပါ။ ဒါပေမဲ့
နင်ငါ့ကိုအနိုင်ယူနိုင်တာနဲ့ ကြိုက်တဲ့နေရာ
သွားလို့ရပြီ"

ရှောင်ပိုင်ထျန်းက ပတ်ဝန်းကျင်ရှိ
အခြားဝက်ဝံများကို စိုက်ကြည့်ကာ “ငါ
နားလည်ပါပြီ။ အစ်မနဲ့အဖေသာမရှိရင်
သူတို့က ငါ့ကို
လုံးလုံးလေးစားမှာမဟုတ်ဘူး”

"အနာဂတ်မှာ နတ်မိစ္ဆာဝက်ဝံကလန်ကို အုပ်ချုပ်ချင်တယ်ဆိုရင်တော့ နင့်ရဲ့ ကျင့်ကြံမှုကို ပြင်းပြင်းထန်ထန် ကြိုးစားရမှာပဲ" အမျိုးသမီးက "မဟုတ်ရင် အဖေက နင့်လက်ထဲ ငါတို့ မျိုးနွယ်ကို ဘယ်တော့မှ ထိန်းချုပ်ခွင့် ပေးမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဒါက နင့်ကို ဒုက္ခပေးသလိုပဲဖြစ်လိမ့်မယ်"

ရှောင်ပိုင်ထျန်းက ခေါင်းညိတ်ပြပြီး "အစ်မ၊ ငါ အခု နားလည်ပါပြီ" ဟု ပြောပြီး

အချိန်တော်တော်ကြာသည်ထိ
နှုတ်ဆိတ်သွားခဲ့သည်။

အမျိုးသမီးက အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် ရှောင်ပိုင်ထျန်း၏
ခေါင်းကို အသာအယာပုတ်ကာ "လာ၊
သူဘာလို့ ဒီမှာရှိနေတာလဲ ကြည့်ရအောင်"

...

နတ်မိစ္ဆာဝက်ဝံကလန်၏
တော်ဝင်နန်းတော်....။

ယန်ယဲ့သည်
နတ်မိစ္ဆာဝက်ဝံဘုရင်နေထိုင်သောနန်းတော်
အတွင်းရှိ ခမ်းနားကြီးကျယ်သော
ခန်းမထဲသို့ ဝင်ရောက်လာခဲ့သည်။

ဝင်လာလာရင်း ခန်းမထဲကနေ
ပျံ့လွင့်လာသော ကြောက်မက်ဖွယ်ရှ
အော်ရာအများအပြားကို
ချက်ချင်းခံစားလိုက်ရလေသည်။

ထိုအော်ရာများက သူ့ဆီ
ဦးနေသည်မဟုတ်သော်ငြား
အသက်ရှူကြပ်မတတ်ခံစားမိစေသည်။

ယန်ယွဲ့က ခေါင်းမော့ပြီး ကြည့်လိုက်ရာ
ခန်းမ၏တစ်ဖက်တစ်ချက်စီ၌ လူအိုကြီး ၅
ယောက် ရပ်နေသည် တွေ့လိုက်ရသည်။
ခန်းမ၏အလယ်ဗဟိုထိုင်ခုံမှာတော့
အဝါရောင်ဝတ်ရုံလူလတ်ပိုင်းတစ်ယောက်
ထိုင်နေသည်။

"သိုင်းသူတော်စင် ၁၁ ဦး" ယန်ယဲ့သည် နတ်မိစ္ဆာဝက်ဝံကလန်က သိုင်းသူတော်စင် ၁၁ ယောက်အထိ ပိုင်ဆိုင်ထားဖို့ မျှော်လင့်မထားခဲ့ပေ။ လက်တွေ့မြင်လိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ်သွားခဲ့သည်။

အဝါရောင်ဝတ်ရုံလူလတ်ပိုင်းက ရုတ်တရက် စကားစပြောလိုက်သည်။ “မင်းဒီကို ဘာကြောင့် ရောက်လာတာလဲ ငါသိပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်ကပဲ

ငါတို့က တညီတညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့ပြီးပြီ။ တိမ်ပင်လယ်အကယ်ဒမီနဲ့ ရွှေနတ်ဆိုးဝံပုလွေကလန်ကြားက ပဋိပက္ခစစ်ပွဲကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဖို့ ငါတို့ ဆုံးဖြတ်လိုက်တယ်"

နတ်မိစ္ဆာဝက်ဝံဘုရင်၏ စကားကို ကြားလိုက်သည့်အခါ ယန်ယဲ့သည် အတော်လေး တုန်လှုပ်သွားခဲ့သည်။ သူသည်

ခဏကြာလေးလေးနက်နက်စဉ်းစားနေပြီး

ရှန်းယွန်ရှီ ပေးခဲ့သော ဝက်ဝံအစွယ်ကို

ထုတ်ယူလိုက်သည်။ သို့သော်လည်း

ဝက်ဝံအစွယ်ကိုထုတ်ယူလိုက်သည်နှင့်

သူ့အပေါ် ရန်လိုသောအကြည့်များ

ကျရောက်လာသည်ကို သတိပြုမိသဖြင့်

ယန်ယဲ့ဟာ အလွန်

အံ့အားသင့်သွားသည်။အချို့က

လူသတ်ချင်စိတ်များကို

တိုက်ရိုက်ထုတ်လွှတ်ထားသည့်အထိပင်။

ယန်ယဲ့သည် ဝက်ဝံအစွယ်ကို
ငုံ့ကြည့်ပြီးနောက် ယခင်က အမျိုးသမီး၏
တုံ့ပြန်မှုနှင့်
ပြန်ပြီးဆက်စပ်ကြည့်လိုက်သည်။ သူက
မည်မျှပင် မသိပါစေ ဒီဝက်ဝံအစွယ်
နှင့်ပတ်သက်၍ တစ်ခုခုများတော့ကြောင်း
သိလိုက်ပါသည်။

"ဒီလူအိုကြီးက ငါ့ကို လှည့်စားခဲ့တာ
သေချာတယ်" ယန်ယဲ့သည်
အကူအညီမဲ့စွာသာ ရယ်မောလိုက်သည်။

နတ်မိစ္ဆာဝက်ဝံကလန်၏

သိုင်းသူတော်စင်များ မည်သည်ကြောင့်

ဒေါသ၊ သတ်ဖြတ်ချင်စိတ်များ

ပေါ်လာသည်ကို မသိသော်လည်း

ဝက်ဝံအစွယ်က ရှန်းယွန်ရှီ ပြောသည့်

ကျေးဇူးအကြွေးကို ကိုယ်စားမပြုကြောင်း

ကောင်းကောင်းသိလိုက်၏။ အကယ်၍

နတ်မိစ္ဆာဝက်ဝံကလန်ကသာ ရှန်းယွန်ရှီကို

ကျေးဇူးကြွေးတင်နေပါက သေချာပေါက်

ဒီလိုပြုမူမည်မဟုတ်ပေ။

အဝါရောင်ဝတ်ရုံနှင့်လူလတ်ပိုင်းက ရုတ်တရက် မေးလိုက်သည်။ "ရှန်းယွန်ရှီက သူ ဒီဝက်ဝံအစွယ်ကို ဘယ်လိုရလာတယ်ဆိုတာ မင်းကို မပြောခဲ့ဘူးလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "နတ်မိစ္ဆာဝက်ဝံမျိုးနွယ်ရဲ့ အရင်မျိုးဆက်ဧကရာဇ်က သူ့ဆီမှာ ကျေးဇူးကြွေးတင်နေတယ်ဆိုတာပဲ။ ပြီးတော့ သူလိုအပ်တဲ့အခါ

နတ်မိစ္ဆာဝက်ဝံမျိုးနွယ်ဆီကနေ
အကူအညီတောင်းလို့ရအောင်ဆိုပြီးပဲ
ပြောခဲ့တယ်"

"ကျေးဇူးလား" မျက်နှာပေါ်တွင်
ကြောက်မက်ဖွယ်ရာ အမာရွတ်ရှိသော
အဘိုးအိုတစ်ယောက်က ရုတ်တရက်
အေးစက်စက်ပြောလာသည် "ရှန်းယွန်ရှီက
အသက်ကြီးလာလေလေ
အသားပိုထူလာတယ်"

"လူသားတိုင်း ဒီလိုပါပဲ" ထိုအဘိုးအို၏ နံဘေးမှ အခြားအဘိုးအိုတစ်ယောက်က အေးစက်စက်ပြောပြီး ယန်ယဲ့ကို စူးစူးရဲရဲတစ်ချက်စိုက်ကြည့်လိုက်သည်။

၁၂၃၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၄ - အစ်ကိုကြီးက

အရမ်းအန္တရာယ်များတယ်

ဒီစကားများကို ထပ်ကြားလိုက်သော်

ယန်ယဲ့ဟာပါးစပ်ထောင့်များ

တုန်လှုပ်သွားသည်။

ဝက်ဝံအစွယ်ကို မြင်လိုက်ချိန်မှာ

နတ်မိစ္ဆာဝက်ဝံကလန်၏ အာဏာပိုင်များက

ရန်လိုစိတ်များထားရသည်ကို

ယခုမှသာနားလည်ခဲ့သည်။

ဒီအခိုက်အတန့်တွင်

တိမ်ပင်လယ်မြို့သို့အလျင်အမြန်ပြန်သွား

ပြီး သူ့ကို လှည့်စားခဲ့သော

ရှန်းယွန်ရှီအား ရိုက်နှက်ချင်နေမိသည်။

ထိုအချိန်တွင် “ဟုတ်ပါတယ်၊ သူတို့ရဲ့
ဆက်ဆံရေးက ပိုဝေးပါသေးတယ်။
ဒီကိစ္စကို ဒီအတိုင်းပဲထားပါရစေ။
အသေးအမွှားတစ်ခုခုဖြစ်ခဲ့ရင် ငါ့ရဲ့
နတ်မိစ္ဆာဝက်ဝံကလန်က နင့်ကို
လက်တစ်ကမ်း ငှားမယ်။ ဒါပေမဲ့
ရိုးရိုးသားသားပြောရရင်
ငါ့ရဲ့နတ်မိစ္ဆာဝက်ဝံကလန်က
လက်ရှိတိမ်ပင်လယ်အကယ်ဒမီရင်ဆိုင်နေ

ရတဲ့ အခြေအနေကို
လုံးဝဝင်ပြီးစွက်ဖက်နိုင်မှာမဟုတ်ဘူး။
ဒီလိုဆို မင်းထွက်သွားနိုင်ပြီ"

ယန်ယဲ့က
"တော်တော်လေးရိုင်းတယ်ဆိုပေမဲ့
ဘာလို့လဲဆိုတာ မေးချင်သေးတယ်"

အဝါရောင်ဝတ်ရုံဝတ်အမျိုးသားက
ယန်ယဲ့ကို အချိန်အတော်ကြာ
စိုက်ကြည့်ရင်း “မင်း စောစောက

ပိုင်ထျန်းကို ပြောခဲ့တာတွေအတွက်
နည်းနည်းလေးမျက်နှာပေးရအောင်
စကားနည်းနည်းထပ်ပြောလိုက်မယ်။
ယန်ယွဲ့၊ မင်းရဲ့ပင်ကိုယ်စွမ်းရည်က
အရမ်းကြောက်စရာကောင်းတယ်။
ဗဟိုနတ်ဘုရားစီရင်စုမှာတောင်
မဆိုးနိုင်ဘူး။ ဒါပေမဲ့ မင်းက
တိမ်ပင်လယ်အကယ်ဒမီမှာ ဆက်နေပြီး
စစ်ပွဲကို ဝင်ပါနေမယ်ဆိုရင်
မင်းသေလိမ့်မယ်”

ယန်ယဲ့က ခေါင်းညိတ်ကာ
"တိမ်ပင်လယ်အကယ်ဒမီကို
နတ်ဆိုးမျိုးနွယ်တွေ
တိုက်ခိုက်အောင်လုပ်တဲ့သူက
ဗဟိုဘုရားစီရင်စုကဖြစ်မယ်ထင်တယ်၊
ဟုတ်တယ်ဟုတ်"

"ဟုတ်တယ်..." အဝါရောင်ဝတ်ရုံလူက
"သူတို့က ငါ့နတ်မိစ္ဆာဝက်ဝံကလန်ကိုလည်း
ဆက်သွယ်ခဲ့တယ်ဆိုတာ
ပွင့်ပွင့်လင်းလင်းပြောနိုင်တယ်။ သူတို့က

ငါ့နတ်မိစ္ဆာဝက်ဝံကလေးကိုလည်း
ကူညီစေချင်တယ်။ ဒါပေမဲ့
ငါသဘောမတူခဲ့ဘူး၊ သူတို့က
အတင်းအကြပ်မလုပ်ခဲ့ပေမဲ့
ငါ့နတ်မိစ္ဆာဝက်ဝံကလေးကို
အကယ်ဒမီရဲ့ကိစ္စတွေမှာ ဝင်မစွက်ဖက်ဖို့
တောင်းဆိုထားတယ်။ရိုးရိုးသားသားပြောရ
ရင် ဒီတစ်ကြိမ်မှာ
တိမ်ပင်လယ်အကယ်ဒမီက
ထင်းရှူးစီရင်စုကနေ
အပြီးတိုင်ပျောက်ကွယ်သွားရလိမ့်မယ်”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ငါ
နားလည်ပါပြီ"

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
နောက်လှည့်၍ ထွက်ပေါက်ဆီသို့
လျှောက်သွားသည်။
တံခါးရှေ့အရောက် ရုတ်တရက် ရပ်သွားပြီး
အဝါရောင်ဝတ်ရုံလူကို လှည့်ကြည့်ရင်း
"ငါ့အမြင်တစ်ခုရှိတယ်၊ စီနီယာက

ငါပြောတာ နားထောင်ချင်ပါ့မလားလို့ တွေးမိတယ်"

အဝါရောင်ဝတ်ရုံဝတ်လူက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ကာ “ဆက်ပြောပါ၊ ငါလည်း တော်တော် သိချင်နေတယ်”

ယန်ယဲ့က "အကြီးအကဲ၊ တိမ်ပင်လယ်အကယ်ဒမီက  သူတို့ရဲ့ တစ်ခုတည်းသော ပစ်မှတ်လို့ မင်းထင်လား"

အဝါရောင်ဝတ်ရုံဝတ်လူက မျက်လုံးများကို မှိတ်ပြီး "မင်းဘာပြောဖို့ ကြိုးစားနေတာလဲ"

ယန်ယဲ့က “နောက်ကွယ်ကနေ ကြိုးကိုင်နေတဲ့သူဟာ တိမ်ပင်လယ်အကယ်ဒမီကို ဖျက်ဆီးရုံနဲ့ မရပ်တန့်နိုင်ဘူးလို့ ငါထင်တယ်။ ငါ့မှာ ဘာအထောက်အထားမှ မရှိဘူး၊ ဒါက ငါ့ခံစားချက်တစ်ခုပဲ။ ငါမှန်ရင် ဘာဖြစ်မလဲ။ အဲဒီနောက်မှာ

တိမ်ပင်လယ်အကယ်ဒမီပျက်စီးသွားတာနဲ့

သူတို့ရဲ့နောက်ထပ်ပစ်မှတ်က

ရှေးဟောင်းဓားကျောင်းတော်နဲ့

တာအိုအမိန့်တော် တို့ပဲ ဖြစ်လိမ့်မယ်။

လူသားမျိုးနွယ်ရဲ မဟာအင်အားစုတွေ

ပျက်စီးသွားတာနဲ့

နောက်ပစ်မှတ်ကဘယ်သူဖြစ်မလဲ။

အဲဒီအခါကျ ရွှေနတ်ဆိုးဝံပုလွေဘုရင်

ရှေ့မှာ ဦးညွတ်ဖို့ ဆန္ဒရှိနေရင် မင်းရဲ့

နတ်မိစ္ဆာဝက်ဝံကလန်က သေချာပေါက်

ဘေးကင်းနေလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့သည် ချက်ချင်းပင် ခန်းမထဲမှ ထွက်လာခဲ့သည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့် ခန်းမထဲတွင် အချိန်အတော်ကြာ တိတ်ဆိတ်သွားခဲ့ကြသည်။ နောက်ဆုံးတွင် အဘိုးအိုတစ်ဦးက "သူပြောတာက အဓိပ္ပာယ်ရှိတာပဲ"

"အဲဒါကို ငါဘယ်လိုမှ သတိမထားမိခဲ့ဘူး"

အဝါရောင်ဝတ်ရုံဝတ်လူက “ဒါဟာ

ရွှေနတ်ဆိုးဝံပုလွေကလန် နဲ့

သံမဏိမျောက်ဝံကလန်တွေတင်မကဘူး။

ကောင်းကင်ဘုံနတ်ဘုရားခန်းမတောင်

ဒီပဋိပက္ခမှာပါဝင်နေတယ်။ သူ့ရဲ့

ရည်ရွယ်ချက်က

တိမ်ပင်လယ်အကယ်ဒမီကိုပဲ ဖျက်စီးဖို့သာ

ဆိုရင် ဒီလို အင်အားစုတွေ

မလိုအပ်တာတော့ သေချာတယ်။ အဲဒီလူက

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းတစ်ခုလုံးကို

ချုပ်ကိုင်ဖို့စီစဉ်ထားတာ သေချာပါတယ်။ မဟုတ်ဘူး၊ ဒါက ထင်းရှူးစီရင်စုတစ်ခုလုံး ဖြစ်သင့်တယ်"

မျက်နှာတွက် အမာရွတ်နှင့်အဘိုးအိုက "အဲဒီကလေးပြောသလိုပဲ၊ ရှေးဟောင်းဓားကျောင်းတော်၊ တာအိုအမိန့်တော် နဲ့ တိမ်ပင်လယ်အကယ်ဒမီတို့ကို ဖြေရှင်းပြီးတာနဲ့ သူ့ရဲ့နောက်ထပ်ပစ်မှတ်က

ငါတို့နတ်မိစ္ဆာဝက်ဝံကလန်
ဖြစ်ကောင်းဖြစ်နိုင်တယ် ”

အခြား သိုင်းသူတော်စင် တစ်ယောက်က
“ဒါဆို ငါတို့ ဝင်စွက်ဖက်သင့်လား”

"ဒါပေမဲ့ တိမ်ပင်လယ်အကယ်ဒမီက သူတို့ရဲ့
တစ်ခုတည်းသော ပစ်မှတ်ဖြစ်နေရင်
ဘယ်လိုလုပ်မလဲ" နောက်ထပ်
အနက်ရောင်ဝတ်ရုံအဘိုးအိုက “ဒီလိုဆိုရင်
ငါတို့ရဲ့ဝင်စွက်ဖက်တာက

ရွှေနတ်ဆိုးဝံပုလွေကလန်၊
ကောင်းကင်ဝါးမျိုစပါးအုံးကလန်၊
သံမဏိမျောက်ဝံကလန် နဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ဆန့်ကျင်လိုက်တာနဲ့အတူတူပဲ။ ဒါ့အပြင်
ငါတို့ဟာ ဗဟိုနတ်ဘုရားစီရင်စုက

အဲဒီလူကိုပါ
စော်ကားသလိုဖြစ်သွားလိမ့်မယ်။
ဒီလိုဖြစ်လာရင် ငါတို့ရဲ့

နတ်မိစ္ဆာဝက်ဝံကလန်က သေချာပေါက်
အန္တရာယ်ရှိလိမ့်မယ်”

အဝါရောင်ဝတ်ရုံဝတ်လူက ခေါင်းညိတ်ပြီး
ပြောသည် "ငါတို့လုပ်ရမှာက
တိမ်ပင်လယ်အကယ်ဒမီနဲ့
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကြားက
စစ်ပွဲထဲကို ဝင်မသွားမိအောင်လုပ်ဖို့ဘဲ။
ပြီးတော့ ငါတို့ဆီကို ရောက်လာမဲ့
အန္တရာယ်တွေကို ဖြေရှင်းဖို့ ကိုယ့်ခွန်အားကို
ထိန်းသိမ်းထားရမယ်"

“ကောင်းပြီ၊ ငါတို့က အခြေအနေကို ဆက်ပြီးစောင့်ကြည့်ရတာပေါ့။ တကယ်လို့ သူတို့က ငါ့နတ်မိစ္ဆာဝက်ဝံကလန်ကို ဖယ်ရှားချင်တယ်ဆိုရင်တော့.... ဟမ့်၊ ငါတို့နတ်မိစ္ဆာဝက်ဝံကလန်က သူတို့ထင်သလောက် အားမနည်းဘူးဆိုတာ ပြရတာပေါ့" မျက်နှာပေါ်တွင် အမာရွတ်နှင့်အဘိုးအိုသည် အေးစက်စွာ အော်ဟစ်လိုက်သည်။

အခြားသိုင်းသူတော်စင်များကလည်း
ခေါင်းညိတ်လိုက်ကြသည်။

...

ယန်ယဲ့သည် ခန်းမထဲကနေ
ထွက်လာပြီးနောက် အသက်ပြင်းပြင်းရှူပြီး
ကောင်းကင်ယံအထက်ကို
တစ်ချက်မော့ကြည့်လိုက်သည်။
သူ့မျက်လုံးများတွင် ထူးဆန်းသော
အရိပ်အယောင်များ ရှိနေသည်။

အမှန်စင်စစ် သူ ဒီကိုရောက်လာကတည်းက ဘာမျှော်လင့်ချက်မှ သိပ်ထားခဲ့ပေ။ နောက်ဆုံးတွင် တိမ်ပင်လယ်အကယ်ဒမီနှင့် နတ်မိစ္ဆာဝက်ဝံကလန်ကြား၌ ဘာဆက်ဆံရေးမှမရှိဘူး မဟုတ်ပါလား။

နတ်မိစ္ဆာဝက်ဝံကလန်က အကူအညီပေးဖို့ ငြင်းဆိုခဲ့သည်ဖြစ်ရာ တိမ်ပင်လယ်အကယ်ဒမီက ဘာဆက်လုပ်ရတော့မည်နည်း။

"ယုဝ္ဂရှမ် နဲ့ တခြားသူတွေကို
အကယ်ဒမီကနေ
အဝေးကိုခေါ်သွားပြီးတော့
ပုန်းအောင်းဖို့ကလွဲလို့ ငါ့မှာ
ရွေးချယ်စရာမရှိတော့ဘူးလား။
ဒီလိုသာဆိုရင် အန်နန်ကျင်း နဲ့
မုဟာန်ရှန်းတို့ကော ဘယ်လိုလုပ်မလဲ"

ဒီအထိ တွေးမိလိုက်သောအခါ ယန်ယဲ့၏
အကြည့်များသည် တဖြည်းဖြည်း
အေးခဲလာသည်။

အမှန်တော့ သူ့တွင် ဘာရွေးချယ်စရာမှ မရှိပေ။ အန်နန်ကျင်း နှင့် မုဟာန်ရှန်း တို့က ကောင်းကင်ဘုံနတ်ဘုရားခန်းမ၌ ရှိနေသောကြောင့်ပါ။ ထို့အပြင် ကောင်းကင်ဘုံနတ်ဘုရားခန်းမက ယုဝူရှမ်ကိုလည်း လွှတ်ပေးမည်မဟုတ်ပေ။

တစ်နည်းဆိုရသော် သူနှင့် ကောင်းကင်ဘုံနတ်ဘုရားခန်းမ တို့ကြားတွင်

တစ်သက်တာဖြေရှင်းမရသောရန်ငြိုးများ
ရှိခဲ့သည်။

"တခြားသူတွေကို အားကိုးမယ့်အစား
ကိုယ့်ကိုကိုယ်ပဲ အားကိုးသင့်တယ်"
ယန်ယွဲ့သည်အသက်ပြင်းပြင်းရှူလိုက်ရင်း
မျက်လုံးထဲတွင်
အေးစက်စက်အလင်းတန်းများပင်
တောက်ပလာခဲ့သည်။

"အစ်ကိုကြီး မင်းထွက်သွားတော့မှာလား"
ထိုအချိန်တွင် ရှောင်ပိုင်ထျန်း နှင့်
သူ့အစ်မဖြစ်သူက ယန်ယွဲ့ ဆီသို့
ရုတ်တရက် လျှောက်လာခဲ့သည်။

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး "ဟုတ်တယ်၊
ငါထွက်သွားတော့မယ်လေ"

"မင်းငါ့ကို မင်းနဲ့အတူ ခေါ်သွားလို့ရမလား"
ရှောင်ပိုင်ထျန်းက
အလျင်စလိုပြောလေသည်။ "စိတ်မပူပါနဲ့

ငါမင်းအတွက်

ဝန်ထုပ်ဝန်ပိုးဖြစ်မှာမဟုတ်ဘူး"

ယန်ယဲ့က "မင်းငါနဲ့လိုက်ခဲ့မယ်ဆိုရင်

မင်းသေမှာသေချာတယ်။

သန်မာလာဖို့အတွက်

အပြင်လောကကိုထွက်ပြီး ကိုယ့်ကိုယ်ကို

လေ့ကျင့်ဖို့ မလိုပါဘူး။ မင်းမှာ

ခိုင်မာတဲ့တာအိုနှလုံးသားရှိသရွေ့

ဘယ်နေရာမှာမဆို ခွန်အားတွေရနိုင်တယ်။

ကောင်းပြီ၊ ငါ အလျှင်လိုနေတယ်။
နှုတ်ဆက်လိုက်ပါတယ်”

ယန်ယဲ့၏ခန္ဓာကိုယ်သည်
အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲ၍
မိုးကုပ်စက်ဝိုင်းသို့ ပျောက်ကွယ်သွားသည်။

ရှောင်ပိုင်ထျန်းက ရုတ်တရက်
မေးလိုက်သည် "အစ်မ၊ လော့ချန်းရှောင်
ဘယ်လောက် သန်မာလဲဆိုတာကို
လူတိုင်းပြောနေပေမဲ့

အစ်ကိုကြီးနဲ့လောချျန်းရှောင်ကို ယှဉ်ရင် ဘယ်သူက ပိုအားကောင်းတယ်လို့ မင်းထင်လဲ"

အမျိုးသမီးက တွန့်ဆုတ်မနေဘဲ "လောချျန်းရှောင်"ဟုတန်းပြောလိုက်သည်။

"ဘာကြောင့်လဲ" ရှောင်ပိုင်ထျန်းက အံ့သြသွားပြီး "အစ်ကိုကြီးက သူ့ရဲ့ ခွန်အားကို လုံးဝအသုံးမပြုဘူးဆိုတာ မင်းသဘောပေါက်သင့်တယ်။ သူ့မှာ

ထိတ်လန့်စရာကောင်းတဲ့ ဝှက်ဖဲချပ်တွေ

ရှိမှာ သေချာတယ်”

အမျိုးသမီးက မပြောခင် အချိန်အတော်ကြာ

လေးလေးနက်နက် စဉ်းစားနေခဲ့ပြီး

"လော့ချန်းရှောင်က

ကံကောင်းခြင်းတွေနဲ့ကြုံတွေ့ခဲ့လို့

ရှေးဟောင်းအမွေအနှစ်တစ်ခု ရရှိခဲ့တယ်...။

အတိုချုပ်ပြောရရင် သူက

ဗဟိုနတ်ဘုရားစီရင်စုကနေ

ကြောက်စရာကောင်းတဲ့

နောက်ခံတစ်ခုတောင်ရခဲ့တယ်လို့ ပြောနေကြတယ်"

ရှောင်ပိုင်ထျန်းက "ဒါပေမဲ့ အစ်ကိုကြီးက လော့ချန်းရှောင် ကိုတော့ မရှုံးနိုင်ဘူးလို့ ငါထင်တယ်"

"ဘာကြောင့်လဲ" အမျိုးသမီးက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး "နင် သူ့ကို နာရီပိုင်းလောက်ကလေးသာ သိခဲ့ပေမဲ့ သူ့ကို အစ်ကိုကြီးလို့ ခေါ် ရုံတင်မကဘူး၊

နင်က သူ့ကို အရမ်းသဘောကျနေပုံဘဲ။
ငါတကယ်ကို သိချင်နေတာ"

ရှောင်ပိုင်ထျန်းက
အတော်ကြာငြိမ်သက်သွားပြီး "ငါ မသိဘူး၊
အစ်ကိုကြီးယန် က
အရမ်းအန္တရာယ်များတယ်၊ သူ့ဆီက
အရမ်းအန္တရာယ်များတယ်လို့
ငါခံစားရတယ်…"

"တကယ်ကို သူက

အရမ်းအန္တရာယ်များတာဘဲ" အဝါရောင်

ဝတ်ရုံဝတ်လူက သူတို့ဘေးနားတွင်

ရုတ်တရက်ပေါ်လာပြီး ပြောလိုက် သည်။

"အဖေ" နှစ်ယောက်စလုံး ထိုလူကို ရိုသေစွာ

ဦးညွတ်ကြသည်။

အဝါရောင်ဝတ်ရုံဝတ်လူက

"ဟင်းလင်းပြင်တစ်ပိုင်းအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

နားလည်ထားတဲ့သူက ဘယ်လိုလုပ်ပြီး
အန္တရာယ်မရှိတဲ့လူမဖြစ်နိုင်မှာလဲ။ ဒါပေမဲ့
ဖြစ်နိုင်ရင် ပိုင်ထျန်း! မင်း သူနဲ့ မိတ်
ဆွေဖွဲ့နိုင်အောင်ကြိုးစားပါ"

"ဘာကြောင့်လဲ" အမျိုးသမီးက "အဖေ၊
သူက
စိတ်ထဲရှိတဲ့အတိုင်းဘာမဆိုလုပ်ဝံ့တဲ့သူလေ
။ ဒါ့အပြင် သူလုပ်တဲ့အရာတွေရဲ့
အကျိုးဆက်ကိုဘာမှဂရုစိုက်တာမဟုတ်ဘူး
။ ပိုင်ထျန်း က အဲဒီလူနဲ့

လိုက်သွားခဲ့မယ်ဆိုရင်
နောက်ထပ်အရှုံးတစ်ယောက်ဖြစ်လာမှာ
သေချာတယ်”

"သန့်မာတဲ့သူတွေ
ဘယ်လိုသန့်မာလာတယ်ဆိုတာ
မင်းသိလား" အဝါရောင်ဝတ်ရုံဝတ်လူက
အမျိုးသမီးကို စူးစိုက်ကြည့်ကာ
“ရန်သူတွေရဲ့အရှုံးတွေကို နင်းပြီးမှသာ
အင်အားကြီးလာကြတာချည်းဘဲ"ဟု
ပြောလိုက်လေသည်။

အမျိုးသမီးက စကားမပြောနိုင်သလို ခံစားလိုက်ရသည်။

၁၂၃၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၅ - ငါ့ကို ထင်းရှူးစီရင်စုရဲ့ အမှိုက်သိုင်းသူတော်စင်တွေလို့ ထင်နေသလား

မြေကမ္ဘာမြို့မှ ထွက်ခွာလာပြီးနောက်
ယန်ယဲ့သည် တိမ်ပင်လယ်မြို့သို့
ပြန်မသွားဘဲ
ရှေးဟောင်းဓားကျောင်းတော်သို့
ပြန်သွားဖို့ဆုံးဖြတ်လိုက်ပါသည်။

နတ်မိစ္ဆာဝက်ဝံကလန်၏ ငြင်းပယ်ချက်က
အရာရာတိုင်းတွင် သူ့ကိုယ်သူသာ
အားကိုးသင့်သည်ဟု ယန်ယဲ့ကို
သဘောပေါက်သွားစေခဲ့သည်။

သူသည် ရည်ရွယ်ချက်တစ်ခုတည်းဖြင့်
ပြန်သွားဖို့ဆုံးဖြတ်လိုက်ခြင်းပင်။
သူတော်စင်အဆင့် သို့မဟုတ်
နတ်ဘုရားအဆင့်
ဓားအနည်းငယ်တောင်းဖို့ပင်ဖြစ်သည်။

ဟာကျူလီယံဓားက မဆိုးသော်လည်း
နတ်ဘုရားအဆင့်လက်နက် မဟုတ်ခဲ့ချေ။
ထို့အပြင် ၎င်းက လေးလံလွန်းသောကြောင့်
သေခြင်းရှင်ခြင်းတိုက်ပွဲများတွင်
အသုံးပြု၍မရပေ။

ခားစိတ်ဆန္ဒများနှင့်ပတ်သက်၍ ၎င်းသည်
အဆုံးသတ်တွင် အစစ်အမှန်များ
မဟုတ်သောကြောင့်
သေခြင်း၏စွမ်းအားကို
အပြည့်အဝထုတ်ဖော်နိုင်မည်မဟုတ်ပါ။

ကောလဟာလများအရ
ရှေးဟောင်းဓားကျောင်းတော်၌
ကောင်းကင်ဘုံနတ်ဘုရားခန်းမ ပင်
ကြောက်ရွံ့နေသော ဓားတစ်လက် ရှိခဲ့သည်။
မှန်ပါသည်၊ ယန်ယဲ့ ပြန်သွားရသည့်

ရည်ရွယ်ချက်ကို ထိုရှေးဟောင်းဓားကို ရယူဖို့ပင်ဖြစ်သည်။

နတ်မိစ္ဆာဝက်ဝံကလန်က ဝင်ရောက်စွက်ဖက်ဖို့မဖြစ်နိုင်တော့သည်ဖြစ်ရာ သိုင်းသူတော်စင်များနှင့်ရင်ဆိုင်ဖို့ သူ့ကိုယ်သူသာ အားကိုးနိုင်ပေသည်။

"သိုင်းသူတော်စင်များကို သတ်ဖြတ်ခြင်း" ထိုအရာက ယန်ယွဲ့၏ နောက်ဆုံး ရည်မှန်းချက်ပါ။

သိုင်းသူတော်စင်များကို သတ်ဖို့
မကြိုးစားခင် သူ့ကိုယ်သူ သန်မာလာအောင်
ကြိုပြီးပြင်ဆင်ထားရပေမည်။ သို့သော်
တိမ်ပင်လယ်အကယ်ဒမီက
ပိုင်ဆိုင်ထားသော ရတနာလက်နက်များက
သူ့အတွက် အသုံးမဝင်ခဲ့ပေ၊
ရှေးဟောင်းဓားကျောင်းတော်ကသာ သူနှင့်
သင့်တော်သည့် ရတနာလက်နက်များကို
ပိုင်ဆိုင်ထား၏။ ထို့ကြောင့် ယန်ယွဲ့က

စွန့်စားပြီး ရှေးဟောင်းဓားကျောင်းတော်သို့ ပြန်သွားကြည့်ရန် ဆုံးဖြတ်ခဲ့သည်။

ရုတ်တရက်ဆိုသလိုပဲ ယန်ယဲ့၏ အမူအရာသည် ချက်ချင်း ပြောင်းသွားကာ လေထဲတွင် သူ့ကိုယ်သူ တုံ့ခနဲရပ်လိုက်သည်။

ထိုအချိန်တွင် သူ့ရှေ့မီတာ ၃၀ အကွာ၌ အနက်ရောင်ဝတ်ရုံဝတ်အမျိုးသားတစ်ဦး ပေါ်လာခဲ့သည်။

အနက်ရောင်ဝတ်ရုံက

၎င်း၏တစ်ကိုယ်လုံးဖုံးအုပ်ထားသဖြင့်

သူ့အသွင်အပြင်ကို ရှင်းရှင်းလင်းလင်း

မမြင်နိုင်တော့ပေ။

"သိုင်းသူတော်စင်..." ယန်ယွဲ့၏ စိတ်ထဲ၌

တဖြည်းဖြည်းလေးလံလာခဲ့သည်။

အနက်ရောင်ဝတ်ရုံအမျိုးသားက

ရုတ်တရက် ပြောလိုက်သည် " မင်းက

ငါ့ရဲ့အစီအစဉ်တွေကို

အကြိမ်ကြိမ်ဖျက်ဆီးနေတဲ့ အဲဒီလူယန်ယဲ့ ဆိုတာလား"

ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားပြီးနောက် သူ့လက်ကိုဝှေ့ယမ်းကာ ဓားစိတ်ဆန္ဒဓားတစ်ချောင်း ဖန်တီးလိုက်သည်။

ထို့နောက်တွင်တော့ သူ့ခန္ဓာကိုယ်က အလင်းတန်းတစ်ခုအသွင်ဖြင့် ပြောင်းလဲ၍ ဖျတ်ခနဲ ပျောက်ကွယ်သွားခဲ့သည်။

"အတွေးတစ်ချက်ဖြင့်သတ်ခြင်း..."

တိုက်ပွဲတွင် အရင်ဦးဆုံးတိုက်ခိုက်သူကသာ
အနိုင်ရဖို့အခွင့်အရေးများသည်။
နောက်မှတိုက်ခိုက်သောလူက
ရှုံးနိမ့်နိုင်ချေများ၏။

သို့သော် အနက်ရောင်ဝတ်ရုံအမျိုးသားက
လက်ကိုတစ်ချက်ယမ်းလိုက်ကာ

ယန်ယွဲ့၏တိုက်ခိုက်မှုကို လက် ၂ ချောင်းကြားတွင် ညှပ်ကိုင်ထားခဲ့သည်။

"ငါ့ကို ထင်းရှူးစီရင်စုက အမှိုက်သိုင်းသူတော်စင်တစ်ယောက်လို့ ထင်နေသလား"

အနက်ရောင်ဝတ်ရုံအမျိုးသားက အေးစက်စက်ပြောလိုက်၏။

ထိုစကားပြောသည်နှင့် တပြိုင်နက် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး ယန်ယွဲ့၏ ဓားစိတ်ဆန္ဒဓားက

အပိုင်းပိုင်းကွဲအက်သွားသည်။ ထို့နောက် အနက်ရောင်ဝတ်ရုံအမျိုးသား၏ လက်တစ်ဖက်က ယန်ယွဲ့၏လည်ပင်းဆီသို့ ကျရောက်လာသည်။

ဘမ်း!

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ ဓားစိတ်ဆန္ဒဖိအားများ ပေါက်ကွဲထွက်လာပြီးနောက် အနက်ရောင်ဝတ်ရုံအမျိုးသား၏လက်ကို ချက်ချင်း ရိုက်ထုတ်ပစ်လိုက်သည်။

အနက်ရောင်ဝတ်ရုံအမျိုးသား၏

တိုက်ခိုက်မှုကို ချေဖျက်ပြီးနောက်

ယန်ယဲ့က သူ့လက်ဝါးတစ်ချက်ယမ်းကာ

ဓားစိတ်ဆန္ဒဓားတစ်ချောင်း

အမြန်ဆုံးဖန်တီးလိုက်၏။

ထို့နောက် သူ့လက်က

ဆတ်ခနဲလှုပ်ရှားသွားကာ

အလင်းတန်းတစ်ခုလင်းလက်လာပြီး

ဓားစိတ်ဆန္ဒဓားက

အနက်ရောင်ဝတ်ရုံအမျိုးသား၏
ရင်ဘတ်ကို ထိုးသွင်းသွားသည်။
သို့သော်လည်း
အနက်ရောင်ဝတ်ရုံအမျိုးသား၏
ရင်ဘတ်ရှေ့၌ အနက်ရောင်အလွှာ
တစ်ခုပေါ်လာပြီး ဓားစိတ်ဆန္ဒများကို
တားဆီးလိုက်လေသည်။

"ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ။
ဘယ်လောက်ရှားလိုက်သလဲ"
ထိုစကားများကို ပြောပြီးနောက်တွင်

အနက်ရောင်စွမ်းအင်အလွှာက

တဝီဝီမြည်လျက် ယနိယဲ့ ဆီသို့

ပျံသန်းသွားခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့က ရုတ်တရက်ဆိုသလိုပဲ

နေရာတွင်ပင် ပျောက်ကွယ်သွားပြီး

အနက်ရောင်ဝတ်ရုံအမျိုးသား၏ နောက်၌

ပြန်ပေါ်လာခဲ့သည်။

ထို့နောက် အေးစက်စက်အလင်းတန်းတစ်ခု

ဖျတ်ခနဲလင်းလက်သွားပြီး

ဓားတစ်ချောင်းက

အနက်ရောင်ဝတ်ရုံအမျိုးသား၏
လည်ကုပ်ဆီသို့ ပိုင်းချလာခဲ့သည်။

အနက်ရောင်ဝတ်ရုံအမျိုးသားက
သူ့ခန္ဓာကိုယ်ကို ဆတ်ခနဲ လှည့်လိုက်ပြီး
ယန်ယဲ့၏ တိုက်ခိုက်မှုကို
ရှောင်တိမ်းလိုက်သည်။ ထိုအချိန်မှာပဲ သူ
မထင်မှတ်ထားသော
အလှည့်အပြောင်းတစ်ခု ဖြစ်လာခဲ့သည်။

အနက်ရောင်ဝတ်ရုံအမျိုးသား၏

နောက်ကျောဖက်တွင်

အနက်ရောင်အရိပ်တစ်ခု ရုတ်တရက်

ပေါ်လာပြီး နောက် ဓားမြှောင်တစ်ချောင်းက

သူ့လည်ပင်းကို ထိုးသွင်းခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့၏လက်ထဲမှ

ဓားစိတ်ဆန္ဒဓားကလည်း

အနက်ရောင်ဝတ်ရုံအမျိုးသား၏

လည်ပင်းဆီသို့ ထိုးသွင်းလာခဲ့ပါသည်။

အနက်ရောင်အရိပ်က အခြားသူမဟုတ်ပေ၊
ယန်ယဲ့က ဓားအစေခံအဖြစ်
သန့်စင်ထားသော ရို့ဂူယင် ပါ။

အနက်ရောင်ဝတ်ရုံအမျိုးသား၏
ခန္ဓာကိုယ်က အနည်းငယ်
တင်းကြပ်သွားသည်။ ရှင်းရှင်းပြောရလျှင်
ယန်ယဲ့က ကြောက်စရာကောင်းသော
အကူအညီ ရှိထားလိမ့်မည်ဟု သူ
မမျှော်လင့်ထားခဲ့ပေ။ အမှန်စင်စစ်
ဒီတစ်ကြိမ်က

အလွန်လျှို့ဝှက်ဆန်းကြယ်သော
တိုက်ခိုက်မှုတစ်ခုပါ။
ထိုအချိန်တွင် မမြင်နိုင်သော
စွမ်းအင်လှိုင်းကြီး ၂ ခုက
အနက်ရောင်ဝတ်ရုံအမျိုးသား အပေါ်
ဖိချလိုက်သည်။ တစ်ဆက်တည်း ဓား၂
ချောင်းကလည်း ၎င်း၏လည်ကုပ် ဆီသို့
တစ်ပြိုင်တည်းခုတ်ပိုင်းချခဲ့သည်။

သို့သော် ယန်ယွဲ့၏အမူအရာသည်
သိသိသာသာပြောင်းလဲသွားပါတော့သည်။

အကြောင်းမှာ သူ့ရှေ့မှ
အနက်ရောင်ဝတ်ရုံအမျိုးသားက
ပုံရိပ်ယောင်တစ်ခုသာဖြစ်သည်ကို
သတိထားမိလိုက်လို့ပါ။

"သောက်ကျိုးနည်း..."ယန်ယဲ့က
သဘောပေါက်သွားသည်နှင့် စိတ်ထဲတွင်
အော်ဟစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့နောက်ကွယ်မှ
ပြင်းထန်သော စွမ်းအားတစ်ခု

ထွက်ပေါ်လာသည်ကို သူ ရုတ်တရက်
ခံစားလိုက်ရသည်။

ကံကောင်းထောက်မစွာပဲ
ဒီအခိုက်အတန့်မှာ သူက အစိမ်းရောင်ကု
ဗတုံးကို အလျင်အမြန်အသက်သွင်းပြီး
တိုးဝင်လာသော စွမ်းအားကို
တားဆီးလိုက်နိုင်ခဲ့သည်။

သို့သော်လည်း တန်ပြန်အားလှိုင်းကြောင့်
ပါးစပ်ထဲကနေ သွေးများ အန်ထွက်လာပြီး
သူ့ခန္ဓာကိုယ်ကလည်း ၃ ကီလိုမီတာအထိ
လွင့်ထွက်သွားခဲ့ရသည်။

ယန်ယဲ့သည် သူ့ပါးစပ်ထောင့်ရှိ သွေးများကို သုတ်လိုက်ပြီး သူ့အား ကာကံထားသည့် အစိမ်းရောင်ကုဗတုံးကို စိုက်ကြည့်လိုက်သည်။ အစိမ်းရောင်ကုဗတုံးက မျက်နှာပြင်ပေါ်တွင် မရေမတွက်နိုင်သော အက်ကြောင်းများ ပေါ်နေသည်ကို မြင်လိုက်ရာ သူ့မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။

"ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ၊ ဟင်းလင်းပြင်တစ်ပိုင်းအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ အမြန်နှုန်းဥပဒေသနဲ့ အမှောင်တာအိုဥပဒေသတွေ" အနက်ရောင်ဝတ်ရုံအမျိုးသားက "မင်းငါတို့ရဲ့အကြံအစည်တွေကို အကြိမ်ပေါင်းများစွာ ဖျက်ဆီးနိုင်ခဲ့တာ အံ့သြစရာမရှိပါဘူး။ ပြောစရာတောင် မလိုပါဘူး၊ မင်းက ငါ့ကို အတော်လေး အံ့သြသွားစေတယ်။ ဒါပေမယ့် ဒါပဲရှိတယ်။ အခု အဆုံးသတ်ဖို့ အချိန်တန်ပြီ"

ထိုစကားပြောပြီးသည်နှင့်
သူ့ခန္ဓာကိုယ်ကနေ မရေမတွက်နိုင်သော
အနက်ရောင်စွမ်းအင်လှိုင်းများရုတ်တရက်
ထွက်ပေါ်လာပါတော့သည်။
အနက်ရောင်စွမ်းအင်လှိုင်းများသည်
ချက်ချင်းပင် ကောင်းကင်ယံအထက်ကို
လွှမ်းခြုံကာ ကီလိုမီတာ (၅,၀၀၀) နီးပါးရှိ
ဧရိယာအတွင်းမှ အရာအားလုံးကို
ဖုံးအုပ်ထားသည်။

ထို့နောက် ပတ်ဝန်းကျင်သည်
ခဏကြာတိတ်ဆိတ်သွားခဲ့၏။

ဂျုန်း!

အနက်ရောင်စွမ်းအင်အလွှာကြီးတွင်းမှ
ကြီးမားသော ပေါက်ကွဲသံ ရုတ်တရက်
ထွက်ပေါ်လာပြီးနောက်
ကောင်းကင်ယံအထက်ကို
လွှမ်းခြုံထားသည့်

အနက်ရောင်စွမ်းအင်အလွှာက ပြင်းထန်စွာ
ပေါက်ကွဲသွားတော့သည်။

ကောင်းကင်နှင့် မြေပြင်သည် ပြင်းထန်စွာ
တုန်ခါသွားကာ
အချိန်အနည်းငယ်အတွင်းမှာပင်
အနက်ရောင်စွမ်းအင်လှိုင်းများအားလုံး
အပိုင်းပိုင်းကွဲထွက်သွားပါတော့သည်။

အချိန်တော်တော်ကြာပြီးနောက်
ကောင်းကင်ယံအထက်မှ

အနက်ရောင်စွမ်းအင်များ
ပြန့်ကျဲသွားသော်လည်း နေရာတွင်
လူတစ်ဦးတည်းသာ ကျန်တော့သည်။
သို့သော်လည်း ကျန်နေခဲ့သူက
အနက်ရောင်ဝတ်ရုံအမျိုးသားမဟုတ်ဘဲ
ယန်ယဲ့ သာဖြစ်နေ၏။

အနက်ရောင်ဝတ်ရုံအမျိုးသားက ဒီအချိန်မှာ
ရှိမနေတော့ဘဲ
ထူးဆန်းစွာပျောက်ကွယ်နေပါသည်။

ယန်ယဲ့သည် ခေါင်းမော့ပြီး
ကောင်းကင်ယံအထက်သို့
မော့ကြည့်လိုက်သည်။ ကီလိုမီတာ (၅,၀၀၀)
ကျော်ဝေးသော နေရာ၌
အနက်ရောင်အစက်တစ်ခုကို မြင်လိုက်ပြီး
ယန်ယဲ့၏ ပါးစပ်ထောင့်တွင်
လှောင်ပြောင်သရော်မှုတစ်ခု
ထွက်ပေါ်လာသည်။ သူက "ဟားဟား....၊
ဒီလောက်မိုက်မဲတဲ့လူကို ငါ
တစ်ခါမှမမြင်ဖူးပါဘူး။
အမှောင်တာအိုဥပဒေသကို

ငါနားလည်ထားတယ်ဆိုတာ

သိနေတာတောင် အမှောင်စွမ်းအင်ကိုသုံးပြီး

တိုက်ခိုက်နေသေးတာလား"

အစောပိုင်းက အနက်ရောင်ဝတ်ရုံ

အမျိုးသား၏

တိုက်ခိုက်မှုသည်

အလွန်ကြောက်စရာကောင်းသည်။

အနည်းဆုံး

အဆင့်နိမ့်နတ်ဘုရားအဆင့်နည်းစနစ်တစ်ခု

ဖြစ်သည်။

သိုင်းသူတော်စင်တစ်ဦးက
ထုတ်ဖော်လိုက်သော
အဆင့်နိမ့်နတ်ဘုရားအဆင့်နည်းစနစ်က
အားနည်းပါမည်လော။

ကံမကောင်းစွာဖြင့် ၎င်းက
အမှောင်တာအိုစွမ်းအင်ဖြင့်
ဖန်တီးထားသော နည်းစနစ်တစ်ခုကို
ထုတ်သုံးခဲ့သည်။ ထိုတိုက်ခိုက်မှုက
အမှောင်တာအိုဥပဒေသကို
နားလည်ထားသော ယန်ယွဲ့အပေါ်မည်သို့
အကျိုးသက်ရောက်မည်နည်း။

ယခုလေးတင်ပဲ သူက

အမှောင်တာအိုစွမ်းအင်ကို

တိုက်ရိုက်ထိန်းချုပ်ပြီး ဖယ်ရှားပစ်ခဲ့သည်။

၎င်းက အနက်ရောင်ဝတ်ရုံအမျိုးသားကို

ဒဏ်ရာအပြင်းအထန်ရသွားစေရုံသာမကဘဲ

အလွန်ကြောက်ရွံ့သွားစေခဲ့သည်။

ယန်ယွဲ့သည် နောက်တစ်ကြိမ်တိုက်ခိုက်ဖို့

ပြင်သော်လည်း

အနက်ရောင်ဝတ်ရုံအမျိုးသားက ချက်ချင်း ထွက်ပြေးသွားခဲ့သည်။

သို့တိုင် ယန်ယဲ့သည် အနက်ရောင်ဝတ်ရုံအမျိုးသားကို လုံးဝ အထင်မသေးဝံ့ပေ။

အကယ်၍ ၎င်းသာ အမှောင်တာအိုစွမ်းအင်ဖြင့် ဖန်တီးထားသော နည်းစနစ်ကို အသုံးမပြုလျှင် သူက ခုခံနိုင်သည့်တိုင်

အစိမ်းရောင်ကုဗတုံးက ပျက်စီးသွားမည်ဖြစ်သည်။

နောက်ဆုံးတွင် အနက်ရောင်ဝတ်ရုံအမျိုးသား၏ တိုက်ခိုက်မှုက အစိမ်းရောင်ကုဗတုံးကိုပင် ပျက်စီးသွားစေသည်။ ၎င်းက အနက်ရောင်ဝတ်ရုံအမျိုးသား၏ ကြောက်မက်ဖွယ်ရာစွမ်းအားကို သိသာလေသည်။

၁၂၃၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၆ - ၄၊

ဂိုဏ်းရဲ့အကူအညီလိုတယ်

ယန်ယဲ့သည် နေရာတွင် ခဏကြာ

ရပ်နေပြီးနောက်

ရှေးဟောင်းဓားကျောင်းတော် ဆီသို့

အလျင်အမြန်ထွက်ခွာသွားခဲ့သည်။

ဒီတစ်ကြိမ်တွင် သူက
ကောင်းကင်ယံထက်၌
ပျံသန်းမသွားတော့ဘဲ မြေပြင်ပေါ်ကနေ
ခရီးဆက်ခဲ့သည်။

ဓားနယ်မြေက သူ့အရှိန်အဝါကို
ဖုံးကွယ်ထားနိုင်သော်လည်း လေထဲ၌
ပျံသန်းနေခြင်းက
သိသာသောပစ်မှတ်တစ်ခုဖြစ်၏။ သူ့ကို
ရှာတွေ့ဖို့ အလွန်လွယ်ကူပါသည်။

ဆန့်ကျင်ဖက်အနေနှင့် မြေပြင်ပေါ်၌

ကိုယ့်ကိုယ်ကို

ဖုံးကွယ်ထားသောအရာများစွာရှိနေသော

ကြောင့် သိုင်းသူတော်စင်များပင် သူ့ကို

မတွေ့နိုင်ပေ ။

သို့သော်လည်း ယန်ယဲ့သည်

အချိန်မဖြုန်းလိုသဖြင့်

အမြန်နှုန်းဉပဒေသကို အမြင့်ဆုံးထိ

ထုတ်ဖော်၍ လမ်းတစ်လျှောက်

အရိပ်တစ်ခုလို ပြေးလွှားနေခဲ့သည်။

ဒီအခြေအနေက သူ၏
ဆန်းကြယ်ချီစွမ်းအင်ကို
ကုန်ဆုံးစေသော်လည်း
လက်ရှိသူ့ဘေးနားတွင် စနိုး
ရှိနေသောကြောင့်
လုံးဝစိတ်ပူစရာမလိုတော့ပေ။ဆန်းကြယ်ချီ
စွမ်းအင်များက သူ့ဆီသို့
ရှူးသွင်စွာအဆက်မပြတ် တိုးဝင်လာပြီး
ကုန်ခန်းသွားမည့် အရိပ်အယောင်ပင်
မပြတော့ပါ။

ထိုအတိုင်းပင်၊ ရက်အနည်းငယ်ကြာမည့်
ခရီးလမ်းက တစ်ရက်မပြည့်မီမှာပဲ
ရောက်ရှိသွားခဲ့၏။

ယန်ယဲ့သည်
ရှေးဟောင်းဓားကျောင်းတော်ရှိရာသို့
ရောက်လာပြီးနောက် ချက်ချင်း
မဝင်ရောက်သေးဘဲ
ခဏကြာထိပုန်းနေလိုက်သည်။

အကြောင်းမှာ ဒီအချိန်တွင်

ရှေးဟောင်းဓားကျောင်းတော်က

ဂိုဏ်းစောင့်မဟာဝက်ပါအစီအရင်ကို

အသက်သွင်းထားပြီး

မရေမတွက်နိုင်သောဓားမြောက်များစွာက

ဓားတောင်ထိပ်၏ ပတ်ပတ်လည်၌

လွှမ်းခြုံနေသောကြောင့်ပင်။

ဒီအချိန်မှာ

ဓားတောင်တန်းကြီးတစ်ခုလုံးဟာ

ဓားမြောက်များစွာဖြင့် ဖုံးလွှမ်းထားသည်။

ထို့အပြင် ယန်ယဲ့သည်
ရှေးဟောင်းဓားတောင်ထွတ်အထက်
ကောင်းကင်ယံ၌
ကြောက်မက်ဖွယ်ကောင်းသောအော်ရာများ
နှင့် မထင်မရှား အလင်းတန်း ၆ ခုကို
ခံစားမိခဲ့သည်။

သိသာစွာပင် ၎င်းတို့သည်
ရှေးဟောင်းဓားကျောင်းတော်မှ
သိုင်းသူတော်စင်များကို တားဆီးနေသော

ကောင်းကင်ဝါးမျိုးစပါးအုံးကလန်၏
သိုင်းသူတော်စင်များပင်။

ယန်ယဲ့သည် ဓားမြောက်များစွာ
ဖုံးလွှမ်းနေသော
ရှေးဟောင်းဓားတောင်ထိပ်ကို
စူးစူးစိုက်စိုက် ကြည့်ရင်း
အချိန်အတော်ကြာထိ လေးလေးနက်နက်
တွေးတောနေခဲ့သည်။

ထို့နောက်တွင် ယန်ယဲ့၏ခန္ဓာကိုယ်သည်
တဖျပ်ဖျပ်တောက်ပလျက်
အလင်းတန်းတစ်ခုအသွင်ဖြင့်
ဓားတောင်ထိပ် ဆီသို့
တဟုန်ထိုးပျံသွားပါတော့သည်။

တစ်ခဏလေးအတွင်း ယန်ယဲ့ဟာ
ဓားတောင်ထိပ်သို့ ရောက်ရှိသွားခဲ့၏။
တောင်ထိပ်သို့ရောက်လာပြီးနောက်
ကောင်းကင်ဝါးမျိုစပါးအုံးကလန်မှ
သိုင်းသူတော်စင်များ နှင့်

အသေအကြေတိုက်ခိုက်ဖို့ပြင်ထားလိုက်သ
ည်။ သို့သော်လည်း
သူမမျှော်လင့်ထားသည်က သူ၏ဆရာ
တာအိုသခင်ဂူ ရောက်လာခြင်းပင်။
တာအိုသခင်ဂူက သူ့ရှေ့တွင်
ပေါ်လာခဲ့သဖြင့် ယန်ယဲ့က
အတော်လေးအံ့သြသွားပြီး
စကားပြောဖို့ပြင်လိုက်လေသည်။
သို့သော်လည်း တာအိုသခင်ဂူက
သူညာလက်ကိုဝှေ့ယမ်းကာ
အလင်းတန်းများလင်းလက်လာပြီး

ယန်ယဲ့ကို ဖုံးအုပ်လျက် နေရာမှာပင်
ပျောက်ကွယ်သွားခဲ့သည်။

...

ရှေးဟောင်းစားခန်းမ....။

ကျန့်ဝူချန်းက ထိပ်ဆုံးထိုင်ခုံတွင် ထိုင်နေပြီး
အခြား အာဏာပိုင် ၆ ဦး ကတော့

သူ့ဘေးတွင် ရှိနေသည်။ထိုအထဲတွင်
တာအိုသခင်ဂူ လည်းပါသည်။

ဒီလူများက
ရှေးဟောင်းဓားကျောင်းတော်၏
သိုင်းသူတော်စင် ၇ ယောက်
ပင်ဖြစ်ချေသည်။

ကျန့်ဝူချန်းက ယန်ယဲ့ကို စူးစိုက်ကြည့်ပြီး
"ဝမ်အာရဲ့မူလဒန်တျန်က
တကယ်ပျက်စီးသွားပြီလား"

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

ကျန့်ဝူချန်း၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ထို့နောက် သူ့မျက်လုံးထဲကနေ အေးစက်သော အလင်းရောင်အချို့ တောက်ပလာကာ "ငါထင်တာမမှားရင် တာအိုအမိန့်တော်ရဲ့ ကျူးယွမ်က တိမ်ပင်လယ်မြို့ထဲမှာ ရှိသင့်တယ်။

တစ်နည်းပြောရရင် သူက ဘာမှမလုပ်ဘဲ ဒီအတိုင်းငြိမ်နေခဲ့တာမဟုတ်လား"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ဒါက ငါ့ကြောင့်ပါ"

ကျန့်ဝူချန်းက သူ့ခေါင်းကို ခါလိုက်ပြီး "မင်းအတွက်မဟုတ်ရင်တောင် သူဒီလိုလုပ်မှာပဲ။ ငါတို့ရှေးဟောင်းဓားကျောင်းတော်နဲ့ တာအိုအမိန့်တော်ကြားက ရန်ငြိုးက

စပြီးတည်ထောင်ကတည်းကဆိုတော့ အရမ်းနက်ရှိုင်းလွန်းတယ်။ နှစ်ဖက် ညှိနှိုင်းဖို့ဆိုတာ လက်တွေ့မှာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ မြောက်ပိုင်းဒေသရဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမ ပါဝင်လာလို့ ဒီတစ်ကြိမ်မှာ ငါတို့ပူးပေါင်းလိုက်တာဘဲ။ ပြောရရင် တောင်ပိုင်းဒေသမှာ ဘယ်လိုပဲ တိုက်ခိုက်နေပါစေ သေတဲ့အထိ မတိုက်ခိုက်ဘူး။ ဒါပေမဲ့

ကောင်းကင်ဘုံနတ်ဘုရားခန်းမက
နယ်ကျော်လာပြီဆိုတော့
ငါတို့ရဲ့အကျိုးအမြတ်တွေကို
ထိခိုက်တော့မှာ သေချာနေပြီလေ။
ဒါကြောင့် လောလောဆယ် လက်တွဲဖို့
ရွေးချယ်ခဲ့ကြတာဘဲ”

"အခြေအနေက အရမ်းပြင်းထန်တယ်"
ယန်ယဲ့က လေးနက်စွာပြောလိုက်ပါသည်
"တိမ်ပင်လယ်မြို့က လုံးဝကို
အန္တရာယ်ကျရောက်နေပြီ"

ကျန့်ဝူချန်းက ခေါင်းညိတ်ပြီး
"ငါနားလည်ပါတယ်၊ ဒါပေမဲ့
ငါတို့ရဲ့ဓားကျောင်းတော်က
တိမ်ပင်လယ်အကယ်ဒမီကို
အခုချက်ချင်းကူညီဖို့ အင်အားမရှိတော့ဘူး"

ယန်ယဲ့က "ဓားသခင်၊ တိမ်ပင်လယ်မြို့သာ
ပျက်စီးသွားတာနဲ့ နောက်ထပ်ပစ်မှတ်က
ငါတို့ဓားကျောင်းတော် ဖြစ်လာမယ်ဆိုတာ
သတိပြုမိသင့်တယ်။ အဲဒီအချိန်ကျရင်

ငါတို့က သူတို့ကို တားနိုင်မှာ မဟုတ်ဘူး
မဟုတ်လား”

"စိတ်မပူပါနဲ့" ထိုအတောအတွင်း
ကျန့်ဝူချန်း ဘေးနားမှ
အစိမ်းရောင်ဝတ်ရုံအဘိုးအိုက "သူတို့က
တိမ်ပင်လယ်အကယ်ဒမီကို ဖျက်စီးဝံ့ပေမဲ
ငါတို့ဓားကျောင်းတော်ကို မဖျက်ဆီးဝံ့ဘူး"

ယန်ယဲ့က အလွန် အံ့သြသွားပြီး
"ဘာလို့လဲ"

"ငါတို့ရဲ့ တည်ထောင်သူဘိုးဘေးက အခုထိ အသက်ရှင်နေသေးလို့" တာအိုသခင်ဂူက ဆက်ပြောလိုက်သည်။
“တည်ထောင်သူဘိုးဘေးက ဒီလောကကို ဆင်းမလာနိုင်ပေမယ်လို့ သူမ အသက်ရှင်နေတဲ့အချိန်မှာ ငါတို့ဓားကျောင်းတော်ကို စီရင်စုတစ်ခုလုံးရဲ့ ဘယ်အင်အားစုမှ မဖျက်ဆီးဝံ့ဘူး။

ဟုတ်တယ်၊ တစ်ခုရှိတာကတော့
တည်ထောင်သူဘိုးဘေးက ဒီလောကကို
ဆင်းလာဖို့ တန်ကြေးတစ်ခုတော့
ပေးဆပ်ရမယ်"

ယန်ယဲ့သည် အချိန်တော်တော်ကြာထိ
တိတ်ဆိတ်သွား၏။ ထို့နောက်
ကျန့်ဝူချန်းနှင့် အာဏာပိုင်များကို
ဝေ့ကြည့်ကာ
"ပွင့်ပွင့်လင်းလင်းပြောတဲ့အတွက်
ခွင့်လွှတ်ပေးဖို့ ကြိုပြောပါရစေ။ ဒါပေမဲ့

အားလုံးက ငါတို့ဓားကျောင်းတော်ရဲ့
သေခြင်းရှင်ခြင်းကို
တည်ထောင်သူဘိုးဘေး အပေါ်မှာပဲ
ပုံအပ်ထားဖို့
ရည်ရွယ်ထားကြတာလား။ သူတို့နဲ့
ရင်ဆိုင်ဖို့ နည်းလမ်းရှိရင် ငါတို့
ဘာလုပ်ကြမလဲ”

သူ့စကားကိုကြားသောအခါ
အာဏာပိုင်များ၏ အမူအရာက
အနည်းငယ်ပြောင်းသွားကြလေသည်။

သူတို့
သေချာဂရုတစိုက်စဉ်းစားကြည့်သည့်အခါ
ယန်ယဲ့ ပြောသည်က အဓိပ္ပါယ်ရှိသည်ဟု
ခံစားလိုက်ရသည်။

အချိန်တော်တော်ကြာပြီးနောက်
ကျန့်ဝူချန်းက လေးနက်တည်ကြည်သွားပြီး
ပြောလိုက်သည်။ "မင်းပြောတာကို
ငါနားလည်ပါတယ်။ ဒါပေမဲ့
ရိုးရိုးသားသားပြောရရင်
ငါတို့ဓားကျောင်းတော်က အခုအချိန်မှာ

ဘာမှလုပ်လို့မရတော့ဘူး။ ငါတို့အားလုံး
ထွက်ခွာလို့မရအောင်
တားဆီးခံထားရတယ်။ ပြီးတော့ တခြား
အဆင့်မြင့်အာဏာပိုင်တွေကလည်း
တိမ်ပင်လယ်မြို့မှာ ရောက်နေပြီလေ။
အခုလက်တလော ငါတို့မှာ အားဖြည့်ပေးမဲ့
ပညာရှင်တွေ မရှိတော့ဘူး”

ယန်ယွဲ့က သူ့ကိုယ်သူ လက်ညှိုးထိုးပြပြီး
"မင်းတို့မှာ ငါ့မှာရှိသေးတယ်လေ"

ဒီစကားကြောင့် ကျန့်ဝူချန်းသာမကဘဲ
အာဏာပိုင်များ အားလုံးပါ
အံ့သြသွားကြသည်။

ယန်ယဲ့က ဆက်ပြောလိုက်၏။
"ရိုးရိုးသားသားပြောရရင်
ငါစမ်းကြည့်ချင်တယ်"

"ဘာကြောင့်လဲ" ကျန့်ဝူချန်းက
"ကောင်လေး၊ မင်းက
တိမ်ပင်လယ်အကယ်ဒမီမှာ

အမြစ်တွယ်နေတဲ့
မေတ္တာတရားရှိတယ်လို့တော့ မပြောနဲ့ "

ယန်ယဲ့အနေနှင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
တိုက်ခိုက်ဖို့ ရည်ရွယ်နေသည်ဟုတော့
မပြောခဲ့ပေ။

ယန်ယဲ့က "ငါတို့ စိတ်ဓာတ်ကျရမဲ့အဆင့်
ထိတော့ မရောက်သေးပါဘူး။ ဒါကြောင့်
ငါတို့ ကြိုးစားပြီး တိုက်ခိုက်သင့်တယ်လို့

ထင်ပါတယ်။ တကယ်လို့
တိမ်ပင်လယ်အကယ်ဒမီက စစ်ပွဲကို
အနိုင်ရခဲ့ရင် အဲဒါဟာ ငါတို့အတွက်
တကယ်ကောင်းတဲ့ အရာမဟုတ်ဘူးလား"

"တိမ်ပင်လယ်အကယ်ဒမီ ရှိနေသရွေ့တော့
ရွှေနတ်ဆိုးဝံပုလွေကလန်၊
ကောင်းကင်ဝါးမျိုစပါးအုံးကလန်၊
သံမဏိမျောက်ဝံကလန် နဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမ တို့နဲ့
ထိပ်တိုက် ရင်ဆိုင်စရာမလိုဘူးလေ။

အဲဒါကြောင့် တိမ်ပင်လယ်အကယ်ဒမီကို
ပံ့ပိုးဖို့ ရွေးချယ်ခဲ့တာပါ”

ကျန့်ဝူချန်းက ယန်ယဲ့ကို စိုက်ကြည့်ရင်း
“ဒါဆို မင်းပြောခဲ့တာတွေက တော်တော်ကို
အဓိပ္ပါယ်ရှိပါတယ်။တိမ်ပင်လယ်အကယ်ဒ
မီရဲ့ရှင်သန်မှုက ငါတို့အတွက် တကယ်ပါ ...
တကယ်ကိုကောင်းတဲ့အရာဆိုတာမှန်တယ်။
ဒါပေမဲ့ မင်းတစ်ယောက် တည်းနဲ့
ဒီအခြေအနေကို
အလှည့်အပြောင်းလုပ်နိုင်ပါ့မလား"

"ငါစမ်းကြည့်ချင်တယ်" ယန်ယဲ့က "ဒါပေမဲ့ ငါဂိုဏ်းရဲ့အကူအညီလိုတယ်"

ကျန့်ဝူချန်း၏ နံဘေးမှ အစိမ်းရောင်ဝတ်ရုံအဘိုးအိုက "မင်းကို ကူညီတာက ကြီးကြီးမားမားကိစ္စ မဟုတ်ပါဘူး ။ ဒါပေမဲ့ မင်း ဒီအခြေအနေကို လှည့်ကစားနိုင်မယ်ဆိုတာတော့ ငါမယုံဘူး”

ယန်ယဲ့သည် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ရာ

ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒက

တဟုန်ထိုးထွက်ပေါ်လာပြီး

ရှေးဟောင်းဓားခန်းမအတွင်း ချက်ချင်း

လွှမ်းခြုံသွားတော့သည်။

".ဟင်း.....ဟင်းလင်းပြင်အဆင့်

ဓားစိတ်ဆန္ဒ....."

ဒီမြင်ကွင်းကို မြင်လိုက်သောအခါ
ခန်းမထဲရှိ အာဏာပိုင်များ၏ မျက်နှာပေါ် ရှိ
အမူအရာများသည်
သိသိသာသာပြောင်းလဲသွားကြသည်။
သူတို့၏ မျက်လုံးထဲ၌
မယုံကြည်နိုင်မှုများဖြင့်
ပြည့်နှက်သွားခဲ့လေသည်။

ယန်ယွဲ့က အစိမ်းရောင်ဝတ်ရုံအဘိုးအိုကို
စိုက်ကြည့်ကာ "အကြီးအကဲ၊ အခု ငါ့ကို
ယုံသင့်ပြီမဟုတ်လား"

ကျန့်ဝူချန်းက ယန်ယဲ့ကို စိုက်ကြည့်ရင်း အနည်းငယ် တုန်ယင်နေသော အသံဖြင့် "မင်း ဘယ်တုန်းက နားလည်သွားတာလဲ"

"သိပ်မကြာသေးဘူး" ယန်ယဲ့က ဆက်ပြောလိုက်သည် “အကြီးအကဲတွေ၊ တိမ်ပင်လယ်အကယ်ဒမီမှာ အချိန်သိပ်မကျန်တော့ဘူး။ ငါ့မှာ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ နဲ့ တခြား ဝှက်ဖဲတွေပါ ရှိတယ်။ အဲဒါကြောင့်

ဒီလိုစကားမျိုး ပြောရဲတာဆိုတာ ယုံပေးပါ။
ဒါပေမဲ့ သိပ်ပြီးမလုံလောက်သေးဘူး။
ဒီတော့ ဂိုဏ်းက အကူအညီတောင်းဖို့ ဒီကို
အမြန်ပြန်လာခဲ့တာဘဲ”

ကျန့်ဝူချန်းက "မင်းမှာ တခြား ဝှက်ဖဲတွေ
ရှိသေးတာလား"

ယန်ယဲ့က ခေါင်းညိတ်ပြီး "အမှန်ပဲ၊ တခြားဝှက်ဖဲတွေ တော်တော်များများ ရှိတယ်"

၁၂၃၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၇ - ငါက ဒီလိုလူစားမျိုးလား

အာဏာပိုင်များသည်
အကြည့်ချင်းဖလှယ်ကြပြီး ကျန့်ဝူချန်း က
“မင်းဘယ်လိုအကူအညီမျိုး လိုအပ်တာလဲ"

"ရတနာလက်နက်တွေ လိုတယ်"
ယန်ယဲ့သည် ကျန့်ဝူချန်းကို ကြည့်ကာ "ငါတို့
ဓားကျောင်းတော်မှာရှိတဲ
အကောင်းဆုံးလက်နက် လိုအပ်ပါတယ်"

သူ့စကားကိုကြားသောအခါ
အာဏာပိုင်များအားလုံး ပါးစပ်ထောင့်များ
တုန်လှုပ်သွားကြတော့သည်။

အချိန်တော်တော်ကြာ
တိတ်ဆိတ်သွားပြီးနောက်
အဘိုးအိုတစ်ယောက်က ရုတ်တရက်
ပြောလာခဲ့သည်။ "ယန်ယွဲ့၊ မင်းက
ငါတို့ဓားကျောင်းတော်ရဲ့
အနာဂတ်မျှော်လင့်ချက်ဘဲ။ ဒါကြောင့်
မင်းကို ရတနာလက်နက်တစ်ခုခု ပေးရတာ

ပြဿနာမဟုတ်ဘူး။ ဒါပေမဲ့ မင်းအကောင်းဆုံးကို လိုချင်တယ်ဆိုရင်၊ အဲဒါက….”

"ငါ ဒီတစ်ခေါက် သိုင်းသူတော်စင်တွေနဲ့ ရင်ဆိုင်ရတော့မယ်" ယန်ယွဲ့သည် ထိုအဘိုးအိုအား မျက်လုံးချင်း တည့်တည့်ကြည့်ကာ "ငါ့မှာ အဆင့်မြင့်ရတနာလက်နက်ကောင်းကောင်း မရှိရင် အားလုံး ငါ့ကို တစ်နေ့သင်္ဂြိုလ်ရလိမ့်မယ်"

“ဒါပေမဲ့….” အဘိုးအိုက အနည်းငယ်
ချီတုံချတုံ ဖြစ်နေသည်။ အကြောင်းမှာ
သူ့ကို မပြောဘဲ၊ အခြားအာဏာပိုင်များပင်
ဂိုဏ်းကပိုင်ဆိုင်သော
အဆင့်မြင့်ရတနာလက်နက်များ ပေးဖို့
အတော်လေးဝန်လေးနေကြပေလိမ့်မည်။

ယန်ယွဲ့သည် ရုတ်တရက် ပြောလိုက်၏။
"ငါတို့ဘာလို့ဒီလိုမလုပ်တာလဲ။ အဲဒါကို
ငါ့ဆီ ခဏငှားထားသလို

သဘောထားလို့ရတယ်မဟုတ်လား။ ငါ
သုံးပြီးတာနဲ့ ပြန်ပေးမယ်။
ဒါဆိုအဆင်ပြေလား"

"ရတနာလက်နက်တွေကို မင်းလက်ထဲ
ခဏလောက်ငှားရမှာလား "အားလုံး
တော်တော်လေး အံ့သြသွားကြပုံပါ။
အဘိုးအိုတစ်ယောက်က “ငါတို့က မင်းကို
ခဏတဖြုတ်ငှားရုံနဲ့
ပြဿနာဖြစ်မှာမဟုတ်ဘူး။နောက်ဆုံးတော့၊
မင်းလည်း ငါတို့ထဲက တစ်ယောက်ဘဲလေ။

ဒါ့အပြင် မင်းက ငါတို့ဓားကျောင်းတော်ရဲ့ အနာဂတ်ထောက်တိုင်ဘဲ”

ထိုအချိန်တွင် အစိမ်းရောင်ဝတ်ရုံအဘိုးအိုသည် ယန်ယွဲ့ကို စိုက်ကြည့်ကာ “ဒါပေမဲ့…ဒါပေမဲ့ မင်းက ငှားလိုက်တာတွေကို ပြန်ပေးဖို့ ငွေင်းမှာတော့မဟုတ်ဘူး မဟုတ်ဘူးလား”

ဒီစကားကို ကြားလိုက်သည့်အခါ ယန်ယွဲ့က မကျေမနပ်လေသံဖြင့် ပြန်ပြောလိုက်၏။

"အကြီးအကဲ၊ ဘာပြောနေတာလဲ။
ငါယန်ယဲ့က အဲလိုလူလား၊ ငါက
ဒီလိုလူစားမျိုးလား။
ရိုးရိုးသားသားပြောရရင် အကြီးအကဲက
ငါ့ကို စော်ကားနိုင်ပေမယ့်
ငါ့ရဲ့စိတ်သဘောထားကိုတော့ စော်ကားဖို့
မကြိုးစားသင့်ဘူး"

ယန်ယဲ့သည် အစိမ်းရောင်ဝတ်ရုံအဘိုးအိုကို
ဒေါသတကြီး စိုက်ကြည့်နေစဉ်
သူ့မျက်နှာနှင့် လည်ပင်းသည် နီရဲနေပြီး

ရှေ့တက်ကာ အဘိုးအိုကို
တိုက်ခိုက်တော့မည့်ဟုပင် ထင်ရ၏။

ဒီအချိန်မှာ အစိမ်းရောင်ဝတ်ရုံအဘိုးအို၏
သံသယဝင်နေသော မျက်နှာက
အနည်းငယ်တုန်လှုပ်သွားပြီး
"ဘာလို့ ဒီလောက်ထိ ဒေါသထွက်နေတာလဲ
ကလေး။ မင်းကဒီလိုလူလို့ ငါမပြောခဲ့ဘူး"

ယန်ယဲ့သည် ငြင်းမရသော လေသံဖြင့်
အခိုင်အမာပြောလိုက်သည်

"သေချာပေါက်ဘဲ....ငါတကယ်
အဲဒီလိုလူမဟုတ်ဘူး!"

"ကောင်းပြီ! ကောင်းပြီ! မင်းမဟုတ်မှန်း
ငါတို့သိတယ်" ထိုအတောအတွင်း
ကျန့်ဝူချန်းက "အဲဒါအတွက်
အကြီးအကဲဟူ ကို အပြစ်မတင်ပါနဲ့။ သူက
ငါတို့ဓားကျောင်းတော်ရဲ့ရတနာတိုက်ကို
ထိန်းသိမ်းထားရလို့ အဲဒီရတနာတွေက
သူ့အသက်ထက်ပိုအရေးကြီးတယ်လို့တော
င် မှတ်ယူထားတာ။ တကယ်တော့

အဲဒီရတနာတွေထဲက တစ်ခုခုကို
ရဖို့အတွက်ဆိုရင်
ရှေးဟောင်းဓားကျောင်းတော်အတွက်
တန်ဖိုးမဖြတ်နိုင်တဲ့အရာတစ်ခုခု
လုပ်ပေးရမယ်။ ဒါပေမဲ့
လက်ရှိအခြေအနေက မတူတဲ့အတွက်
ငါတို့က မင်းကို ခဏလောက်တော့
ငှားလိုက်လို့ရတယ်"

ယန်ယဲ့က "ငါယန်ယဲ့က လိုအပ်လာရင်
ဂိုဏ်းအတွက် ငါ့အသက်ကို စွန့်လွှတ်မယ်"

ယန်ယဲ့၏ တည်ကြည်သောကတိစကားကို ကြားသောအခါ အာဏာပိုင်များလည်း ကျေနပ်စွာ ခေါင်းညိတ်လိုက်ကြသည်။ အစောပိုင်းက ယန်ယဲ့ကို သံသယဝင်နေသော အကြီးအကဲဟူ ပင်လျှင် သဘောကျစွာဖြင့် အနည်းငယ် ခေါင်းညိတ်ပြသည်။

လက်ရှိတွင် လုဝမ်အာ၏ မူလဒန်တျန်က ပျက်စီးသွားပြီဖြစ်ရာ ယန်ယဲ့သည်သာ

ရှေးဟောင်းဓားကျောင်းတော်၏
အနာဂတ်မျှော်လင့်ချက်ဖြစ်ခဲ့သည်။
ယန်ယဲ့သည် ရှေးဟောင်းဓားကျောင်းတော်
အပေါ်သစ္စာရှိစွာ ပြုမူသည်ကို
သူတို့မြင်သောအခါ ယန်ယဲ့အပေါ်သူတို့၏
အထင်အမြင်များက ကြီးမားလာခဲ့သည်။

တာအိုသခင်ဂူ ကသာ
နှုတ်ခမ်းထောင့်များတွန့်ကွေးသွားလေသည်
။ သူက ထိုတပည့်အကြောင်းကို
အခြားသူများထက် ပိုသိပေသည်။

ယန်ယွဲ့သည် သူ့စကားအတိုင်း
တည်သော်လည်း
လုံးဝအရှက်မဲ့သည့်အကြိမ်က
မရေမတွက်နိုင်အောင်ပါ။

မှန်သည်၊ သူက အခြားသူများ၏
စိတ်သဘောထားကို လုံးဝဂရုမစိုက်ပေ။
သူက ယန်ယွဲ့၏ ဆရာ ပင်မဟုတ်ပါလား။
သူကိုယ်တိုင် သူ့တပည့်ကို
ကာကွယ်မပေးလျှင် မည်သူက
ကာပေးပါမည်နည်း။

.......

အချိန်တော်တော်ကြာပြီးနောက်တွင် အကြီးအကဲဟူ နှင့် တာအိုသခင်ဂူ တို့၏ဦးဆောင်မှုဖြင့် ယန်ယဲ့သည် "ဓားရတနာတိုက်"ဟု ခေါ်သည့် ရတနာခန်းမသို့ရောက်ရှိလာခဲ့သည်။

ရတနာခန်းမတွင် အထပ်(၄)ထပ် ရှိပြီး သူတို့အုပ်စုက (၄) ထပ်မြောက်သို့ တိုက်ရိုက်တက်သွားကြသည် ။

(၄)ထပ်ပြောက် ခန်းမ၏ အလယ်ဗဟို၌
အလင်းတိုင်လုံး (၅)တိုင်နှင့်
ထောင့်(၄)ထောင့်တွင်
အလင်းတိုင်တစ်လုံးစီ အသီးသီးရှိနေပြီး
ထိုအလင်းတိုင်များအတွင်း တစ်စုံတစ်ခုက
ရွေ့လျားနေခဲ့သည်။

ဒီအချိန်မှာ (၄)ထပ်ပြောက်ခန်းမထဲရှိ
အရာရာတိုင်းက အနည်းဆုံး
နတ်ဘုရားအဆင့်တွင်ရှိနေသောကြောင့်

ယန်ယဲ့လည်း သိသိသာသာ
တုန်လှုပ်သွားခဲ့ပါသည်။

“ကလေး၊ ဒီရတနာတွေက ငါတို့ဂိုဏ်းက
နှစ်တွေအကြာပြီး
စုဆောင်းလာခဲ့တာတွေချည်းဘဲ"
အကြီးအကဲဟူ က မပြောခင် ခဏလောက်
တွန့်ဆုတ်နေခဲ့သည်။ ထို့နောက်မှ "ဒါတွေကို
ဂရုတစိုက်အသုံးချပါ။ မပျက်စီးစေနဲ့"

ယန်ယဲ့က မျက်လုံးထောင့်များ
တုန်လှုပ်သွားသည်။
ဒီလူအိုကြီးက ယခုထက်တိုင် သူ့ကို
မယုံသေးပုံပင်မဟုတ်လား။

“အစ်ကိုဟူ၊ အရမ်းချီတုံချတုံဖြစ်မနေပါနဲ့။
သူတို့ကို အမြန်ထုတ်လိုက်ပါ။
တိမ်ပင်လယ်အကယ်ဒမီမှာ
အချိန်သိပ်မကျန်တော့ဘူး"
အကြီးအကဲဟူ၏ တုံ့ဆိုင်းနေသော

အမှုအရာကြောင့် တာအိုသခင်ဂူ လည်း အနည်းငယ်စိတ်ပျက်သွားပုံရသည်။

အကြီးအကဲဟူ က ခဏတုံ့ဆိုင်းနေပြီးမှ အနည်းငယ် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်နှင့် မလှမ်းမကမ်းမှ အလင်းတိုင်လုံးတစ်ခု ပျောက်ကွယ်သွားကာ သူတို့ရှေ့တွင် အနက်ရောင်ချပ်ဝတ်တန်ဆာတစ်ခု ပေါ်လာခဲ့သည်။

အနက်ရောင်ချပ်ဝတ်တန်ဆာက
ထူးဆန်းစွာပင် ဓားများဖြင့်
ဖန်တီးထားခဲ့သည်။ ဓားများက
အပ်များကဲ့သို့ အလွန်သေးငယ်ပြီး
ချပ်ဝတ်တန်ဆာတစ်ခုဖန်တီးရန် အနည်းဆုံး
အပ်အရွယ် ဓား (၁၀,၀၀၀)
မနည်းရှိနေပေသည်။

“ဒါကို ဓားချပ်ဝတ် လို့ခေါ်တယ်။
ဒီချပ်ဝတ်တန်ဆာက

အဆင့်မြင့်သူတော်စင်အဆင့် အမျောင်

အဆင့်မြင့်အမျောင်လကျောက်တုံးကနေ

ဖန်တီးထားတာ။ ဒါ့အပြင် အဲဒါကို

အပြင်လောကရဲ့

အာကာသဟင်းလင်းပြင်က

လျှို့ဝှက်ဆန်းကြယ်တဲ့

နတ်ဘုရားအဆင့်နှင်းချီစွမ်းအင်နဲ့ပါ

ပေါင်းစပ်ထားသေးတယ်။ ဒီတော့

ဓားချပ်ဝတ်က အဆင့်နိမ့်နတ်ဘုရားအဆင့်

လက်နက်လို့ ဆိုနိုင်တယ်။ ထူးခြားတာက

တိုက်ခိုက်တာကော အကာအကွယ်ကော

နှစ်ခုလုံးသုံးလို့ရတာဘဲ" အကြီးအကဲဟူ က
သူ့လက်ညှိုးကို ပွတ်ဆွဲလိုက်ရာ
အနက်ရောင်ချပ်ဝတ်တန်ဆာက ယန်ယဲ့၏
ကိုယ်ပေါ် ချက်ချင်းပျောက်ကွယ်သွားသည်။
အကြီးအကဲဟူ က ယန်ယဲ့ကို ကြည့်ကာ
"ဒါကို မင်းကိုယ်တိုင် စစ်ဆေးကြည့်လိုက်"

ယန်ယဲ့သည် သူ့မျက်လုံးများကို
အနည်းငယ်မှိတ်ထားကာ
အချိန်တော်တော်ကြာပြီးမှ ပြန်ဖွင့်လိုက်၏။

ထိုခဏလေးအတွင်းမှာပဲ
သူ့ခန္ဓာကိုယ်ထဲကနေ အပ်မြောက်များစွာ
ကဲ့သို့ မရေမတွက်နိုင်သော ဓားရှည်များ
ထွက်လာပြီး ချက်ချင်းဆိုသလိုပင်
အနက်ရောင်ချပ်ဝတ်တန်ဆာတစ်ခုအဖြစ်
ပြောင်းကာ သူ့အား ဖုံးအုပ်ထားခဲ့သည်။
ထို့အပြင် ချပ်ဝတ်တန်ဆာပေါ်၌ မည်သည့်
အပေါက်မျှရှိမနေပေ။

ချပ်ဝတ်တန်ဆာက မျက်လုံးများဖြင့်ပင်
မမြင်နိုင်လောက်အောင်အထိ

ပျော့ပျောင်းသော အမြွေးပါးလေးဖြင့်
ဖုံးလွှမ်းသွားသည့်အလား ယန်ယဲ့၏
ခန္ဓာကိုယ်ကို လုံးဝ ဖုံးလွှမ်းသွားခဲ့သည်။
ထို့အပြင်
ချပ်ဝတ်တန်ဆာရှိအမြွေးပါးလေးများက
နတ်ဘုရားအဆင့်တွင် ရှိနေခဲ့သည် ။
ထို့အတွက် ဓားချပ်ဝတ်ကို
ချိုးဖောက်လိုပါက ခွန်အားကို
သုံးဖို့သာတတ်နိုင်သည်။
အခြားနည်းလမ်းမရှိခဲ့ပေ။

ယန်ယဲ့သည် သူ့စိတ်ထဲတွင်
အနည်းငယ်တုန်လှုပ်သွားမိသည်။ ထိုအခိုက်
ခန်းမထဲ၌ စူးရှသော ဓားအူသံများ ချက်ချင်း
ထွက်ပေါ်လာခဲ့သည်။

"ဘယ်လောက် အစွမ်းထက်တဲ့
ချပ်ဝတ်တန်ဆာလဲ" ယန်ယဲ့၏
မျက်လုံးများတွင် စိတ်လှုပ်ရှားမှုများဖြင့်
အရောင်တလက်လက် တောက်ပလာသည်။
ဓားချပ်ဝတ်တန်ဆာကို
အသက်သွင်းထားစဉ် သူ့ခန္ဓာကိုယ်က

လုံးဝကို လုံခြုံနေပြီး
သူနှင့်တစ်သားတည်းဖြစ်နေသကဲ့သို့
ခံစားရသည်။

ဒီအချိန်တွင် အကြီးအကဲဟူ က "ဒါက သူ့ရဲ့
တစ်ခုတည်းသော စွမ်းရည်ဖြစ်ရင်
ဘယ်လိုလုပ်ပြီး
နတ်ဘုရားအဆင့်ရတနာလက်နက်
ဖြစ်တော့မှာလဲ။ ဓားချပ်ဝတ် လို့ခေါ်ရတဲ့
အကြောင်းအရင်းကတော့
ဓားသမားတွေအတွက်ပဲ သင့်တော်လို့။

မင်းရဲ့ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို ဓားချပ်ဝတ်ထဲ ပို့လွှတ်ကြည့်လိုက်"

ယန်ယဲ့သည် သူ၏ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို ချက်ချင်းထုတ်ဖော်ကာ ချပ်ဝတ် ဆီသို့ အမြန်ပို့လွှတ်လိုက်သည်။ ချပ်ဝတ်တန်ဆာတစ်ခုလုံးက ချက်ချင်းပင် အသက်ဝင်လာသကဲ့သို့ သူ့ခန္ဓာကိုယ်ပေါ်ကနေ ဓားအူသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ချပ်ဝတ်တန်ဆာရှိ
ဓားတစ်ချောင်းစီတိုင်းက
စတင်တောက်ပလာခဲ့လေသည်။ ထို့နောက်
အလင်းတန်းများမြောက်များစွာက ရှေ့သို့ ၁
စင်တီမီတာခွဲခန့် ပစ်လွှတ်လိုက်ကြပြီး
အလင်းလွှာကြီးတစ်ခု ဖြစ်ပေါ်လာကာ
ယန်ယဲ့ကို ဖုံးအုပ်ထားလိုက်သည်။

အလင်းအတားအဆီးအလွှာသည်
အပြင်ဖက်မှကြည့်ပါက

အလွန်ပါးလွှာနေပုံရသော်လည်း အမှန်က လုံးဝမဟုတ်ပေ။

အလင်းအတားအဆီးက အနည်းဆုံး အလင်းတန်း (၁၀,၀၀၀) မှ ဖြစ်ပေါ်လာပြီး အမှန်တကယ် ပေါင်းစည်းထားသည့် အလင်းတန်းအလွှာက ( ၁၀,၀၀၀)ကျော်ပင် ရှိနေသည်။

အကြီးအကဲဟူ နှင့် တာအိုသခင်ဂူ တို့လည်း ဒီမြင်ကွင်းကိုမြင်သောအခါ အကြည့်ချင်းဖလှယ်ကြသည်။

သေချာကြည့်ပါက
သူတို့၏မျက်လုံးများတွင်
ထိတ်လန့်သွားသည်ကို
သတိပြုမိနိုင်ပေမည်။

အကြီးအကဲဟူ၏ မျက်လုံးထဲကနေ
ရှုပ်ထွေးသောအမူအရာတစ်ခု
တောက်ပလာကာ “ကလေး၊
နောက်ဆုံးတော့ မင်းက ဒီချပ်ဝတ်တန်ဆာရဲ့
စွမ်းအားကို
ထုတ်ဖော်နိုင်တဲ့တစ်ယောက်တည်းသောလူ

ဖြစ်နေတာကို ငါနားလည်လိုက်ပြီ။
လက်တွေ့ကျရင်တော့
သိုင်းသူတော်စင်တစ်ယောက် ကတောင်
အဲဒီအလင်းအလွှာကို
အလွယ်တကူချိုးဖျက်ဖို့မဖြစ်နိုင်ဘူးဆိုတာ
တွေ့ရလိမ့်မယ်။ တကယ်လို့ အလင်းလွှာကို
ချိုးဖျက်နိုင်ရင်တောင် ဓားချပ်ဝတ်က
မင်းကို ကာကွယ်နေဦးမှာဘဲ။ ပြောရရင်
ဓားချပ်ဝတ်က လိပ်နဲ့တူတာထက်
လိပ်တစ်ကောင်လိုဘဲလို့ ပြောလို့ရတယ်"

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၈ - ဘယ်သူက

အရေးကြီးဆုံးလို့ထင်လဲ

တာအိုသခင်ဂူ ကပြုံးပြီး "သာမန်

ဓားလေ့ကျင့်သူတစ်ယောက်က

အသုံးပြုမယ်ဆိုရင် ဒီချပ်ဝတ်တန်ဆာဟာ

နတ်ဘုရားအဆင့်နိမ့်ဓားချပ်ဝတ်

ဖြစ်နိုင်ပေမဲ့ မင်းရဲ့ဟင်းလင်းပြင်အဆင့်

မားစိတ်ဆန္ဒ ရှိနေတော့ ဒါက

နတ်ဘုရားအလယ်အလတ်အဆင့်

ရတနာထက်

နိမ့်ကျမှာ မဟုတ်ဘူး"

ယန်ယွဲ့သည် သဘောတူပုံဖြင့်

ခေါင်းညိတ်လိုက်သည်။

သူ၏ ဟင်းလင်းပြင်အဆင့် မားစိတ်ဆန္ဒကို

မားချပ်ဝတ်တန်ဆာထဲသို့

ပို့လွှတ်လိုက်လိုက်သည်နှင့် တစ်ပြိုင်နက်

၎င်းသည် သံချပ်ကာထဲသို့ အသက်ကို
ရှူသွင်းလိုက်သလိုပင်၊ သံချပ်ကာ၏
စွမ်းအားသည် ယခင်ကထက်
အဆပေါင်းများစွာ
ပိုမိုအားကောင်းလာသည်။ ဓားချပ်ဝတ်၏
အကာအကွယ်စွမ်းအားသည်
အစိမ်းရောင်ကုဗတုံး
ထက်လုံးဝသာလွန်သွားသည်ဟု
ဆိုနိုင်သည်။

အကြီးအကဲဟူ က “ဒါကို ကြိုက်သလိုသုံးနိုင်တယ်။မင်း စမ်းကြည့်လိုက်ပါဦး"

ယန်ယွဲ့သည် ခေါင်းညိတ်လိုက်ပြီး သူ့နှလုံးသားထဲကနေ စိတ်ဆန္ဒတစ်မျှင် ထုတ်လိုက်၏။

အောင်း!

ခားချပ်ဝတ်သည် ရုတ်တရက်

ကွဲထွက်သွားပြီး လေထဲသို့

ပစ်လွှတ်လိုက်သော အလင်းတန်းပေါင်း

ထောင်ချီ အဖြစ် ပြောင်းလဲကာ

ခားစက်ဝိုင်းကြီးတစ်ခု

ထွက်ပေါ်လာသည်။

ဘမ်း!

ရတနာတိုက် အပေါ်ခေါင်မိုးက

ပေါက်ကွဲထွက်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် အလင်းတန်းများသည်
ကောင်းကင်ယံအထက်သို့ ပျံတက်သွားပြီး
ကောင်းကင်ကိုပင် ဖြိုခွဲပစ်ဖို့
ရည်ရွယ်နေပုံရသည်။

ထိုအချိန်တွင် အကြီးအကဲဟူ က
ရုတ်တရက် ကမန်းကတန်း အော်လိုက်၏
“ရပ်....၊ ခုချက်ချင်း ရပ်လိုက်”

ယန်ယွဲ့သည် အနည်းငယ်
ထိတ်လန့်သွားသည်။ သူ့ခေါင်းကို မော့ပြီး

သေသေချာချာ ကြည့်လိုက်ရာ
ဓားတောင်ထိပ်ကို လွှမ်းခြုံထားသည့်
မဟာဓားဝက်ပါအစီအရင်က
ရိုက်ခတ်မှုကြောင့် တုန်ခါနေပြီး
ကွဲအက်သွားလုနီးပါးပင်။

ယန်ယဲ့ လည်း တုန်လှုပ်သွားပြီး
သူ့နှလုံးသားထဲရှိ စိတ်ဆန္ဒကို ထိန်းချုပ်၍
စိတ်ဆန္ဒကြိုးမျှင်ကို ပြန်သိမ်းလိုက်ပါသည်။
ထိုခဏလေးမှာပဲ အလင်းတန်းများက
ကောင်းကင်ယံအထက်ကနေ

ဆင်းသက်လာပါတော့သည်။
ထို့နောက်တွက် ယန်ယဲ့၏ ခန္ဓာကိုယ်ပေါ်
လွှမ်းခြုံသွားပြီး ဓားချပ်ဝတ်အဖြစ်
နောက်တစ်ကြိမ် ထပ်ဖွဲ့စည်းသွားခဲ့သည်။

အကြီးအကဲဟူ က သက်ပြင်းချကာ
"ဒီချပ်ဝတ်က ဒီလောက် သန်မာဖို့
မဖြစ်နိုင်ပါဘူး၊ ဒါပေမဲ့ မင်းပိုင်ဆိုင်ထားတဲ့
ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒနဲ့ပေါင်းစပ်ပြီး
ချပ်ဝတ်ရဲ့အစွမ်းက

အကန့်အသတ်မဲ့ဖြစ်သွားတယ်။ မင်းလက်

ထဲမှာရှိနေတဲ့ ဒီချပ်ဝတ်တန်ဆာကို

ရင်ဆိုင်ရတဲ့အခါ ဘယ်သူမှ ပေါ့ပေါ့ဆဆ

မပြုဝံ့နိုင်ဘူး။ မဟုတ်ရင် မင်းရဲ့

ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒက

ငါတို့ကို ဒဏ်ရာ ဒါမှမဟုတ်

အဲဒီဓားချပ်ဝတ်ရဲ့ဓားတွေနဲ့ဆို

နည်းနည်းလေးပေါ့ဆမိတာနဲ့

ငါတို့သေသွားနိုင်တယ် "

ယန်ယှဲ့သည် မျက်လုံးထဲ၌
စိတ်လှုပ်ရှားမှုများ
တောက်ပလာသည်။ ပြောစရာမလိုအောင်ပ
င်၊ နတ်ဘုရားအဆင့်နိမ့် ဓားချပ်ဝတ်က
အလွန်အစွမ်းထက်ပြီး အသုံးဝင်ပေသည်။

"ဟုတ်တယ်၊ မင်းလက်ထဲမှာ
အဲဒီချပ်ဝတ်တန်ဆာနဲ့ဆိုရင်
သိုင်းသူတော်စင်တစ်ယောက်ကို
သတ်နိုင်မယ်လို့
ငါပြောတာမဟုတ်ဘူး" ထိုအချိန်မှာပဲ

အကြီးအကဲဟူ က “သိုင်းသူတော်စင်တွေရဲ့ ခွန်အားနဲ့ စွမ်းရည်တွေက မင်းထင်သလောက် မရိုးရှင်းလို့ဘဲ။ အထူးသဖြင့်တော့ မျိုးဆက်ဟောင်းရဲ သိုင်းသူတော်စင်တွေလေ။ သူတို့မှာ မယုံနိုင်စရာကောင်းတဲ့ စွမ်းရည်တွေရှိတယ်။ မင်းကို မပြောနဲ့၊ ကောင်းကင်ဘုံကတောင် သူတို့ကို ကြောက်တယ်။ ဒါကြောင့် အနာဂတ်မှာ သိုင်းသူတော်စင်တွေနဲ့ တွေ့ရင်

မင်းကလုံးဝကိုသတိထားရမယ်၊
ဘယ်လိုမှသတိလက်လွှတ်ဖြစ်လို့မရဘူး"

"အစ်ကိုဟူပြောတာ မှန်တယ်"
တာအိုသခင်ဂူ က “ကလေး၊
မင်းရဲ့ခွန်အားကို
အရမ်းယုံကြည်တယ်ဆိုတာ ငါသိပါတယ်။
ဒါပေမဲ့ မင်းက
သိုင်းသူတော်စင်တစ်ယောက်နဲ့ ရင်ဆိုင်ရင်
လုံးဝသတိပေါ့လို့မရဘူး။ ဒါ့အပြင်
သိုင်းသူတော်စင်တွေကြားမှာလည်း

ကွာဟချက်တချို့ရှိတယ်။
တချို့စီနီယာမျိုးဆက်
သိုင်းသူတော်စင်တွေက သိုင်းသူတော်စင် ဒါ
ဇင်လောက်နဲ့တောင်
တိုက်ခိုက်နိုင်တယ်။ ဒါကြောင့် ငါမင်းကို
တစ်နေ့နေ့မှာသင်္ဂြိုလ်စရာ မလိုအောင်
အစစအရာရာ သတိထားပါ”

ယန်ယွဲ့က သူ့ကို အလေးအနက်
သတိပေးနေသောလူအိုကြီးနှစ်ယောက်ကို
ကြည့်ရင်း သူ့နှလုံးသားထဲ၌

နွေးထွေးသွားသည် ။ သူက ချက်ချင်းပင် ခေါင်းညိတ်ပြီး ပြုံးပြလိုက်ကာ "စိတ်မပူပါနဲ့၊ ဒီတပည့်က အဲလိုမဖြစ်စေရပါဘူး"

ဒီစကားပြောပြီးနောက် ယန်ယွဲ့သည် ကျန်အလင်းတိုင် (၄)တိုင်ကို စိုက်ကြည့်ကာ သူ့မျက်နှာတွင် စိတ်လှုပ်ရှားမှုများ တိုးလာပါသည်။

အကြီးအကဲဟူ က ဒီအမှုအရာကို
သတိထားမိပြီး ပါးစပ်ထောင့်များ
အနည်းငယ် လှုပ်ယမ်းသွားသည်။
အချိန်အနည်းငယ်ကြာမှ
အသက်ပြင်းပြင်းရှူရင်း "ကောင်းပြီ၊
ဒါတွေကို မင်းလက်ထဲ ပုံအပ်လိုက်တာပေါ့"

အကြီးအကဲဟူ က စကားပြောပြီး
သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
အလင်းတိုင်လုံးတစ်ခုက
ကွဲအက်သွားသည်။ ထို့နောက်

အတွင်းပိုင်းကနေ
အစိမ်းရောင်အလင်းတန်းတစ်ခု
လွင့်ပျံလာပြီး သူတို့ရှေ့တွင်
လွင့်မျောနေခဲ့သည်။
အစိမ်းရောင်အလင်းများ
ပြန့်ကျဲသွားပြီးနောက် သူတို့ရှေ့၌
လွင့်မျောနေသော ဓားတစ်ချောင်းကို
မြင်လိုက်ရလေသည်။

ဓားက အရှည်တစ်မီတာခန့် အနံ ၂
လက်မခန့်နှင့် ကျောက်စိမ်းရောင်

တဖျပ်ဖျပ်လက်နေပါသည်။
ရုတ်တရက်ဆိုသလိုပဲ
ကျောက်စိမ်းခါးရှည်ကနေ စူးရှပြီး
တောက်ပသော အလင်းတန်းတစ်ခု
ထွက်လာသည်။ ထိုအလင်းတန်းကလွဲလို့
ဘာမှတော့ ထူးခြားမလာခဲ့ပေ။

“ဒီခါးကို ပျက်သုဉ်းခြင်းကျောက်စိမ်းခါး
လို့ခေါ်တယ်။ အဲဒါက
လျှို့ဝှက်ဆန်းကြယ်ပစ္စည်းတွေနဲ့
ကျောက်စိမ်းစွမ်းအင်တွေကနေ

သန့်စင်ထားတဲ့ အဆင့်နိမ့်နတ်ဘုရားအဆင့် ဓားတစ်လက်ဘဲ။ ဓားကိုင်ထားသူက ကောင်းကင်ဘုံရဲ့စွမ်းအင်ကို ဆွဲယူဖို့ ဓားကိုသုံးနိုင်တယ်"

ထိုစကားပြောပြီးသည်နှင့် အကြီးအကဲဟူ က တစ်ဖက်ပြန်လှည့်ကာ သူ့ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

အခြား အလင်းတိုင်လုံးတစ်ခု ကွဲအက်သွားပြီးနောက် ဓားတစ်ချောင်း ထပ်မံပေါ်လာသည်။ ထိုဓားက ပျက်သုဉ်းခြင်းကျောက်စိမ်းဓားနှင့်

ဆင်တူသည်။ တစ်ခုတည်းသော
ခြားနားချက်မှာ ၎င်း၏အရောင်ပင်။
ဓားကိုယ်ထည်က
အဝါရောင်တစ်ဝက်နက်ပြာရောင်တစ်ဝက်
ဖြစ်နေသည်။

အကြီးအကဲဟူ က "အဝါရောင်စမ်းရေ
လို့ခေါ်တယ်။ ဒါကလည်း
လျှို့ဝှက်ဆန်းကြယ်တဲ့ ပစ္စည်းတွေနဲ့
အဝါရောင်စမ်းရေ၊ စွမ်းအင်တွေနဲ့
သန့်စင်ထားတဲ့ အဆင့်နိမ့်နတ်ဘုရားအဆင့်

ဓားတစ်လက်ဘဲ။ပျက်သုဉ်းခြင်းကျောက်စိ
မ်းဓားနဲ အဆင့်တူတယ်။ ဒီဓားက
မြေကြီးရဲ့စွမ်းအင်ကို အသုံးချနိုင်တယ်။
ဓားနှစ်ချောင်းလုံးကို
ပေါင်းစပ်လိုက်ရင်တော့ ကောင်းကင်နဲ့
မြေကြီးရဲ့စွမ်းအင်ကို အသုံးချနိုင်တာနဲ့
ညီမျှတယ်။ငါ ဒီလိုရှင်းပြပါရစေ။
တာအိုအဆင့်နည်းစနစ်ကို ကောင်းကင်နဲ့
မြေကြီးရဲ့စွမ်းအင်တွေနဲ့ မြှင့်တင်မယ်ဆိုရင်
တာအိုအဆင့်နည်းစနစ်က

နတ်ဘုရားအဆင့်နိမ့်နည်းစနစ်နဲ့
ယှဉ်နိုင်လိမ့်မယ်”

ယန်ယွဲ့က ရုတ်တရက်မေးလိုက်သည်
"အဆင့်နိမ့်နတ်ဘုရားအဆင့်နည်းစနစ်ကို
သုံးပြီး
ကောင်းကင်နဲ့မြေကြီးရဲ့စွမ်းအင်နဲ့ပေါင်းစပ်
ရင်ကော..."

အကြီးအကဲဟူ က “အဲဒါတော့
ငါလည်းမသိဘူး”

"ဟမ်" ယန်ယဲ့လည်း ပါးစပ်ထောင့်များ
အနည်းငယ် လှုပ်ယမ်းသွားပြီး
အံ့သြသွားကာ “ဘာလို့
မလုပ်တာလဲ။ ဘယ်သူမှ မသုံးဖူးဘူးလား"

အကြီးအကဲဟူက ခေါင်းညိတ်ကာ
“အမှန်ပဲ။ ဘာကြောင့်လဲဆိုတော့
ဓားနှစ်လက်ကိုသုံးချင်ရင် ဓားစိတ်ဆန္ဒက
လိုအပ်ချက်တွေရှိနေလို့လေ။
ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒ

ကပဲ ဓားနှစ်လက်ကို ထိန်းချုပ်နိုင်တယ်။
ဓားသခင်မှာ ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ဓားစိတ်ဆန္ဒရှိပေမယ်လို့ သူ့ရဲ့ကိုယ်ပိုင်ဓား
ရှိတယ်။ ဒီတော့ သူက သူတို့ကို
စိတ်မဝင်စားဘူး။ လောလောဆယ် မင်း
အဲဒါကနေ အကျိုးအမြတ်ရလိမ့်မယ်”

"ငါသူတို့ကို အရှက်မခွဲပါဘူး"
ယန်ယဲ့က သူ့လက်ကို ဆန့်တန်းပြီး
ဓားနှစ်ချောင်းကို
လက်ဟန်ပြလိုက်သည်။ ဓားနှစ်ချောင်းက

ချက်ချင်းပင် သူ့လက်ထဲသို့
တိုးဝင်လာသည်။

သိပ်မကြာလိုက်ပေ၊ ခါးနှစ်ချောင်းလုံးက
တုန်ခါလာပြီး ယန်ယဲ့၏ လက်ထဲကနေ
လွတ်မြောက်ဖို့ ရုန်းကန်နေကြသည်။

သို့သော်လည်း ယန်ယဲ့၏
ဟင်းလင်းပြင်အဆင့် ခါးစိတ်ဆန္ဒက
ခါးကိုယ်ထည်များဆီ တိုးဝင်လာသောအခါ
ခါးနှစ်ချောင်းလုံး ချက်ချင်း
ငြိမ်သက်သွားသည်။

ယန်ယဲ့သည် ဘယ်ဖက်လက်တွင်
ပျက်သုဉ်းခြင်းကျောက်စိမ်းဓားကို
ကိုင်ထားပြီး ညာလက်ထဲ၌တော့
အဝါရောင်စမ်းရေကို ဆုပ်ကိုင်ထားသည်။
သူ့လက်ထဲမှ ဓားနှစ်ချောင်းလုံးက
နတ်ဘုရားအဆင့်ရတနာများ
ဖြစ်နေသာကြောင့် ယန်ယဲ့ဟာ
အလွန်စိတ်လှုပ်ရှားနေခဲ့သည်။ "ဟီးဟီး၊
ဒီဓား ၂ ချောင်းကို ရလိုက်ပြီ။
ဓားချပ်ဝတ်တန်ဆာနဲ့ အစိမ်းရောင်ကု
ဗတုံးပါ ထည့်ပေါင်းလိုက်ရင်တော့ ငါ့မှာ

နတ်ဘုရားအဆင့် ရတနာ (၄) ခုတောင်
ရှိနေပြီ"

သို့သော် ယန်ယွဲ့သည် အရမ်းကြီးတော့
စိတ်လှုပ်ရှားမနေခဲ့ပေ။
နတ်ဘုရားအဆင့်လက်နက်များ
ပိုင်ဆိုင်ထားသော်လည်း သူ့ခွန်အားက
သိုင်းသူတော်စင်တစ်ယောက်ကို သတ်ဖို့
မလုံလောက်သေးပါ။

ထို့နောက် ယန်ယဲ့သည် ခေါင်းမော့၍ ကျန်
အလင်းတိုင်လုံး ၂ တိုင်ဆီသို့
လှမ်းကြည့်လိုက်သည်။

အကြီးအကဲဟူ က တုံ့ဆိုင်းမနေဘဲ
သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
အလင်းတိုင်လုံးက ကွဲအက်သွားပြီး
ယန်ယဲ့ရှေ့၌ ထူးဆန်းသောအရာတစ်ခု
ပေါ်လာခဲ့သည်။

ယန်ယဲ့သည် သူ့ရှေ့မှ လွင့်မျောနေသော အရာကို မြင်သောအခါ ချက်ချင်းပင် မျက်လုံးများ ပြူးကျယ်သွားပြီး "ဘာလဲ...အဲဒါဘာလဲ"

“ဒါက နတ်ဘုရားအလယ်အလတ်အဆင့်မှာ ရှိတယ်။ ကောင်းကင်ကို ခွဲထုတ်နိုင်တဲ့ နေရောင်ခြည်ကို ဖယ်ထုတ်နိုင်စွမ်းရှိတယ်...။ မှန်တယ်၊ ဒါကို ငါးမှာမဟုတ်ဘူး။ မင်းကို ငါးမပေးနိုင်ဘူး …။ ဒါက တန်ကြေးကြီးလွန်းတယ်…

.” အကြီးအကဲဟူ၏
ပြတ်သားသောအသံက နောက်တစ်ကြိမ်
ထပ်၍ ထွက်ပေါ်လာသည်။

"အကြီးအကဲဟူ၊ ရတနာက
ပိုအရေးကြီးသလား ငါ့ဘဝက
ပိုအရေးကြီးသလားလို့ မေးပါရစေ"

ဒီစကားကိုကြားသောအခါ အကြီးကဲဟူ က
အကူအညီမဲ့စွာ ရယ်မောခဲ့သည် “ကလေး၊
သိပ်မကြာခင်မှာ

ငါတို့လိုမျိုးဆက်ပေါင်းတွေ
ဒီလောကကနေ ထွက်သွားရင် ဒါမှမဟုတ်
ငါတို့ရဲ့သက်တမ်းကုန်ဆုံးတာကို
တွေ့ကြုံခံစားရလိမ့်မယ်။ ငါတို့သွားပြီး
ဓားကျောင်းတော်မှာ
သိုင်းသူတော်စင်အဆင့်ကို
ရောက်နိုင်တဲ့သူမရှိဘူးဆိုရင်
ကျောင်းတော်က ဆုတ်ယုတ်သွားသလို
ပျက်ဆီးသွားမှာလည်း
သေချာပါတယ်။ မင်းက
ငါတို့ဓားကျောင်းတော်ရဲ့

အနာဂတ်မျှော်လင့်ချက်မို့ ဘယ်သူက အရေးကြီးဆုံးလို့ ထင်လဲ"

၁၂၃၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၃၉ -

အစွမ်းထက်ရတနာလက်နက်များ

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

လေးလေးနက်နက်ပြောခဲ့သည်

"အကြီးအကဲဟူ၊ ငါယန်ယဲ့က

တိမ်ပင်လယ်မြို့ကို ပြန်သွားတာနဲ့

သိုင်းသူတော်စင်တွေနဲ့ရင်ဆိုင်ရတော့မယ်။

ငါ့မှာ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ

ရှိပေမဲ့ တကယ့်တကယ်ကျ

သိုင်းသူတော်စင်တွေကို ရင်ဆိုင်ဖို့

မလုံလောက်ဘူး။ ဒါကြောင့်

အကူအညီတောင်းဖို့ ဂိုဏ်းဆီ

အမြန်ပြန်လာခဲ့တာနော်"

"ငါလည်းနားလည်တယ်။ ငါ....”

"ရှိုင်းပြမိတဲ့အတွက် ခွင့်လွှတ်ပါ" ယန်ယဲ့က အကြီးအကဲဟူ ကို တစ်ချက်ဦးညွှတ်၍ ဆက်ပြောလိုက်လေသည်။ "အကြီးအကဲ၊ ဒီရတနာတွေက ငါ့ကိုယ်ငါအတွက်ချည်းပဲ မဟုတ်ဘူးဆိုတာ သိထားမှာပါ။ အဲဒါတွေက ငါ့အသက်ကို ကယ်တင်ဖို့အရာတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါ့အပြင် ငါက

ရှေးဟောင်းဓားကျောင်းတော်အတွက်
တိမ်ပင်လယ်အကယ်ဒမီကို
ပြန်သွားရတော့မယ်။ အခုအချိန်မှာတော့
အကြီးအကဲဟူ က ငါ့ကို
ရတနာသက်သက်ချည်းပဲတောင် ငှားပေးဖို့
ဆန္ဒမရှိပါဘူး။ အဲ့ဒါ...တကယ်စိတ်ပျက်စရာ
ဘဲ" ယန်ယဲ့သည် စကားပြောပြီးသည်နှင့်
မျက်နှာတွင် စိတ်မကောင်းဖြစ်ဟန်များ၊
ဒေါသအမူအရာများ ပေါ်လာလေသည်။

"ကောင်းပြီ! ကောင်းပြီ! ငါ့ကိုဒီလိုမကြည့်နဲ့"
အကြီးအကဲဟူ က ပုခုံးတွန့်လိုက်ပြီး
“မင်းကို ငါသေအောင်
လုပ်နေသလိုဘဲ။ ကလေး၊ ငါတို့က မင်းကို
ချေးငှားနေတာပဲလို့
သတိပေးပါရစေ။ ငါတို့က မင်းကို
ချေးထားတော့ မင်းသုံးပြီးတာနဲ့
ပြန်ပေးရမယ်"

ယန်ယဲ့သည် အကြီးအကဲဟူ ကို
မကျေမနပ်နှင့် ပြန်

ပြောလိုက်၏။ "ငါ့ရုပ်ကက
ချေးငှားထားတဲ့အရာကို
ပြန်မပေးတဲ့သူနဲ့တူလား"

"အရင်က ဒီလိုပုံမပေါ်ပေမဲ့ အခုတော့
မင်းကနည်းနည်းလေးတူလာတယ်"
အကြီးအကဲဟူ အသံမထွက်ဘဲ က
သူ့စိတ်ထဲကနေ
တိုးညှင်းစွာရေရွတ်လိုက်သည်။ သူက
ယန်ယဲ့ကို
အတော်လေးကြောက်လန့်နေမိသည်။

အကြီးအကဲဟူ က ခေါင်းယမ်းကာ

သူတို့ရှေ့တွင် လွင့်မျောနေသည့်အရာအား

စိုက်ကြည့်နေသည်။ "အတောင်ပံတစ်စုံပါ"

မရေမတွက်နိုင်သော အနက်ရောင်

လက်ချောင်းအရွယ် ဓားပါးပါးလေးများဖြင့်

ဖန်တီးထားသော

အတောင်ပံတစ်စုံပင်။ ဓားပါးပါးလေးများ

က ဓားချပ်ဝတ်တန်ဆာကို ဖန်တီးထားသည့်

ဓားများနှင့် မတူပေ။ ၎င်းတို့ဟာ

ပုစဉ်းရင်ကွဲအတောင်များထက်ပင်

ပါးလွှာပြီး

စူးရှရှတောက်ပနေပါသည်။ အတောင်ပံနှစ်ခုစလုံးက ကြေးမုံပြင်တစ်ချပ်လို ချောမွေ့နေပြီး ဓားရိုးများ တလိပ်လိပ်နှင့် အေးစိမ့်စိမ့်အငွေ့အသက်များ ဖြာထွက်နေသော အလင်းရောင်များဖြင့် တုန်ခါနေသည်။

ဓားအတောင်ပံများကို စိုက်ကြည့်ရင်း အကြီးအကဲဟူ၏ မျက်လုံးများသည် တုံ့ဆိုင်းနေပြီး ရှုပ်ထွေးသော

ခံစားချက်အချို့ တောက်ပလာသည်။ သူက “ဒီအတောင်ပံတွေကို ခြားနက်တောင်ပံလို့ ခေါ်တယ်။အတောင်ပံဖန်တီးထားတဲ့ ခြားတွေအားလုံးက လျှို့ဝှက်ဆန်းကြယ်တဲ့ နတ်ဘုရားအဆင့်လေဟာနယ်ကျောက်တုံး တွေနဲ့ ထုလုပ်ထားတယ်။
ဒီကျောက်တုံးတွေမှာ
ထူးခြားတဲ့စွမ်းရည်တွေပိုင်ဆိုင်ထားတယ်။ အဲဒါကတော့ ဘယ်လိုအလေးချိန်မှ မရှိတဲ့အပြင် ထူးထူးခြားခြားကို ပေါ့ပါးနေတာဘဲ။ ဒါ့အပြင်

နတ်ဘုရားသားရဲဖိုးနစ်ရဲ့အဆီအနှစ်တွေ၊
အမွေးအတောင်တွေနဲ့ အရိုးတွေပါ
အသုံးပြုထားတယ်။ ရိုးရိုးရှင်းရှင်းပြောရရင်
ဒါက ပိုင်ရှင်ရဲ့အရှိန်ကို မြှင့်တင်ပေးတဲ့
ရတနာတစ်ခုဘဲ။
မင်းဒါကိုတပ်ဆင်ထားသရွေ့တော့
သိုင်းသူတော်စင်တစ်ယောက်တောင်
မင်းကိုလိုက်ဖို့ခက်လိမ့်မယ်"

"ဒါက သိုင်းသူတော်စင်ရဲ့အရှိန်ထက်
ကျော်နိုင်တာလား" ယန်ယဲ့သည်

အသက်ပြင်းပြင်းရှူလိုက်ပြီး သူ့စိတ်ထဲက
စိတ်လှုပ်ရှားမှုများနှင့် ပျော်ရွှင်မှုများကို
ထိန်းလိုက်၏။

ထို့နောက် သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ
ဓားနက်အတောင်ပံတစ်စုံက
သူ့ခန္ဓာကိုယ်ပေါ်သို့
ချက်ချင်းရောက်ရှိလာသည်။

ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့၏

နောက်ကျော၌
အတောင်ပံတစ်စုံပေါ်လာပြီး.သူ့ခန္ဓာကိုယ်
ဟာ လေထဲသို့
ဖြည်းညှင်းစွာတက်လာသည်။

"ဘယ်လိုတောင်.....
ဘယ်လိုလုပ်ပြီးမလေးလံရတာလဲ"
ဒီခံစားချက်က လက်ရှိ
ယန်ယဲ့ခံစားမိသောအခြေအနေပင်။
ဓားနက်အတောင်ပံများကို
အသက်သွင်းလိုက်သည်နှင့်

သူ့ခန္ဓာကိုယ်ဟာ အလေးချိန်မရှိတော့ဘဲ
ပေါ့ပါးနေသည်ကို ခံစားလိုက်ရ၏။
ထို့အပြင် မသိလိုက်ခင်မှာဘဲ
သူ့ခန္ဓာကိုယ်က လေထဲ၌ လွင့်မျောနေပါပြီ။

ဒီအခိုက်အတန့်တွင် ယန်ယဲ့ဟာ
လေနုအေးတစ်ချက်အဝှေ့ လွင့်ပျံလာသည့်
ငှက်မွေးတစ်မျှင်ကဲ့သို့ ပေါ့ပါးမှုကို
ခံစားလိုက်ရသည်။

ယန်ယဲ့သည် သူ့မျက်လုံးများကို
အနည်းငယ်မှိတ်ထားပြီး သူ၏ညာခြေကို
ရုတ်တရက် တင်းတင်းပုတ်လိုက်သည်။

ဝုစ်!

သူ့ခန္ဓာကိုယ်က နေရာတွင်ပင်
ပျောက်ကွယ်သွားပြီး နောက်တစ်ကြိမ်
ပြန်ပေါ်လာခိုက် မီတာရာချီမြင့်မားသော
ကောင်းကင်ယံအထက်၌ ရှိနေသည်။

ထို့အပြင် သူ့နောက်ကွယ်တွင်
အလွန်ရှည်လျားသော
အနက်ရောင်အက်ကြောင်းတစ်ခု
ရှိနေသည်။ သူ့အရှိန်က
အလွန်လျင်မြန်နေသည်ဖြစ်ရာ
အာကာသင်းလင်းပြင်သည်ပင်
ပွင့်ထွက်သွားသည်။

သို့သော် ပေါ့ပါးသော
လှုပ်ရှားမှုတစ်ခုသာဖြစ်ပြီး
မျက်စိတစ်မှိတ်အတွင်း

သူရပ်နေသည့်နေရာကို
ချက်ချင်းပြန်ရောက်လာခဲ့သည်။
သွားခဲ့သည်။ ခြင်းချက်အနေနှင့် ယန်ယဲ့၏
ပါးစပ်ထောင့်မှ သွေးများ စီးထွက်နေကာ
သူ့မျက်နှာက အနည်းငယ်
ဖြူဖျော့သွားခဲ့သည်။

အကြီးအကဲဟူ က လေးနက်စွာပြောခဲ့သည်
"ဒီဓားနက်အတောင်ပံတွေကို
လှူပ်ရှားလိုက်တဲ့အခါ မင်းရဲ့အရှိန်ကို
အရမ်းတိုးစေနိုင်တယ်။ အဲဒါက

အရမ်းကြောက်စရာကောင်းတဲ့
စွမ်းအင်ပမာဏကို
ကုန်ဆုံးသွားစေတယ်ဆိုတာတော့
သတိရပါ။ မင်းပိုင်ဆိုင်တဲ့
ဆန်းကြယ်ချီစွမ်းအင်ကို အခြေခံရရင်
အများဆုံး ၂ ကြိမ် ဒါမှမဟုတ် ၃
ကြိမ်လောက်အထိပဲ
သုံးနိုင်မယ်။ အဲဒါထက် ပိုသုံးရင်
မင်းရဲ့ဆန်းကြယ်ချီစွမ်းအင်တွေ
အကုန်ခန်းခြောက်သွားလိမ့်မယ်။ ဒါ့အပြင်
ဘယ်လူသားတစ်ယောက်ရဲ့ခန္ဓာကိုယ်ကမှ

ဒီလိုအရှိန်ကို ခံနိုင်တာမဟုတ်ဘူး၊
မင်းရဲ့ရုပ်ခန္ဓာက အဆင့်တူနယ်ပယ်ထက်
မြင့်မားနေတာသာမဟုတ်ရင် အဲဒီ လှုပ်ရှားမှု
နှစ်ခုက မင်းတစ်ကိုယ်လုံးကို ခွဲထုတ်ဖို့
လုံလောက်တယ်"

ထိုအတောအတွင်း တာအိုသခင်ဂူ ကလည်း
"ကလေး၊နတ်ဘုရားအဆင့်ရတနာတွေက
အများအားဖြင့်တော့
သိုင်းသူတော်စင်တွေဘဲ
အသုံးပြုဖို့သင့်တော်တယ်။

သိုင်းသူတော်စင် အောက်

ကျင့်ကြံသူတွေကတော့ သုံးနိုင်ဖို့

အတော်လေးခဲယဉ်းမယ်။

ဓားနက်အတောင်ပံတွေ၊ ဓားချပ်ဝတ်ပဲ

ဖြစ်ဖြစ် အဲဒီဓား ၂ ချောင်းပဲဖြစ်ဖြစ်

အဲဒါတွေကို အသုံးချဖို့အတွက်ဆို

ဆန်းကြယ်ချီစွမ်းအင်က အားလုံးနီးပါး

ကုန်သွားမှာဘဲ။ ဒါဆို မင်းက

ဆန်းကြယ်ချီစွမ်းအင်ကို အလွန်အကျွံ

သုံးမိရင်တော့ နည်းနည်းလေးမှားသွားတာနဲ့

ကိုယ့်သေတွင်း ကိုယ်ပြန်တူးတာဘဲ
ဖြစ်သွားလိမ့်မယ်။

အထူးသဖြင့်တော့
ဓားနက်အတောင်ပံတွေဘဲ။ အဲဒါက
နတ်ဘုရားအလယ်အလတ်အဆင့်မှာရှိလို့
ဆန်းကြယ်ချီစွမ်းအင်က
သာမန်နတ်ဘုရားအဆင့်ရတနာတွေကို
သုံးရတာ
ထက်အများကြီးပိုကုန်တယ်။ ဒါကြောင့်
တခြားရွေးချယ်စရာမရှိရင် မသုံးမိအောင်

ကြိုးစားပါ။ ကလေး၊
ပွင့်ပွင့်လင်းလင်းပြောရရင်
မင်းမှာထွက်ပြေးဖို့
အမှောင်ခြားနက်အတောင်ပံတွေရှိတယ်။
နားလည်လား"

ဟူး။

ယန်ယွဲ့သည် ခေါင်းတစ်ချက်ခါပြီး
အနည်းငယ် မူးဝေနေသည်ကို ဖျောက်ပါ
သူ့မျက်လုံးထဲ၌ လေးနက်မှု

အရိပ်အယောင်များ ပေါ်လာပြီး

အမြန်ခေါင်းညိတ်ပြလိုက်သည်။

အမှောင်ဓားနက်အတောင်ပံများသည်

အလွန်ကြောက်စရာကောင်းသောကြောင့်

သူ ထင်ထားသည် ထက်ပင်

ကျော်လွန်သွားခဲ့၏။

အမှန်ပင်

အမှောင်ဓားနက်အတောင်ပံများကို

အပြည့်အဝ အသက်သွင်းပါက

သိုင်းသူတော်စင်များပင်လျှင် သူ့အား

အမီလိုက်နိုင်မည်မဟုတ်ဟု

ဆိုနိုင်ပါသည်။သို့သော်၊ ၎င်း၏
ဆန်းကြယ်ချီစွမ်းအင် စုပ်ယူနှုန်းအားက
အလွန်ပင် ကြောက်စရာကောင်းလှသည်။

ထို့အပြင် အရှိန်ကလည်း အလွန်တရာကို
မြန်ဆန်ပေသည်။ အကြောင်းမှာ
သူ၏ရုပ်ခန္ဓာ ပင်လျှင် ၎င်း၏ အရှိန်ကို
ခံနိုင်စွမ်းမရှိတော့သောကြောင့်ပင်။ လက်ရှိ
သူ့ရုပ်ခန္ဓာက အဆင့်တစ်ခုသို့ ရောက်နေပြီး
သိုင်းသူတော်စင်တစ်ယောက်၏
တိုက်ခိုက်မှုကိုပင် ခုခံထားနိုင်သည်။

သို့သော်လည်း
နတ်ဘုရားအလယ်အလတ်အဆင့်
ရတနာတစ်ခု၏ အရှိန်ကို
ထိန်းချုပ်မထားနိုင်ခဲ့ပေ။

နောက်ဆုံးတွင် သူသည်
အမှောင်ဓားနက်အတောင်ပံများက
မည်မျှထိ ကြောက်စရာကောင်းသည်ကို
အမှန်ပင် လျှော့တွက်မိခဲ့၏။

ထို့အပြင် နတ်ဘုရားအလယ်အလတ်အဆင့်
နှင့်

အဆင့်နိမ့်နတ်ဘုရားအဆင့်ရတနာများ
ကြား ကွာဟချက်ကလည်း
အလွန်ကြီးမားခဲ့သည်။

အကြီးအကဲဟူ က “တကယ်တော့၊ အဲဒါကို
မဖွင့်ထားရင်တောင် မင်းရဲ့အရှိန်ကို
သိသိသာသာ မြှင့်တင်ပေးဦးမှာပါ။
မင်းနားလည်ထားတဲ့
အမြန်နှုန်းဥပဒေသစွမ်းအင်ကိုပါ
တပြိုင်တည်းထုတ်သုံးမယ်ဆိုရင်တော့

မင်းရဲ့အရှိန်က သိုင်းသူတော်စင် ထက်
နိမ့်ကျမှာ မဟုတ်ဘူး”

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။ အကြီးအကဲဟူ
ပြောခဲ့သည့်အတိုင်းပင်
အမှောင်ဓားနက်အတောင်ပံများသည်
သူ့အမြန်နှုန်းကို မြှင့်တင်နိုင်စွမ်းရှိ၏။သူ၏
လက်ရှိအမြန်နှုန်းသည် သိုင်းသူတော်စင်
ထက်မနိမ့်ကျပေ။ အကယ်၍ သူသည်
အမှောင်ဓားနက်အတောင်ပံများကိုပါ

အသက်သွင်းလိုက်လျှင် သိုင်းသူတော်စင် ထက်ကျော်သွားမည်မှာ သံသယပင်မလိုချေ။

"မှန်ပါတယ်၊ သူ့မှာ တခြားစွမ်းရည် ၂ ခုရှိသေးတယ်" အကြီးအကဲဟူ က ဆက်ပြောသည် "သူတို့ထဲက တစ်ခုက သူ့ရဲ့မူလအရွယ်အစားကို အနည်းဆုံး အဆတစ်ထောင်လောက် ချဲ့ထွင်နိုင်စွမ်းရှိတယ်။ နေရောင်ခြည်ကို ဖုံးကွယ်ထားနိုင်တယ်လို့ ပြောတာက

ငါနောက်ပြောင်နေတာမဟုတ်ဘူးနော်။
တစ်ချိန်ချိန်မှာ
မင်းကိုယ်တိုင်စမ်းကြည့်လိုက်ပေါ့။
အခုတော့ မင်းက တခြားစွမ်းရည်တစ်ခုကို
စမ်းသပ်ကြည့်လို့ရတယ်။ အဲဒါက
တခြားပုံစံတစ်ခုကိုပြောင်းလဲနိုင်တာဘဲ။
အခု စမ်းကြည့်လိုက်"

ဒီရှင်းပြချက်ကြောင့် ယန်ယဲ့သည်
အနည်းငယ် ထိတ်လန့်သွားပြီး
သူ့မျက်လုံးကိုမှိတ်လိုက်သည်။

ထိုအခါ သူ့နောက်ကျောရှိ

အမှောင်ဓားနက်အတောင်ပံများသည်

ဖြည်းညှင်းစွာ တွန့်လိမ်လာကာ

အတောင်ပံများသည်

အနက်ရောင်ထုလုံးချွန်ကြီးတစ်ခုသဖွယ်

ပြောင်းလဲလာခဲ့၏။

ယန်ယဲ့လည်း

အမှောင်ဓားနက်တောင်ပံများကို

ထုလုံးချွန်ကြီးတစ်ခုအဖြစ်

ပြောင်းလဲနိုင်မည်ဟု

တစ်ခါမှမမျှော်လင့်ထားသဖြင့်
အံ့အားသင့်သွားခဲ့သည်။ ထို့နောက် သူက
အကြီးအကဲဟူ ကိုကြည့်ကာ "ဒီပုံစံအပြင်
တခြားစွမ်းရည်တွေရှိသေးလား" ဟု
ချက်ချင်းမေးလိုက်သည်။

၁၂၄၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၀ -

အင်ပါယာတစ်ပိုင်းအဆင့်လက်နက်

"ကောင်းကင်ဘုံအုတ်ဂူ

(ကောင်းကင်သင်္ချိုင်း)"

"သုံးလကြာလောက် တိုက်ပွဲတစ်ခုမှာ

ရင်ဆိုင်ရရင်

မင်းမျှော်လင့်မထားတဲ့အရာတွေ

တွေ့လိမ့်မယ်" အကြီးအကဲဟူ က ပြုံးပြီး

“ဒီစွမ်းရည်ကို နောက်မှ

ဘယ်လိုအသုံးချရမလဲဆိုတာ

ဖြည်းဖြည်းချင်း ရှာနိုင်ပါတယ်။ ကလေး၊ ငါတို့ဓားကျောင်းတော်က မင်းကို ရတနာတွေအားလုံးနီးပါး ချေးငှားလိုက်ပြီဆိုတာ မင်းသိလား။ ဒီလိုအခြေအနေမျိုးမှာတောင် မင်းသေနေသေးရင် မင်းနဲ့ထိုက်တန်တယ်လို့ ငါပြောလိုက်မယ်"

"နောက်ထပ် ရတနာတစ်ခုရှိသေးတယ်မဟုတ်လား" ယန်ယွဲ့သည် ခန်းမထဲမှ နောက်ဆုံး

အလင်းတိုင်ကို ရုတ်တရက်
ညွှန်ပြလိုက်သည်။

“မဟုတ်ဘူး”

“မဟုတ်ဘူး”

အကြီးအကဲဟူ နှင့် တာအိုသခင်ဂူ တို့
နှစ်ဦးစလုံး မျက်နှာပျက်သွားကာ
ပြိုင်တူခေါင်းခါပြီးငြင်းပယ်လိုက်ကြသည်။

ဒီစကားကိုကြားသောအခါ ယန်ယဲ့လည်း ထိတ်လန့်သွားမိသည်။ နှစ်ယောက်စလုံးက အပြင်းအထန်ကန့်ကွက်နေသောကြောင့် သူ့စိတ်ထဲ၌ အတော်လေး အံ့အားသင့်သွားသည်။

"ဒါက နတ်ဘုရားအဆင့်ထက် ကျော်တဲ့ ဒဏ္ဍာရီလာရတနာလက်နက်တစ်ခုများ ဖြစ်နေမလား" ဒီအချက်ကို တွေးမိလိုက်ရာ ယန်ယဲ့၏ မျက်လုံးများသည် လင်းလက်သွားကာ

အချိန်တော်တော်ကြာပြီးမှ
ပုံမှန်ပြန်ဖြစ်သွားခဲ့၏။ ထို့နောက် သူက
သနားစရာကောင်းသည့် အမူအရာနဲ့ “အင်း၊
ငါနဲ့အဆင့်မတူတဲ့ သိုင်းသူတော်စင်တွေကို
ရင်ဆိုင်ရတော့မယ်။ ဒါက အတော်လေး
အန္တရာယ်များမှာဘဲ။
တကယ်ကိုဆိုးလိုက်တာ"

"ကလေး၊ မင်း ဘာပဲပြောပြော
အလုပ်မဖြစ်ဘူး" အကြီးအကဲဟူ က
ယန်ယွဲ့ကို စကားဖြတ်ပြောလေသည် "ဒါကို

မင်းလက်ထဲ ထည့်ပေးလိုက်ရင် ငါတို့

မင်းကို ကူညီတာမဟုတ်ဘဲ

ဒုက္ခပေးသလိုဖြစ်လိမ့်မယ်"

တာအိုသခင်ဂူ က သူ့အမြင်ကို

ပြောသည့်အလား

ပြတ်သားသောလေသံဖြင့် “ကလေး၊ မင်း

အဲဒါကို လုံးဝ

ယူခွင့်မပြုနိုင်ဘူး။ မေ့လိုက်တော့"

ယန်ယဲ့သည် လူအိုကြီးနှစ်ယောက်ကို တစ်ချက်ကြည့်ရင်း သူတို့၏မျက်နှာပေါ်မှ လေးနက်နေသောအမူအရာများကို သတိပြုမိလိုက်ရာ အတော်လေးတုန်လှုပ်သွားမိသည်။

အကြီးအကဲဟူ က ယန်ယဲ့ကို ကြည့်ကာ “ဒါက နတ်ဘုရားအဆင့် ထက်ကျော်သွားပြီ ” ဟု လေးနက်စွာပြောခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားကာ “နတ်ဘုရားအဆင့် ထက်ကျော်တဲ့အရာလား၊ ဒါဆို ဘယ်အဆင့်လဲ"

“အဲဒါက အင်ပါယာတစ်ပိုင်းအဆင့်မှာ ရှိတယ်” တာအိုသခင်ဂူ က ဆက်ပြောလေသည်။ "နတ်ဘုရားအဆင့်ရဲ့ အထက်ဆင့်က အင်ပါယာအဆင့်လေ။ ဒါက ထင်းရှူးစီရင်စုရဲ့တစ်ခုတည်းသော အင်ပါယာတစ်ပိုင်းအဆင့်

ရတနာလက်နက်ဖြစ်သလို
ငါတို့ရှေးဟောင်းဓားကျောင်းတော်ရဲ့
အန္တိမရတနာဘဲ"

"အင်ပါယာတစ်ပိုင်းအဆင့်" ယန်ယဲ့က
မျက်ခုံးကြောများ ထောင်ထလာပြီး
ပြောလိုက်လေသည် "ဒါ....ဒါက ဓားလား"

တာအိုသခင်ဂူ က ခေါင်းညိတ်လိုက်သည်။

"ဓားကိုဘာလို့ကြောက်ရမှာလဲ" ယန်ယဲ့က ဆက်ပြောလိုက်သည် "ဒီတပည့်မှာ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ ရှိတယ်၊ ဒါကြောင့် ငါ့ကို ငြင်းပယ်မှာ မဟုတ်ဘူး။ ဒါ့ထက် သူက ငါ့ကို ငြင်းပယ်ရင်တောင် ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ နဲ့ဖိနှိပ်နိုင်တယ်ဆိုတော့ ဘာလို့ ကြောက်ရမှာလဲ”

အကြီးအကဲဟူ က ခေါင်းခါလိုက်ပြီး “ဒီဓားက မတူဘူး။ မင်းက

သူတော်စင်တစ်ပိုင်းအဆင့်

ဆိုတာထည့်မပြောနဲ့ဦး၊

ဟင်းလင်းပြင်အဆင့်

ဓားစိတ်ဆန္ဒကိုပိုင်ဆိုင်ထားတဲ့

သိုင်းသူတော်စင်တစ်ယောက်

ဖြစ်နေရင်တောင်မှ မင်းကို

ယူခွင့်မပြုနိုင်ဘူး။ ငါတို့က

တွန့်တိုနေတာမဟုတ်ဘူး၊ ဒါပေမဲ့

မင်းကိုယူခွင့်ပေးလိုက်တာနဲ့ ငါတို့က

မင်းကိုဒုက္ခပေးရာကျလိမ့်မယ်။ ငါမင်းကို

လှည့်စားနေတယ်လို့

မင်းထင်ကောင်းထင်နေတော့ မင်းရဲ့ဆရာကို
မေးလို့ရတယ်"

တာအိုသခင် ဂူ ကလည်း ယန်ယွဲ့ကို
ကြည့်ပြီး ခေါင်းခါပြလိုက်သည်။ "အစ်ကိုဟူ
ပြောတာ မှန်ပါတယ်။ ကလေး၊ ဒီဓားက
အရမ်းကြောက်စရာကောင်းတယ်။ တည်
ထောင်သူဘိုးဘေး ကလွဲရင်
ငါတို့ဓားကျောင်းတော်ရဲ့သမိုင်းမှာ
ဘယ်သူမှ အဲဒါကို
မထိန်းချုပ်နိုင်ခဲ့ဘူး။ တည်ထောင်သူဘိုး

ဘေး လွန်ခဲ့တဲ့နှစ်တွေတုန်းက မထွက်ခွာခင် ဒါကိုယူသွားဖို့လုပ်ခဲ့သေးတယ်။ ဒါပေမဲ့ ဒီစားရှိနေတာက ငါတို့စားကျောင်းတော်ကို ဖျက်ဆီးဖို့ကြံနေတဲ့သူတွေကို တားဆီးနိုင်တယ်လို့ သူမ ယူဆခဲ့တယ်။ နောက်တော့ တည်ထောင်သူဘိုးဘေးက ဆက်ခံသူအစစ်အမှန်ကို ထွက်ပေါ်လာပါစေလို့ဘဲ ပြောပြီး ချန်ထားခဲ့တာဘဲ”

ဒီစကားကိုကြားသောအခါ ယန်ယဲ့လည်း

သိသိသာသာ တုန်လှုပ်သွားသည်။

တာအိုသခင်ဂူ ပြောသည့်စကားအရ

တည်ထောင်သူဘိုးဘေး ကလွဲ၍

အခြားမည်သူမျှ

မထိန်းချုပ်နိုင်ဟုဆိုခဲ့သည်။ ထိုအရာက

မည်သည်ကို ဆိုလိုသနည်း။

သိုင်းသူတော်စင် များပင်

ဘာမှမတတ်နိုင်ဟုဆိုလိုသည်မဟုတ်ပါလား

။

"ဒါဆို ဒီဓားက
ကောင်းကင်ဘုံကိုဘယ်လောက်တောင်
ဆန့်ကျင်နေလို့လဲ"

ယန်ယဲ့က "ကောင်းပြီ၊
ငါလက်လျှော့လိုက်မယ်။ ဒါပေမဲ့
သူ့ရဲ့ဇာစ်မြစ် နဲ့ နာမည်ကို သိချင်ပါတယ်”

တာအိုသခင်ဂူ နှင့် အကြီးအကဲဟူ တို့လည်း
အကြည့်ချင်းဖလှယ်ပြီး
ချက်ခြင်းသက်ပြင်းချလိုက်ကြသည်။

ယန်ယဲ့က ရယူဖို့ မတောင်းဆိုသရွေ့
သူတို့လည်း
အတင်းအကြပ်တားဆီးနေမည်မဟုတ်ပေ။

အကြီးအကဲဟူ က တစ်ချက်
ပြုံးလိုက်သည်။ သူ့မျက်လုံးများထဲ၌
ရှုပ်ထွေးသော စိတ်ခံစားမှုများ
ပေါ်ထွက်နေချိန်တွင် နောက်ဆုံး
အလင်းတိုင်ကို
စိုက်ကြည့်နေသည်။ ထို့အပြင်
သူ့မျက်လုံးများက ကြောက်ရွံ့မှု

အရိပ်အယောင်အချို့ပင်

ရှိသေးသည်။ သူက "သူ့ရဲ့ဇာစ်မြစ်ကိုတော့

ငါလည်းမသိဘူး။ ငါသိတာတစ်ခုက အဲဒါကို

ကောင်းကင်အုတ်ဂူ

(ကောင်းကင်ဘုံသင်္ချိုင်း)

လို့ခေါ်တာဘဲ။ အဲဒီဓားက

သတ်ဖြတ်တာကိုနှစ်သက်တယ်၊

သွေးဆာနေတဲ့

လူသတ်ဓားတစ်လက်ဘဲ။ တည်ထောင်သူ

ဘိုးဘေးဟာ တစ်ချိန်တုန်းက

ငါတို့ဓားကျောင်းတော်မှာ

ရက်စက်ကြမ်းကြုတ်တဲ့အကျင့်စရိုက်တွေ ပိုင်ဆိုင်ထားတဲ့သူ ဘယ်သူမဆို အဲဒီဓားကို လုံး၀ ဆက်ခံခွင့်မပြုနိုင်ဘူးလို့ တားမြစ်ခဲ့တယ်။ မဟုတ်ရင် ကြီးမားတဲ့ ကပ်ဘေးတစ်ခုဖြစ်လာမှာ သေချာတယ်လို့လည်း ပြောခဲ့တယ်"

အကြီးအကဲဟူ က ဒီအထက်ပြောပြီးနောက် ယန်ယဲ့ကို စိုက်ကြည့်ကာ "ကလေး၊ မျက်မှောင်ကြုတ်နေတာကို ရပ်လိုက်ပါ။ တည်ထောင်သူဘိုးဘေးက

မင်းလိုလူတွေအကြောင်း

ပြောနေတာ။ ကလေး၊ မင်းက အမြဲတမ်း

အစွန်းရောက်လို့

စိတ်ဆန္ဒအတိုင်းလုပ်ဆောင်တတ်တယ်။

တကယ်လို့ ဒီခါးက မင်းလက်ထဲ

ရောက်သွားရင်

ငါတို့ခါးကျောင်းတော်တောင်

မင်းလက်ချက်နဲ့

ဖျက်ဆီးခံရလိမ့်မယ်။ ဒါကြောင့် မင်းကို

လုံးဝ ယူခွင့်မပြုနိုင်ဘူး။ အဲဒါကို

မေ့လိုက်ပါ။ ကောင်းပြီ၊ အခု မင်းက

ဓားနာမည်ကိုသိပြီဆိုတော့
ငါတို့ထွက်သွားရမဲ့အချိန်ရောက်ပြီ"

ယန်ယဲ့၏ မျက်နှာသည် မည်းမှောင်သွားပြီး
ထိုလူအိုကြီးကို လက်တွေ့အနိုင်ယူဖို့
စိတ်အားထက်သန်သွားသည်။

ယန်ယဲ့သည် အကြီးအကဲဟူ နောက်ကနေ
အဝင်ဝသို့ လိုက်ပါသွားသော်လည်း
ရုတ်တရက် ရပ်လိုက်ပြီး အလင်းတိုင်လုံးကို
စိုက်ကြည့်ကာ "ကောင်းကင်ဘုံအုတ်ဂူ၊

ငါနဲ့လိုက်ခဲ့ပါလား”
ဟုတစ်ခွန်းသာပြောလိုက်သည်။

ဂျိန်!

ယန်ယဲ့ ပြောနေသော စကားမဆုံးသေး၊
နောက်ဆုံးအလင်းတိုင်က ရုတ်တရက်
ပေါက်ကွဲသွား၏။ ထို့နောက် အနီရောင်
အလင်းတန်းတစ်ခု လင်းလက်လာပြီး
ယန်ယဲ့၏နဖူးအလယ်ဗဟိုသို့
တန်းတန်းမတ်မတ်ဝင်သွားခဲ့သည်။

ယန်ယဲ့၏ ခန္ဓာကိုယ်သည် ခဏတာ

တောင့်တင်းသွားကာ ထို့နောက်

သူ့ခန္ဓာကိုယ်ထဲကနေ

ပေါက်ကွဲသံတစ်ချက်နှင့်တူ

သွေးရောင်တိုင်လုံးကြီးက

ကောင်းကင်ယံအထက်သို့

ထိုးတက်သွားပါတော့သည်။

တစ်ချိန်တည်းမှာပင် ဓားတောင်ထိပ်ကို

ကာကွယ်ထားသော

မဟာဝက်ပါအစီအရင်က
အပေါက်ကြီးတစ်ခု
ပွင့်ထွက်ကွဲသွားခဲ့သည်။ ထိုခဏလေးအတွ
င်းမှာပဲ ကီလိုမီတာ (၅၀၀၀) ရှိ ရေယာဉ်က
သွေးရောင်များလွှမ်းခြုံထားပြီး နေ့ရက်များ
ရပ်တန့်သွားသလိုပင်။

ရှေးဟောင်းဓားကျောင်းတော်၏
အဆင့်မြင့်ပညာရှင်များလည်း
ဒီရုတ်တရက်မြင်ကွင်းကြောင့်
ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ထို့နောက်တွင် ကောင်းကင်ယံအထက်သို့
အလင်းတန်းများ ထိုးတက်လာပြီး ယန်ယဲ့
ရှိရာသို့ အပြေးရောက်လာကြသည်။

"ဘာတွေဖြစ်နေတာလဲ၊
ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်ရဲ့ သိုင်းသူ
တော်စင်တွေများ တိုက်ခိုက်နေတာလား"

"မဖြစ်နိုင်ဘူး! အဲဒီသွေးတိုင်က
ငါတို့ဓားကျောင်းတော်ကနေ
ထိုးထွက်လာတာ။ ကြည့်ရတာတော့

ငါတို့အထဲမှာ
သစ္စာဖောက်တစ်ယောက်ရှိနေတာထင်တ
ယ်"

“မိုက်မဲလိုက်တာ! ဘယ်လိုတောင်
ကြောက်စရာကောင်းတဲ့
သွေးချီစွမ်းအင်တွေပါလိမ့်။
စိတ်ဝိညာဉ်အသိကိုတောင်
ပျက်စီးစေနိုင်တယ်။ မြန်မြန်လေး...
မင်းရဲ့ဓားစိတ်ဆန္ဒကို ထုတ်ဖော်ပြီး
ဒီဖိအားကို ခုခံလိုက်"

"ဒါက ဘာတွေဖြစ်သွားတာလဲ"
အကြီးအကဲဟူ လည်း
သူ့ရှေ့က မြင်ကွင်းကို မြင်လိုက်ရသဖြင့်
အံ့သြသွားသည်။

ထိုအတောအတွင်း ကျန့်ဝူချန်း နှင့်
အခြားအာဏာပိုင် ၄ ယောက်စလုံး
အကြီးအကဲဟူ၏ ဘေးနားတွင်
ပေါ်လာကြသည်။

အကြီးအကဲဟူ က ခန်းမဖက်ကို တစ်ချက်ကြည့်လိုက်ရင်း ယန်ယဲ့ကို လက်ညှိုးထိုးပြပြီး "အဲဒါ... အဲဒီကလေးက 'ကောင်းကင်ဘုံအုတ်ဂူကို ငါနဲ့လိုက်ခဲ့' လို့ပြောလိုက်တာ။ ပြီးတာနဲ့ ကောင်းကင်ဘုံအုတ်ဂူက သူ့ဆီပျံသွားတယ်။ ဒါ... မဖြစ်သင့်ဘူး။ အဲဒါ ဘယ်လိုဖြစ်သွားတာလဲ။ ကောင်းကင်အုတ်ဂူက ဒီကလေးကိုဘာလို့ ရွေးမှာလဲ....၊ လုံး၀ အဓိပ္ပါယ်မရှိဘူး"

"ကောင်းကင်ဘုံအုတ်ဂူက ယန်ယဲ့ကို
သူ့ရဲ့သခင်အဖြစ် အသိအမှတ်ပြုခဲ့တယ်"
ကျန့်ဝူချန်း ပင်မျက်နှာပေါ်၌
အလွန်လေးနက်သော အမူအရာရှိနေသည်။

ကျန့်ဝူချန်း တင်မဟုတ်ဘဲ
အခြားအာဏာပိုင်များ၏
အမူအရာများသည်ပင်
အတော်လေးထူးဆန်းသလိုဖြစ်နေကြသည်
။ ရုတ်တရက်ဆိုသလို သူတို့က တစ်ခုခုကို
တွေးမိပြီး အားလုံး၏မျက်နှာဟာ

သိသိသာသာကို
ပြောင်းလဲသွားကြတော့သည်။

“အဲဒီကလေးရဲ့စရိုက်နဲ့
စိတ်နေသဘောထားက
ကောင်းကင်ဘုံအုတ်ဂူအတွက်
ပြီးပြည့်စုံတယ်။ ကံဆိုးလိုက်တာ၊
ကပ်ဘေးက ငါတို့အပေါ်ကျလာပြီ။
အကြီးအကဲဟူ၊ ငါတို့ မင်းကို အပြစ်တင်ဖို့
မကြိုးစားပါဘူး။ ဒါပေမဲ့ မင်းက
ဘယ်လိုဖြစ်လို့ သူ့ကို

ကောင်းကင်ဘုံအုတ်ဂူနဲ့

ထိတွေ့ခွင့်ပေးလိုက်တာလဲ။

ဒီအားကို ဆုံးရှုံးရတာက

ကြီးကြီးမားမားတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့

အဲဒီအားကြောင့် ငါတို့လျှောသွားရင်

ဘယ်လိုလုပ်မလဲ။ အဲဒီလိုဖြစ်လာရင်

ငါတို့ရဲ့အားကျောင်းတော်က အနာဂတ်မှာ

ကျိန်းသေပေါက် ကျဆင်းသွားလိမ့်မယ်

” အဘိုးအိုတစ်ယောက်က အကြီးအကဲဟူ

ကို စူးစိုက်ကြည့်ကာ ဝမ်းနည်းပူဆွေးစွာဖြင့်

စကားပြောခဲ့သည်။

အကြီးအကဲဟူ၏ မျက်နှာသည်
တုန်လှုပ်သွားလေသည်။ ထို့နောက် သူက
ခါးခါးသီးသီးပြောခဲ့သည်
“ငါကျိန်ဆိုပါတယ်၊ ဒီယန်ယဲ့က
ကောင်းကင်ဘုံအုတ်ဂူရဲ့
အသိအမှတ်ပြုတာကို ရနိုင်လိမ့်မယ်လို့
တကယ်မမျှော်လင့်ထားပါဘူး။ ကြိုသိထား
ရင် ငါ သူ့ကို ဒီနေရာ
လုံးဝမခေါ်လာဘူး" ဒီအခိုက်အတန့်တွင်
ယန်ယဲ့အား ရတနာခန်းမသို့

ခေါ်ဆောင်လာသော

သူ့ကိုယ်သူနှောင်တရနေခဲ့၏။

၁၂၄၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၁ -

သတ်ဖြတ်ခြင်းတာအိုနှလုံးသား

ထိုအခိုက် ဓားတောင်ထိပ်နှင့် ကီလိုမီတာ (၁၀,၀၀၀) အကွာမှ တောင်တန်းတစ်ခုဆီသို့ အနီရောင်အလင်းတန်းကြီး ဆင်းသက်လာသည်။

ဂျုန်း!

ရောမပေါက်ကွဲသံကြီးနှင့်အတူ ထိုတောင်တန်းနှင့် ကီလိုမီတာ (၅,၀၀၀)ကျော် ရေိယာအတွင်းရှိ

အရာအားလုံးက အမှုန့်အဖြစ်
ကွဲထွက်သွားပါတော့သည်။

ယန်ယဲ့ ကျဆင်းသွားသည့်နေရာ ကတော့
မြေပြင်တစ်ခုလုံးဟာ ၃
ကီလိုမီတာကျော်ထိ နစ်မြုပ်သွားကာ
နက်ရှိုင်းသော
တွင်းနက်ကြီးတစ်ခုပေါ်လာသည်။

ယန်ယဲ့သည် မြေပြင်ပေါ်၌ရှိနေသော်လည်း
ညာဖက်ဒူးတစ်ဖက်ကို ထောက်လျက်

ငြိမ်သက်နေခဲ့၏။ သူ့ညာဖက်လက်ထဲရှိ သွေးနီစားက
သူ့ခန္ဓာကိုယ်ထဲမှသွေးချီစွမ်းအင်များကို စုပ်ယူနေလေသည်။

ဒီအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေး နှင့် စနိုးတို့လည်း ယန်ယဲ့၏ ရှေ့၌ရှိနေကြသည်။ ခရမ်းရောင်မင့်ခ်ကလေးက ထိတ်လန့်တကြားမျက်နှာလေးဖြင့် ယန်ယဲ့ကို စိုက်ကြည့်နေသည်။ စနိုးလေးကတော့ ခရမ်းရောင်မင့်ခ်ကလေး၏

နောက်၌ ပုန်းအောင်းနေပြီး
တုန်တုန်ယီယီဖြင့် ယန်ယဲ့ကို ခိုးခိုးပြီး
စိုက်ကြည့်နေသည်။

ဒီအခိုက်မှာ ယန်ယဲ့က ခေါင်းကို
ရုတ်တရက်မော့လာပြီး သူ့လက်ထဲက
သွေးနီစားဖြင့် ခရမ်းရောင်မင့်ခ်ကလေးနှင့်
စနိုး တို့ဆီ ပစ်လွှတ်လိုက်သည်။

သွေးနီဓားက သူတို့ဆီ ပိုင်းချလာသည်ကို မြင်လိုက်ရာ ခရမ်းရောင်မင့်ခ်ကလေး၏ မျက်လုံးများသည် ပြူးကျယ်သွားခဲ့သည် ။

ယန်ယဲ့က သူမကို တိုက်ခိုက်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သူမ ချစ်သော ယန်ယဲ့က သူမကို ဘယ်လိုတိုက်ခိုက်ပါမည်နည်း။

စနိုး၏ မျက်လုံးများသည်လည်း ပြူးကျယ်သွားကာ အလွန်ကြောက်လန့်ပြီး နေရာမှာပင် မေ့လဲသွားခဲ့သည်။

သွေးနီစားက ခရမ်းရောင်မင့်ခ်ကလေး၏ ခေါင်းကို ပိုင်းချကာနီးမှာ ရုတ်တရက် ရပ်တန့်သွားခဲ့သည်။ ယန်ယဲ့၏ စားကိုင်လက်က တုန်ယင်နေပြီး သူ့မျက်နှာတစ်ခုလုံးဟာ လုံးဝကို ဆိုးရွားလှသည်။ သိသာစွာပင် သူက အသည်းအသန်ရုန်းကန်နေရခြင်းပင်။

ယန်ယဲ့၏ အခြေအနေကို
မြင်လိုက်သည့်အခါ
ခရမ်းရောင်မင့်ခ်ကလေး၏ မျက်လုံးအစုံက
မျက်ရည်များ စီးကျလာပါတော့သည်။
ဒီအချိန်မှာ သူမ၏ နှလုံးသားသည်
နာကျင်မှုများ
ပြည့်နှက်နေခဲ့သည်။ သူမကိုယ်တိုင်အတွက်
မဟုတ်ဘဲ ယန်ယဲ့ အတွက်သာ။ ယန်ယဲ့က
အကြီးအကျယ်

ဒုက္ခရောက်နေမှန်း သူမ
သိလိုက်သောကြောင့်ပါ။

"အား" ယန်ယဲ့သည် ရုတ်တရက်
ဒေါသတကြီးအော်လိုက်ရာ
တွင်းနက်ကြီးပတ်ပတ်လည်ရှိ
မြေသားနံရံများသည် အသံလှိုင်းကြောင့်
တစ်စစီ ကွဲအက်သွားတော့သည်။

ရှစ်...ရှစ်...

ပျက်သုဉ်းခြင်းကျောက်စိမ်းဓား နှင့်

အဝါရောင်စမ်းရေ တို့က ရုတ်တရက်

လေထဲသို့ ပျံတက်သွားသည်။

ဓားနှစ်လက်က

အလင်းတန်းတစ်ခုအသွင်ဖြင့်

တဖန်ပြန်ဆင်းလာပြီး ယန်ယွဲ့၏

ဘယ်ညာလက်နှစ်ဖက်လုံးကို မြေပြင်သို့

ထိုးစိုက်လိုက်သည်။

ထိုအရာက အဆုံးမဟုတ်ပေ၊

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ

နောက်ထပ် ဓား ၄ ချောင်း ထွက်လာပြီး သူ့ခြေထောက်နှစ်ဖက်ကို မြေပြင်နှင့် ကပ်ရိုက်လိုက်ကြသည်။ ထိုခဏလေးမှာပဲ ယန်ယွဲ့သည် ဓား ၆ ချောင်းနှင့် မြေပြင်မှာ ကပ်ရိုက်ထားခံလိုက်ရသည်။

ခရမ်းရောင်မင့်ခ်ကလေးက ဒီမြင်ကွင်းကြောင့် ထိတ်လန့်သွားပြီး ယန်ယွဲ့ ဆီသို့ ပြေးဝင်လာခဲ့သည်။ သို့သော်လည်း ယန်ယွဲ့က ရုတ်တရက်

အော်ဟစ်၍ တားလိုက်၏။ "ဇီအာ၊ မလုပ်နဲ့....။ ငါ့အနားကိုမလာခဲ့နဲ့"

ယန်ယဲ့သည် သူ့မျက်နှာပေါ်၌ နာကျင်မှုများသိသာနေသော်လည်း ကြိုးစားရုန်းကန်နေခဲ့သည်။

ထိုအချိန်တွင် သူ့ခန္ဓာကိုယ်ထဲကနေ သွေးနီရောင်အလင်းတန်းများ အဆက်မပြတ် ထွက်လာပြီးနောက် တွင်းနက်ကြီးတစ်ခုလုံး သွေးနီရောင်ရောင်ခြည်များ ဖုံးအုပ်သွားခဲ့တော့သည်။

ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့ထံသို့ ချဉ်းကပ်မလာဝံ့သဖြင့် မျက်ရည်များဖုံးလွှမ်းနေသော မျက်လုံးဘေးများဖြင့် အဝေးကနေသာ ကြည့်နေခဲ့သည်။

ယန်ယဲ့က ရုတ်တရက်ပြုံးလိုက်ပြီး "ဧအာ၊ စိတ်မပူပါနဲ့... ငါ... ငါအရှုံးမပေးဘူး။ ငါရှုံးမှာမဟုတ်ဘူး။ အဲဒါ..

. မင်းကိုသတ်ဖို့ ငါ့ကိုယ်ငါ
ထိန်းချုပ်ရမယ်။  ငါ...သတ်မယ်"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
ဒေါသတကြီး အော်ဟစ်၍ ဟင်းလ
င်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
ထုတ်လွှတ်လိုက်သည်။
တစ်ချိန်တည်းမှာပင် အနီရောင်
အလင်းတန်းတစ်ခုလည်း
လွှင့်စင်ထွက်လာပြီး စိတ်ဆန္ဒ ခုက

တစ်ခုကိုတစ်ခု ဖိနှိပ်ဖို့
ကြိုးစားပါတော့သည်။

ထိုအချိန်တွင် ယန်ယဲ့၏ စိတ်ထဲ၌
အသံတစ်သံပဲ့တင်ထပ်လာသည်။ "မင်း
ဘာလို့ ငါ့ကို
တားဆီးထားတာလဲ။ ငါ့ကိုလက်အောက်ခံ
ပါ၊ အဆုံးမဲ့ခွန်အားပေးမယ်။ ငါတို့
လက်တွဲလိုက်ရင် ဒီကမ္ဘာမှာ ဘယ်သူက
ငါတို့ကို
တားနိုင်တော့မှာလဲ။ သိုင်းသူတော်စင်လား

တွေလား၊ သူတို့က ငါတို့ရှေ့မှာဆို
ပုရွက်ဆိတ်တွေပဲ ဖြစ်လိမ့်မယ်။
သိုင်းသူတော်စင်ရဲ့
အထက်ဆင့်ကသူတွေကော.... ၊ အဟက်...
သူတို့က အရွယ်အစား နည်းနည်းပိုကြီးတဲ့
ပုရွက်ဆိတ်တွေပဲ
ဖြစ်လိမ့်မယ်။လာပါ! ငါ့ကိုအညံ့ခံလိုက်။ ငါ
တို့ ဒီနိမ့်ကျတဲ့ကမ္ဘာကို
အတူတူသတ်လိုက်ရအောင်”

"ငါ့ဖင်ကို သတ်စမ်း.." ယန်ယဲ့သည်
ဒေါသတကြီး အော်ငေါက်လိုက်သည် "
ခွေးကောင်! မင်းက ငါ့ရဲ့ဇီအာကို
သတ်ဖို့တောင် ကြိုးစားဝံ့တယ်ပေါ့။
မင်းစောင့်နေလိုက်။ ငါ မင်းကို
ဖျက်ဆီးပစ်မယ်"

ကောင်းကင်ဘုံအုတ်ဂူ ဝိညာဉ်၏
ရည်ရွယ်ချက်က သူ့အောက်ဆုံးစည်းကိုပင်
ကျော်သွားခဲ့ပြီဖြစ်သည်။

"မင်းငါ့ကိုအနိုင်ယူလို့မရဘူး"
ကောင်းကင်ဘုံအုတ်ဂူ၏ စိတ်ဝိညာဉ်က
ပြန်ပြောလိုက်သည်။ "
ဘာကြောင့်လဲဆိုတော့
မင်းရဲ့နှလုံးသားထဲမှာ
"သတ်ဖြတ်ခြင်းတာအိုနှလုံးသား"ရှိနေလို့ဘဲ
"

"သတ်ဖြတ်ခြင်းတာအိုနှလုံးသား..."
ယန်ယဲ့သည် စိတ်အာရုံအသိကို
ထုတ်လွှတ်၍ သူ့ခန္ဓာကိုယ်ထဲက

အခြေအနေကို စစ်ဆေးကြည့်လိုက်၏။ ယန်ယဲ့က ချက်ချင်း မျက်မှောင်ကြုတ်ပြီး သူ့နှလုံးသားကို မြင်လိုက်သည်နှင့် အကြီးအကျယ်မျက်နှာပျက်သွားပါတော့သည်။ အကြောင်းအရင်းမှာ သူ၏နှလုံးသားက ထူးဆန်းသော အနီတစ်ဝက်အနက်တစ်ဝပ်အရောင်ဖြစ်နေပြီး သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ ထွက်ပေါ်နေသောကြောင့်ပင်။

“အခုအချိန်မှာ သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို မလျှော့ကျင့်ရင် မင်းရဲ့တာအိုနှလုံးသားက ရပ်တန့်သွားလိမ့်မယ်။ ဒါဆို မင်းက သတ်ကိုသတ်ရမယ်" အသံက ဆက်၍ပြောခဲ့သည် "ဒါ့အပြင် မင်းပိုင်တဲ့ ဟင်းလင်းပြင်အဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒရဲ့စွမ်းအားက သတ်ဖြတ်ခြင်းတာအိုနှလုံးသားနဲ့ဆို နဂိုထက်နှစ်ဆ အားကောင်းလာမယ်။ မင်းရဲ့ ဟင်းလင်းပြင်အဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဒါမှမဟုတ်

သတ်ဖြတ်ခြင်းနှလုံးသား ပဲဖြစ်ဖြစ်
နှစ်ခုလုံးက မင်းကိုငါပေးထားတာတွေဘဲ။
ဒီတော့ မင်းမှာ ငါမရှိရင်
ပုရွက်ဆိတ်တစ်ကောင်ပဲဖြစ်လိမ့်မယ်"

"မင်း ဒီလောက် အစွမ်းထက်နေတာ
ဘာအတွက် ငါ့ဆီလာတာလဲ" ယန်ယဲ့သည်
အေးစက်စွာရယ်မောရင်း
"ငါထင်တာမမှားရင်
မင်းရဲ့စစ်မှန်တဲ့စွမ်းအားကို
ထုတ်ပြဖို့အတွက်

မင်းရဲ့ရုပ်သေးရုပ်ဖြစ်မယ့်သူတစ်ယောက်
လိုတယ်။ ဒါမှမဟုတ် မင်းက
အင်အားကြီးထွားဖို့ လိုတယ်။
အားကြီးလာဖို့ တစ်စုံတစ်ယောက်ကို
အားကိုးဖို့ လိုတယ်လို့
ပြောသင့်တယ်။ နောက်ဆုံးတော့ မင်းက
ဓားတစ်လက်ပဲဘော”

"မင်းက သေချင်နေတာဘဲ" ယန်ယဲ့၏
စိတ်ဝိညာဉ်ပင်လယ်ထဲမှ
ဒေါသတကြီးအော်ဟစ်သံတစ်ခု

ထွက်ပေါ်လာသည်။ ထို့နောက်
သူ့ခန္ဓာကိုယ်ထဲကနေ
သွေးနီရောင်အလင်းတန်း ဖြာထွက်လာပြီး
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
ဖိနှိပ်ချလိုက်သည်။
သွေးနီရောင်အလင်းတန်း၏
ဖိအားအောက်၌ ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒက ယန်ယွဲ့၏ခန္ဓာကိုယ်ထဲသို့
တဖြည်းဖြည်း
ပြန်ဝင်လာသည်။ တစ်ချိန်တည်းမှာပင်
အနည်းငယ်ရှင်းလင်းသွားသော ယန်ယွဲ့၏

မျက်လုံးများသည် တဖြည်းဖြည်း
နီရဲလာပြန်သည်။

"မင်းကို သတ်မယ်" ယန်ယဲ့သည်
အေးစက်စက်အသံနှင့် အော်ဟစ်လိုက်ပြီး
ဓားနယ်မြေကို ချက်ချင်း
အသက်သွင်းလိုက်၏။

ဓားနယ်မြေ ထွက်ပေါ်လာပြီးနောက်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ခဏတာ
ရပ်တန့်သွားခဲ့သည်။ သို့သော်လည်း
သိပ်မကြာလိုက်ပေ၊ ဟင်းလင်းပြင်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ရုတ်ချည်းပင်
အားကောင်းလာပြီး ဓားနယ်မြေကို
စတင်ချိုးဖျက်လာပါတော့သည်။

ယန်ယွဲ့၏ ခန္ဓာကိုယ်ထဲကနေ
မရေမတွက်နိုင်သော
အနီရောင်အလင်းတန်းများ အဆက်မပြတ်
ထွက်ပေါ်လာပြီး သွေးစွမ်းအင်လှိုင်းများက
ဓားနယ်မြေကို ကြမ်းတမ်းစွာ
ရိုက်ချခဲ့သည်။

ထို့နောက်တွင် ဓားနယ်မြေက ပြင်းထန်စွာ တုန်ခါလာပြီး ပြိုကွဲတော့မည့် အရိပ်အယောင်များပင် ပြသလာခဲ့သည်။

"ဓားနယ်မြေ လား။ ကံမကောင်းစွာပဲ၊ မင်းရဲ့ကျင့်ကြံမှုက နိမ့်ကျလွန်းတဲ့အတွက် မင်းဒါကို အပြည့်အဝမထိန်းချုပ်နိုင်ဘူး" အသံသည် ယန်ယွဲ့၏ စိတ်ထဲတွင် တစ်ဖန် ပဲ့တင်ထပ်လာကာ "ယန်ယွဲ့၊ တကယ်တော့ မင်းက သတ်ရတာ ကြိုက်တဲ့လူဘဲလေ။ ငါတို့နှစ်ယောက်လုံးဟာ

ကောင်းကင်ဘုံကနေ ဖန်ဆင်းပေးထားတဲ့ အဖော်တွေပါ။ မင်းငါ့ကို အညံ့ခံဖို့ပဲလိုတယ်၊ ဒီကမ္ဘာမှာ ဘယ်သူမှ ငါတို့ရဲ့ ပူးပေါင်းခွန်အားကို တွန်းလှန်နိုင်မှာမဟုတ်ဘူး။ ငါ့ကို တားမနေနဲ့။ တုံ့ဆိုင်းမနေပါနဲ့။ အညံ့ခံလိုက်ပါ၊ မင်းကို အဆုံးမရှိတဲ့ ခွန်အားတွေ ပေးမယ်”

"ဘယ်လောက်တောင် အစွမ်းထက်လိုက်သလဲ" ဓားနယ်မြေ

သည်ပင် သူ့ခန္ဓာကိုယ်ထဲမှ
တဟုန်ထိုးထွက်လာသော
ဟင်းလင်းပြင်အဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို
ဖိနှိပ်နိုင်ခြင်းမရှိကြောင်း မြင်လိုက်ရာ
ယန်ယွဲ့သည် အလွန် တုန်လှုပ်သွားသည်။

ဒီတစ်ကြိမ်မှာတော့ သူက သေချာပေါက်
အကြီးအကျယ်ဒုက္ခရောက်နေမှန်း
သိလိုက်၏။

အကြောင်းမှာ သူ့ကို မပြောဘဲ၊
သိုင်းသူတော်စင်တစ်ယောက်ပင်လျှင်
အင်ပါယာတစ်ပိုင်းအဆင့်လက်နက်ဖြစ်သ
ည့် ကောင်းကင်ဘုံအုတ်ဂူ၏စွမ်းအားကို
မထိန်းချုပ်နိုင်ပေ။ "သောက်ကျိုးနည်း၊
တည်ထောင်သူဘိုးဘေး
ထွက်သွားပြီးတဲ့နောက်မှာ
ဒီသောက်ကျိုးနည်းဓားကို ဘယ်သူမှ
မထိန်းချုပ်ဝံ့ဘူးဆိုတာ
အံ့သြစရာမရှိတော့ဘူးပဲ"

"ငါလည်း သတ်ဖြတ်ခြင်းတာအိုကို
မလျှောက်ချင်ဘူး၊
သတ်ဖြတ်ခြင်းနှလုံးသားရဲ့ကျွန်
မလုပ်ချင်ဘူး။ငါဘာလုပ်ရမလဲ"

ယန်ယွဲ့သည် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
နှင့်ကောင်းကင်ဘုံအုတ်ဂူ၏ စိတ်ဝိညာဉ်က
သူ့စိတ်အာရုံအသိကိုလွှမ်းမိုးလာကြောင်း
ခံစားမိလိုက်ရာ သူ့မျက်နှာက
တုန်လှုပ်သွားခဲ့ပါတော့သည်။

ဒီအချိန်မှာပဲ သူ့မျက်လုံးများက ရုတ်တရက် အရောင်တဖျပ်ဖျပ်တောက်လာသည်။ သူ့ခန္ဓာကိုယ်ထဲရှိ ထူးဆန်းသောအရာကိုမေ့လုနီးပါးဖြစ်နေသောကြောင့်ပင်။ "ဆန်းကြယ်ရွှေချိကန်…။ ဒီသောက်အုတ်ဂူက ဆန်းကြယ်ရွှေချိကန်ထက် အားကောင်းနိုင်မလား ကြည့်ရအောင်"

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၂ - ဗဟိုနတ်ဘုရားစီရင်စု၏ "လုကလန်"

သူ့အမြင်တွင် ၎င်းသည် အင်ပါယာတစ်ပိုင်းအဆင့် ဓားတစ်လက်ဟုမပြောဘဲ အင်ပါယာအဆင့်လက်နက်ဖြစ်နေလျှင်ပင် ဆန်းကြယ်ရွှေချီကန် ထက်

သာလွန်နေရန် မဖြစ်နိုင်ပေ။ အမှန်စင်စစ်
ဓားတစ်ချောင်းက ကောင်းကင်ဘုံတာအို
ပင် ကြောက်ရွံ့သည့် ဒဏ္ဍာရီလာအရာကို
မည်သို့ ယှဉ်နိုင်မည်နည်း။

ဒီအချက်ကို တွေးတောမိသည်နှင့်
ယန်ယဲ့သည် ခဏကြာ
လေးလေးနက်နက်စဉ်းစားနေဟန်ဖြင့် "ငါ
မင်းကို အညွှံ့ခံနိုင်ပေမယ့် မင်းငါ့ကို
တစ်ခုခုလုပ်ဖို့
ကူညီပေးရမယ်။ အောင်မြင်ခဲ့ရင်

ငါမင်းကိုအညှံ့ခံပြီး
မင်းရဲ့ခွန်အားကိုလက်ခံယူလိုက်မယ်။ မဟု
တ်ရင် ငါ့ကိုယ်ငါသတ်သေရရင်တောင်
ငြင်းမှာဘဲ"

အချိန်အနည်းငယ်ကြာသွားသည့်နောက်
ယန်ယဲ့၏ စိတ်ထဲ၌
ကောင်းကင်ဘုံအုတ်ဂူ၏ အသံသည်
နောက်ထပ်တစ်ကြိမ် ထပ်မြည်လာခဲ့သည်။

ယန်ယဲ့က “ငါ့အထဲမှာရှိတဲ့ ဒီရေဝဲလေးကို ကြည့်လိုက်။ အဲဒါက ငါ့ခန္ဓာကိုယ်ထဲမှာလာနေပြီး ဆန်းကြယ်ချီစွမ်းအင်တွေကို အချိန်တိုင်းစုပ်ယူနေတယ်။ ဒါကြောင့် ငါ့ကျင့်ကြံမှုက မြန်မြန်မတက်နိုင်တာ။ ငါက အားနည်းလွန်းတာကြောင့် ဒါပို ဖယ်ရှားလို့မရပါဘူး။ မင်းငါ့အတွက် ဖယ်ပေးနိုင်ရင် ဖျက်ဆီးပစ်နိုင်ရင် ငါတို့အင်အားတွေ ပေါင်းလို့ရပြီ”

"သေးငယ်တဲ့ ရေဝဲလေး
လား" ကောင်းကင်ဘုံအုတ်ဂူ၏ အသံသည်
အံ့ဩနေသော အရိပ်အယောင်များ
သယ်ဆောင်လာကာ "တကယ်လား။ ငါ
မင်းကို ဖယ်ရှားဖို့ ကူညီရင် မင်းတကယ်ပဲ
ငါ့ဆီကို လိုလိုလားလားနဲ့ အညံ့ခံမှာလား"
ဟု ပြောခဲ့သည်။

ယန်ယဲ့က ပြတ်သားသောလေသံဖြင့်
"ဟုတ်တယ်၊ ငါသေချာပေါက်အညံ့ခံမှာပါ"

ကောင်းကင်ဘုံအုတ်ဂူက ခဏကြာအောင်
တိတ်ဆိတ်သွားပြီးမှ "ကောင်းပြီ၊
ငါမင်းခန္ဓာကိုယ်ထဲက ဒီရေဝဲလေးကို
ဖယ်ရှားပေးမယ်"ဟု ပြောလေသည်။

ယန်ယွဲ့က ရုတ်တရက်မေးလိုက်သည်
"မင်းရဲ့ခန္ဓာကိုယ်က ဘယ်
မှာလဲ" သူ့လက်ထဲက ဓားဟာ
နတ်ဘုရားအအဆင့်မြင့် လက်နက်ထက်
အားနည်းနေသော်ငြား ၎င်း၏

အစစ်အမှန်ဓားကိုယ်ထည်မဟုတ်ကြောင်း

သူ့စိတ်ထဲ အလိုလိုခံစားမိခဲ့သည်။

"ငါ့မှာ စစ်မှန်တဲ့ခန္ဓာကိုယ်မရှိဘူး"

ကောင်းကင်ဘုံအုတ်ဂူ က ဆက်ပြောသည်

“သွေးရှိရင် ငါရှိနေတယ်။

သတ်ဖြတ်ခြင်းတာအိုနှလုံးသားက

ကျန်နေသေးလား ဒါမှမဟုတ်

မသန့်စင်သေးသရွေ့

ငါထာဝရတည်ရှိနေလိမ့်မယ်။ ဒါကြောင့်

ငါတို့ကို အခုတစ်ယောက်တည်းလို့ ယူဆလို့ရပြီ"

ဒီအသံကို ကြားလိုက်သည်နှင့် ယန်ယဲ့ဟာ ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။ "ဒီကောင်က အခုငါ့ကို ဝါးမျိုဖို့လုပ်နေတာပေါ့"

"ကောင်းပြီ၊ ဒီရေဝဲလေးကို အခုချက်ချင်းဖယ်ရှားဖို့ ကူညီပေးပါ့မယ်" စကားပြောပြီးသည်နှင့်

ယန်ယဲ့၏ နှလုံးသားမှ
အနီရောင်အလင်းတန်းများ ထွက်လာပြီး
ဆန်းကြယ်ရှေးချိကန် ဆီသို့
တိုးဝင်လာသည်။

သို့သော် ယန်ယဲ့ သည်
ဘာမှပြန်မပြောခဲ့ပေ။ သူ၏
စိတ်အာရုံအသိကို ထုတ်လွှတ်၍
ကောင်းကင်အုတ်ဂူ၏ အခြေအနေကိုသာ
စောင့်ကြည့်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည် အသက်ရှူသံများ တဖြည်းဖြည်း မြန်ဆန်လာခဲ့သည်။ အသက်ရှူချိန် ၂၀ ရှိုက်လောက် ကုန်ဆုံးသွား၏။ အသက်ရှူချိန် ၃၀ ရှိုက်စာ ထပ်မံကုန်ဆုံးသွားပြန်သည်။

အုန်း!

ဆန်းကြယ်ရွှေချီကန်သည် ရုတ်တရက် လှည့်ပတ်သွားပြီးနောက် အတွင်းပိုင်းဆီမှ

မမြင်နိုင်သော စွမ်းအားတစ်ခု ထွက်လာပြီး ယန်ယဲ့၏ နှလုံးသားကို ချက်ချင်း ထိမှန်သွားသည်။

“အား….၊ ဒါက ဘယ်လိုစွမ်းအားလဲ ” ယန်ယဲ့၏ စိတ်ဝိညာဉ်ပင်လယ်ထဲကနေ နာနာကျင်ကျင်အော်ဟစ်သံများ ပဲ့တင်ထပ်နေပြီး သူ့စိတ်အာရုံအသိကိုပင် မှုန်ဝါးဝါးအခြေအနေကနေ ရှန်းထွက်နိုင်လုနီးပါးဖြစ်လာခဲ့သည်။

"အား... အဲ့အရာကဘာလဲ... အဲဒါဘာကြီး
လဲ" ကောင်းကင်ဘုံအုတ်ဂူ၏
ထိတ်လန့်တုန်လှုပ်ဖွယ် အသံသည်
ယန်ယွဲ့၏ စိတ်ဝိညာဉ်ထဲ၌ အဆက်မပြတ်
ထွက်ပေါ်လာသည်။

၎င်းက ထိတ်လန့်နေသည့်အပြင်
ကြောက်စရာကောင်းသည့် အရာတစ်ခုအား
ကြုံတွေ့လိုက်သကဲ့သို့ပင်
တုန်လှုပ်နေခဲ့သည်။

မကြာခင်မှာပဲ ကောင်းကင်ဘုံအုတ်ဂူ၏
သနားစရာကောင်းသော
အော်ဟစ်သံများသည် တဖြည်းဖြည်း
အားနည်းလာပြီး အဆုံးတွင်
ခြင်တစ်ကောင်အော်သံကဲ့သို့
တိုးညှင်းသွားပါသည်။

ထိုအချိန်တွင် ယန်ယဲ့၏
စိတ်ဝိညာဉ်ပင်လယ်သည်
ကျောက်တုံးများဖြင့် ပြည့်နှက်နေသကဲ့သို့
အလွန်မူးဝေကာ လေးလံနေသည်။

သူက အမှန်တကယ်

အိပ်စက်ချင်နေသော်လည်း

ထိုသို့မလုပ်ဝံ့ပေ။

သူသာ အိပ်ပျော်သွားပါက

ကောင်းကင်ဘုံအုတ်ဂူက သူ့အား

ထပ်မံထိန်းချုပ်မည်ကို

စိုးရိမ်သောကြောင့်ပင်။ ထို့နောက် သူသည်

သတ်ဖြတ်ခြင်းတာအိုလမ်းစဉ်ကို

လျှောက်လှမ်းမိလျက်သားဖြစ်ပြီး ၎င်း၏

သတ်ဖြတ်ခြင်းရုပ်သေးရုပ်

ဖြစ်သွားပါလိမ့်မည်။

ယန်ယဲ့သည် သူ့စိတ်ဝိညာဉ်မှ
ထွက်လာသော နာကျင်မှုများကို
အတင်းဖိနှိပ်ထားရင်း ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒကို သူ့ခန္ဓာကိုယ်ထဲကနေ
အပြင်သို့ ထုတ်လွှတ်လိုက်သည်။

ဒီအခိုက်အတန့်တွင်
ကောင်းကင်ဘုံအုတ်ဂူက
အပြင်းအထန်ဒဏ်ရာရသွားခဲ့ပြီဖြစ်သည်။

ဒီအချိန်က သူ့ကိုယ်သူ ပြန်လည်ထိန်းချုပ်ဖို့ အကောင်းဆုံးအခွင့်အရေးပင်။

...

တိမ်ပင်လယ်မြို့တော်......။

ဒီအခိုက်အတန့် တိမ်ပင်လယ်မြို့၏ အပြင်ဖက်ကား ထူထပ်သော နတ်ဆိုးသားရဲပင်လယ်ကြီးဖြင့် ဖုံးလွှမ်းနေခဲ့သည်။

၎င်းက ကောင်းကင်ဝါးမျိုးစပါးအုံးကလန်၊
ရွှေနတ်ဆိုးဝံပုလွေကလန် နှင့်
သံမဏိမျောက်ဝံကလန် တို့၏ တပ်ဖွဲ့များ
ပေါင်းစည်းထားသော
နတ်ဆိုးသားရဲစစ်တပ်ကြီးဖြစ်သည်။ နတ်
ဆိုးသားရဲ မျိုးနွယ်စုကြီး (၃)စု၏
တပ်ဖွဲ့များသည် ပင်မတံခါးများ၊
မြောက်ပိုင်းမြို့တံခါးနှင့် တောင်ပိုင်းမြို့တံခါး
အပြင်ဖက်တွင် အသီးသီး
တပ်စွဲထားကြသည်။ ထို့အပြင်
နတ်ဆိုးသားရဲစစ်တပ်၏ မျက်လုံးများထဲ၌

အကြည့်များက မြို့တွင်းရှိ အရာအားလုံးကို
ဝါးမျိုဖို့ စောင့်ဆိုင်းနေပုံရသည်။

...

တိမ်ပင်လယ်မြို့၏
မြို့ရိုးများတစ်လျှောက်....။

ဌာနမှူးရှန်းယွန်ရှီ နှင့်
တိမ်ပင်လယ်အကယ်ဒမီ၏
အဆင့်မြင့်အာဏာပိုင်များအားလုံး
မြို့ရိုးပေါ်၌ ရပ်နေကြသည်။

ဘေးနားတွင်တော့ ယုဂ္ဂရွမ်၊ ရှန်ချင်းယင် နှင့် မေ့လျော့ခြင်းကေရီ တို့ ရပ်နေကြသည်။

"တိမ်ပင်လယ်အကယ်ဒမီက ပျက်စီးဖို့အချိန်တန်ပြီ" ကောင်းကင်ယံအထက်ကနေ ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ အသံ ပဲ့တင်ထပ်သည်။

အာဝူး...

မရေမတွက်နိုင်သော နတ်ဆိုးသားရဲများက ပြိုင်တူအူကြရင်း မြို့တံခါးများ ဆီသို့ ချီတက်လာကြတော့ သည်။ ဒီအချိန်မှာ သူတို့က တုံ့ဆိုင်းနေဖို့မလိုအပ်တော့ပေ။

"ယုဝူရှမ်ကို အရှင်ဖမ်းကြ။
တခြားသူတွေကိုတော့ သနားမနေဘဲ
တစ်ခါတည်းသတ်ပစ်လိုက်"
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
ခရမ်းရောင်ဝတ်ရုံအကြီးအကဲလီယွမ်က
မြို့ရိုးပေါ်တွင် ရပ်နေသော ယုဝူရှမ်ကို

စိုက်ကြည့်ကာ
အေးစက်စက်အမိန့်ပေးလိုက်သည်။

“ဒီလူ ၂ ယောက်ကို
ငါရင်ဆိုင်လိုက်မယ်။ ကျန်တာအားလုံးကို
ငါထားခဲ့မယ်။ ဒီနေ့
သေခြင်းရှင်ခြင်းတိုက်ခိုက်ကြတာပေါ့"ရှန်း
ယွန်က သူ့ဘေးနားမှ အာဏာပိုင်များကို
ပြောလိုက်၏။ စကားဆုံးသည်နှင့်
သူ့ပုံရိပ်က မြို့ရိုးအထက်ကနေ
လွင့်မျောလာပြီး အကြီးအကဲမို နှင့်

အကြီးအကဲလီယွမ် တို့ဆီ
ရောက်ရှိလာပါတော့သည်။

"ရှန်းယွန်ရှီ၊ မင်းက သေလမ်းရှာတာဘဲ"
ဌာနမှူးရှန်းယွန်ရှီက သူတို့နှင့်
နှစ်ယောက်တစ်ယောက်တိုက်ခိုက်ဖို့ပြင်နေ
သည်ကို မြင်လိုက်ရာ
ဒေါသထွက်သွားကြသည်။ ထို့နောက်
သုံးယောက်စလုံး
အာကာသဟင်းလင်းပြင်အထက်ရှိ

လေဟာနယ်ထဲသို့ ဝင်ရောက်ကာ
စတင်တိုက်ခိုက်ခဲ့ကြသည်။

"ဒီနေ့ မင်းရဲ့တိမ်ပင်လယ်အကယ်ဒမီကို
ဘယ်သူကယ်နိုင်မလဲ ကြည့်ရအောင်"
ရွှေနတ်ဆိုးဝံပုလွေဘုရင်က အေးစက်စွာ
ရယ်မောလိုက်ပြီး တိုက်ခိုက်ဖို့ပြင်လိုက်၏။

သို့သော် သူ့အမူအရာက ရုတ်တရက်
ပြောင်းလဲသွားပြီး မိုးကုပ်စက်ဝိုင်းထဲသို့
မျှော်ကြည့်မိသည်။

မိုးကုပ်စက်ဝိုင်းအစွန်တွင်
အနက်ရောင်အစက်အပြောက်တစ်ခုပေါ
လာပြီးအနည်းငယ်ရှည်၍
တဖြည်းဖြည်းကြီးမားလာခဲ့သည်။
သိပ်မကြာလိုက်ပေ၊
အနက်ရောင်အစက်အပြောက်က
တိမ်ပင်လယ်မြို့၏
အထက်ကောင်းကင်ယံ၌
အထင်အရှားပေါ်လာပါတော့သည်။

"နဂါးနက်ကြီး။ ဒဏ္ဍာရီလာ နဂါးကလန်..."

အနက်ရောင် နဂါးကြီးတစ်ကောင်ဟာ
တိမ်ပင်လယ်မြို့၏
အထက်ကောင်းကင်ယံ၌
ပေါ်လာခဲ့လေသည်။ ၎င်းက
သိုင်းသူတော်စင့်မှာပင် ရှိနေ၏။

ဂါး...ဂရား!

နဂါးနက်ကြီးက ရုတ်တရက် ဒေါသတကြီး
ဟိန်းလိုက်ရာ နဂါးကလန်၏ ဖိအားများ

ကောင်းကင်ယံအထက်ကနေ
ကျဆင်းလာခဲ့လေသည်။ ထိုခဏလေးမှာပဲ
တိုက်ခိုက်နေသော
နတ်ဆိုးသားရဲများအားလုံး မြေပြင်ပေါ်
လဲကျသွားခဲ့သည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့်
အခြားအဖွဲ့ဝင်များ၏ အမူအရာများသည်
သိသိသာသာ ပြောင်းလဲသွားကြသည်။
၎င်းတို့၏ မျက်လုံးများတွင် လေးနက်ပြီး

ကြောက်ရွံ့ထိတ်လန့်နေသော
အမူအရာများပင် ထုတ်ဖော်ခဲ့ကြသည်။

ထိုအချိန်တွင် နဂါးနက်ကြီးက ဖြည်းညှင်းစွာ
ဆင်းသက်လာကာ
မြို့အပြင်ဖက်လေထုထဲတွင်
ရပ်တန့်သွားသည်။

တစ်ချိန်တည်းမှာပင် နဂါး၏နောက်ကျော၌
လူတစ်ယောက်ရပ်နေသည်ကို
မြင်လိုက်ရသဖြင့် ဤနေရာရှိလူတိုင်း
အံ့သြသွားကြသည်။

“ဒါသူပဲ” ဟု တိုးတိုးလေးပြောပြီး မေ့လျော့ခြင်းကေရီက မျက်ခုံးများ အနည်းငယ်တွန့်ကွေးသွားခဲ့သည်။

ယုဝူရှမ်က မေ့လျော့ခြင်းကေရီ၏ အသံကို ကြားပြီး "နင် သူ့ကို သိနေတာလား၊ သူဘယ်သူလဲ..."

မေ့လျော့ခြင်းကေရီက ယုဝူရှမ်ကို တစ်ချက်ကြည့်လိုက်ပြီးနောက်

ပြန်ပြောလိုက်သည် "
ဗဟိုနတ်ဘုရားစီရင်စုရဲ့လုကလန်..."

"ဗဟိုနတ်ဘုရားစီရင်စုက လုကလန် လား"
ယုဝူရှမ်က
 မျက်မှောင်ကြုတ်လိုက်သည်။ လုကလန်
အကြောင်းကို ထပ်မေးချင်သော်လည်း
နဂါးနက်၏ကျောပေါ်မှလူက ရုတ်တရက်
"ယန်ယဲ့ ဒီမှာရှိလား၊ မင်းကိုယ်မင်းပြပြီး
ငါနဲ့လိုက်ခဲ့ပါ" ဟု
အေးစက်စက်ပြောလာခဲ့သည်။ သူ့အသံက

မည်သို့မျှ ငြင်းမရသော လေသံတစ်ခု
သယ်ဆောင်လာသည်။

ထိုလူသည်
ခမ်းနားထည်ဝါသောဝတ်ရုံရှည်နှင့်
ကျောက်စိမ်းခါးပတ်ကို
ဝတ်ဆင်ထားသည်။

သူ၏အကြည့်သည် ရေခဲကဲ့သို့
အေးစက်နေကာ ပိန်ပိန်ပါးပါးခန္ဓာကိုယ်နှင့်
မြင့်မားသောအရပ်အမောင်းတို့က ၎င်းကို

ကောင်းကင်ယံအထက်မှ
နေရောင်ခြည်ကဲ့သို့ထည်ဝါလှသည်။

"မြင့်မြတ်တဲ့အရှိန်အဝါ၊...
အရမ်းအန္တရာယ်များတယ်"

ထိုလူထံမှ လူတိုင်း
ရှင်းရှင်းလင်းလင်းခံစားလိုက်ကြရသည်။

နဂါးနက်ကြီး၏ကျောပေါ်၌ ရပ်နေရင်း
အောက်မြေပြင်မှ လူတိုင်းကို
ငုံ့ကြည့်နေသော သူ့အသွင်အပြင်က
လူသားများကို ငုံ့ကြည့်နေသော
နတ်ဘုရားတစ်ပါးလိုပင်။

ခမ်းနားထည်ဝါသောဝတ်ရုံရှည်ဝတ်လူနှင့်
နဂါးနက်ကြီးတို့ ရုတ်တရက်
ရောက်ရှိခြင်းကြောင့်
တိမ်ပင်လယ်မြို့တော်၏ အင်အားစုများနှင့်

နတ်ဆိုးသားရဲစစ်တပ်ကြီးလည်း တိခနဲ
ရပ်တန့်သွားခဲ့သည်။

မည်သည့်ဖက်ကပင်ဖြစ်စေ
ခမ်းနားထည်ဝါသောဝတ်ရုံဝတ်လူ နှင့်
နဂါးနက်ကြီးက သူတို့
ဆန့်ကျင်နိုင်သည့်အရာမဟုတ်ကြောင်း
ကောင်းကောင်းသိထားကြသည်။

###Book.73